mgyoe.com SAMPLE BOOK

# ငြိမ်းစုစီ ဥပဒေ လိုသလား

နှင့်

## ဥပဒေ အထွေထွေ လေ့လာမှု စာတမ်းများ

ဦးမောင်မောင်ညွန့်



mgyoe.com SAMPLE BOOK

မိမိ၏ ရေးသားချက်ကို ဖတ်ရှုမိသူတို့အနေဖြင့် ယင်းတို့၏ ဉာဏ်ပညာ၊ အတွေ့အကြုံ၊ ဗဟုသုတတို့ကို ပေါင်းစပ်ကာ လက်တွေ့ ပြန်လည်ကျင့်သုံး ဆောင်ရွက်ပေးကြမည် ဆိုပါက ဥပဒေနှင့် အလှမ်းဝေးပြီး မိသားစု စားဝတ်နေရေးကို အဓိကထား လှုပ်ရှားနေရသည့် ပြည်သူတို့အတွက် အုတ်တစ်ချပ်၊ သဲတစ်ပွင့် အဖြစ် ဆောင်ရွက်ခွင့် ရလိုက်သည်ဟု မှတ်ယူရပါကြောင်း အဖွင့်မိတ်ဆက်စကားကို တင်ပြလိုက်ပါသည်။

အမှာစာ မှ

ကျွဲနွားများကို ပြည်ပသို့ တရားမဝင် တင်ပို့ခြင်းအတွက် ဥပဒေပြဋ္ဌာန်းချက်များ၊ အမိန့်များ အထင်အရှား ရှိနေပါလျက် တောင်သူလယ်သမားများ၏ မိမိတို့ပိုင် ကျွဲနွားများကို မြို့နယ်အတွင်း၊ နိုင်ငံအတွင်း သယ်ဆောင်နေခြင်းအပေါ် အဘယ်ကြောင့် အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှု ဥပဒေဖြင့် တရားစွဲဆို ထောင်ချနေကြပါသနည်းဟူသော အမေးပေါ်လာခဲ့သော် ဖြေရန်ခက်မည်ဟု ထင်မြင်ပါသည်။

ကျွဲနွားသယ်ယူခြင်း မှ

ယစ်မျိုးသက်ဝင်ရာပစ္စည်းပင်ဖြစ်သော ဘီယာများ စည်တွင်ထည့်သွင်း၍ ကားကြီးများဖြင့် သယ်ယူနေခြင်း၊ ပြည်တွင်းထုတ်လုပ်သည့် ဝီစကီအရက်များကို ကားကြီးများဖြင့် မြန်မာနိုင်ငံအနှံ့ သယ်ဆောင်သွားနေခြင်း တို့ကို စစ်ဆေးပါသလား၊ သယ်ယူပို့ဆောင်ခွင့်လက်မှတ်များ တင်ပြစေခြင်း ပြုပါသလား၊ မတင်ပြနိုင်သဖြင့် အမှုမည်မျှ အရေးယူထားပါသနည်းဆိုပါက ဖြေရန် ခက်ခဲမည် ဖြစ်ပါသည်။

ထန်းရည် သုံးပုလင်းတဲ့လား မှ

မိမိတစ်ဦးတည်း အမြင်ဖြင့် ဆိုရမည် ဖြစ်ပါက ငြင်းဆင်ရန် မလိုပါ။ အဆိုပါ ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေသာ လိုပါသည်။ အဘယ်ကြောင့် ဤစကား ပြောရသည် ဆိုပါမူ တည်ဆဲ အခြားဥပဒေများတွင် ငြိမ်းချမ်းစွာ စုဝေးခြင်း၊ ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းတို့ဆိုင်ရာ ပြဋ္ဌာန်းသတ်မှတ်ချက်များ ပါရှိပြီး ဖြစ်ပါသည်။ ယင်းပြဋ္ဌာန်းချက်တို့အရ ငြိမ်းချမ်းစွာ စုဝေးခြင်း၊ စီတန်းလှည့်လည်ခြင်းတို့အတွက် အများ ပြည်သူကို အာမခံချက်များ ပေးထားသကဲ့သို့ ယင်းစုဝေးစီတန်း လှည့်လည်မှုများက တရားဥပဒေ စိုးမိုးရေးနှင့် ငြိမ်ဝပ်ပိပြားရေးကို ထိပါးလာသည့်အခါ အရေးယူရန် ပြဋ္ဌာန်းချက်များလည်း ပါရှိနေပြီး ဖြစ်ပါသည်။

ငြိမ်းစုစီ ဥပဒေ လိုသလား မှ

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

- လူငယ်တချို့၏ မေးမြန်းချက်အရ မြေယာဥပဒေ မဟုတ်သော အထူးနှင့်အထွေထွေ ဥပဒေအချို့အပေါ် မိမိနားလည် သဘောပေါက်မိသမျှကို ပြန်လည် ဖြေကြား ပေးသည်နှင့်အတူ အများသို့လည်း မျှဝေပေးခဲ့ပါသည်။ မိမိ၏ ရေးသားချက်များ သည် ဥပဒေပညာရှင်တစ်ဦး၏ ရေးသားချက် မဟုတ်ဘဲ ဥပဒေကို လေ့လာ သုတေ သနပြုသူအဆင့်မျှဖြင့် ရေးသားချက်များသာ ဖြစ်သည်ကို ရှေးဦးပဏာမ တင်ပြလို ပါသည်။

*အမှာစာ မှ*

- မိမိတစ်ဦးတည်းအနေဖြင့် ထင်မြင်သုံးသပ်ချက်သည်မှ ယခု အငြင်းပွားနေကြသည့် ပြင်ဆင်သည့် ဥပဒေကို မပြဋ္ဌာန်းသင့်သကဲ့သို့ တည်ဆဲ ငြိမ်းစုစီ ဥပဒေကိုပင် ဖျက်သိမ်းသင့်သည် ဟူသော အချက်ပင် ဖြစ်ပါသည်။ အုပ်ချုပ်ရေးမဏ္ဍိုင်ကို ထိန်း ညှိမည့် လွှတ်တော်အနေဖြင့် အုပ်ချုပ်ရေးမဏ္ဍိုင် ဖြစ်သော အစိုးရအဖွဲ့၏ ကွပ်ကဲမှု အောက်ရှိ နိုင်ငံဝန်ထမ်းများအနေဖြင့် တည်ဆဲဥပဒေများ ဖြစ်သည့် ရာဇသတ်ကြီး၊ ရာဇဝတ်ကျင့်ထုံး ဥပဒေ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ အက်ဥပဒေ၊ ရန်ကုန်ရဲ အက်ဥပဒေ တို့နှင့်အညီ အများပြည်သူ အေးချမ်းသာယာရေးအတွက် ဝန်ဆောင်မှုများကို တိကျ ပီပြင်စွာ ဆောင်ရွက်ခြင်း ရှိ မရှိ စောင့်ကြည့်ခြင်း၊ လိုအပ်ပါက သတိပေး တိုက်တွန်း ခြင်းတို့ကိုသာ ပြုသင့်ပါကြောင်း။

*ငြိမ်းစုစီ ဥပဒေ လိုသလား မှ*

mgyoe.com

mgyoe.com SAMPLE BOOK

❑ ထန်းရည် သုံးပုလင်း (နှစ်ပုလင်းထက် ကျော်လွန်သဖြင့်) လက်ဝယ်ထားမှု၊ သယ်ဆောင်မှုတို့ဖြင့် ကျေးလက်ဒေသနေ ပြည်သူတို့၏ ဒုက္ခကြုံရပါတော့သည်။ သို့ရာတွင် အရက်အဖြစ် သောက်စားရန် မဟုတ်ဘဲ ဓလေ့ထုံးတမ်းအရ ထန်းလျက်လုပ်ငန်း စသည်တို့တွင် သုံးစွဲရန် ထန်းပင်မှ ခံယူသော ထန်းရည်သည် ယစ်မျိုး အက်ဥပဒေအရ အရေးယူခြင်းမှ ကင်းလွတ်ခွင့်ပြုသည်ကို မျက်ကွယ်ပြုကြကြောင်း တွေ့ရပါသည်။

ထန်းရည် သုံးပုလင်းတဲ့လား မှ

❑ မြန်မာနိုင်ငံအနှံ့တွင် တောင်သူလယ်သမားများ မိမိတို့ကိုယ်ပိုင် ကျွဲနွားများကို ကျေးရွာအုပ်စုကျော်၊ မြို့နယ်ကျော် သယ်ယူနေခြင်းများအား ဖမ်းဆီး အရေးယူ ထောင်ဒဏ် ချမှတ်နေကြခြင်းသည် ဤဥပဒေရည်ရွယ်ချက်ကို စစ်မှန်စွာ အကောင်အထည်ဖော်နေကြခြင်း ဖြစ်ပါ၏လော ဟူ၍ ဆန်းစစ်ကြည့်ကြရန် လိုအပ်ပါသည်။ အချို့သော အောက်ခြေ တာဝန်ရှိသူတချို့ကို ကိုယ်တိုင် မေးမြန်းကြည့်ရာတွင် ‘ယခင်ကတည်းက သည်သို့ပင် ဖမ်းဆီး အရေးယူလာခဲ့သည်မို့ ယခုလည်း လုပ်ပါသည်’ ဟူသည့် အဖြေကို အတော်များများ ဖြေကြားကြပါသည်။

ကျွဲနွား သယ်ယူခြင်း မှ

❑ ပွဲမိန့်များ တင်ပြ ခွင့်ပြုချက် တောင်းခံရန် ဥပဒေ ပြဋ္ဌာန်းချက်သည် ပွဲကျင်းပမှုကို တားမြစ်ရန် ရည်ရွယ်သည် မဟုတ်ဘဲ ဒေသ အုပ်ချုပ်ရေး အရာရှိများအနေဖြင့် ပွဲကျင်းပမည်ကို ကြိုတင် သိရှိပြီး မလိုလားအပ်သော ရာဇဝတ်မှုခင်းများ မပေါ်ပေါက်လာစေရေးအတွက် ကြိုတင်ကာကွယ် စီမံထိန်းသိမ်းနိုင်ရေးအတွက်သာ ဖြစ်ကြောင်း၊ ပွဲမိန့်တောင်းခံခြင်းကို အကြောင်းထူး မရှိပါက ခွင့်ပြုချက် ထုတ်ပေးရမည်ဖြစ်ကြောင်း တွေ့ရှိရပါသည်။

ပွဲလမ်းသဘင် ကျင်းပရန် ခွင့်ပြုမိန့် မှ

❑ တည်ဆဲ ဥပဒေအရ ဆိုပါလျှင် မြေကို သိမ်းယူရမည် ဖြစ်ပေရာ ဒေသ၏ ကာလပေါက်ဈေး ပေးလျော်ခြင်း၊ အဆောက်အအုံ၊ ရာသီပင်၊ နှစ်ရှည်ပင်တို့အတွက် လျော်ကြေးပေးခြင်းတို့ကို လမ်းဦးစီးဌာနအနေနှင့် ပြုလုပ်ခြင်းသာ မရှိပါက မတရားမြေသိမ်းခြင်း ဟူသည့် ပြဿနာ နောက်တစ်ကျော့ ပေါ်လာဦးမည် ဖြစ်ပါသည်။ မြန်မာနိုင်ငံနှင့် အိန္ဒိယ၊ တရုတ်၊ ထိုင်း စသည့်နိုင်ငံများနှင့် ကွန်ရက်သဖွယ် ဖောက်လုပ်မည့် လမ်းမကြီးအတွက် ဥပဒေအရ ပေးလျော်ရမည့် ငွေကြေးပမာဏကို မှန်းဆကြည့်မည် ဆိုပါက ကြောက်ခမန်း ဖြစ်နေပါမည်။

အမြန်လမ်းမကြီး မှ

mgyoe.com

mgyoe.com

SAMPLE BOOK

WISDOM HOUSE
စာအုပ် ၁၃၆

# ငြိမ်းစုစိ ဥပဒေ လိုသလား

နှင့်

# ဥပဒေ အထွေထွေ လေ့လာမှု စာတမ်းများ

## ဦးမောင်မောင်ညွှန့်

WISDOM HOUSE
☎ ၀၉-၂၅၄၁-၄၈၅၆၈၊ ၀၁-၅၄၅၀၃၆၊ ၀၉-၄၃၀-၄၁၈၅၇။
Wisdom House Publishing Facebook Page ကို
@wisdomhousepublishing ဖြင့် ရှာဖွေကြည့်ရှုနိုင်ပါသည်။
https://www.facebook.com/wisdomhousepublishing/

mgyoe.com

mgyoe.com SAMPLE BOOK


| | |
|---|---|
| ပထမအကြိမ် | ဇူလိုင်လ၊ ၂၀၁၉ ခုနှစ်။ |
| အုပ်ရေ | ၅၀၀ |
| ထုတ်ဝေသူ | ဦးမောင်မောင် |
| | Wisdom House စာအုပ်တိုက် (မြ-၀၀၄၇၁) |
| | အခန်း (၂၀၄)၊ တိုက် (၈၇၅-၈၇၆)၊ |
| | လက်ဝဲမင်းဒင်လမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ |
| | တာမွေမြို့နယ်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | ဦးတင်အောင်ကျော် |
| | စွယ်တော်ပုံနှိပ်တိုက် (မြ-၀၀၄၁၁) |
| | အမှတ် (၁၄၇)၊ (၅၁) လမ်း (အထက်)၊ |
| | ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။ |
| မျက်နှာဖုံးဒီဇိုင်း | ကိုကြီးဌေး |
| အတွင်းအပြင်အဆင် | H. Lwin |
| တည်းဖြတ် | အေးကျော်မင်း |
| တန်ဖိုး | ကျပ် ၆၀၀၀ ကျပ်-၁၀၀၀၀ |

၃၄၀

မောင်မောင်ညွန့်၊ ဦး

ငြိမ်းစုစီ ဥပဒေ လိုသလားနှင့် ဥပဒေအထွေထွေ လေ့လာမှု စာတမ်းများ/ ဦးမောင်မောင်ညွန့်၊ - ရန်ကုန်။

Wisdom House စာအုပ်တိုက်၊ ၂၀၁၉။

၂၉၀ စာ၊ ၁၃ × ၂၀. ၅ စင်တီ။

(၁) ငြိမ်းစုစီ ဥပဒေ လိုသလားနှင့် ဥပဒေအထွေထွေ လေ့လာမှု စာတမ်းများ (ပထမအကြိမ်)


mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ


| | | |
|---|---|---|
| ဝ | အမှာစာ | က |
| ၁။ | 'လက်နက်' ဟူသည်မှာ | ၁ |
| ၂။ | ပွဲလမ်းသဘင် ကျင်းပရန် ခွင့်ပြုမိန့် | ၁၉ |
| ၃။ | ယစ်မျိုးအက်ဥပဒေအရ အရေးယူခြင်း | ၃၉ |
| ၄။ | နိုင်ငံခြားသား အမည်ပေါက်မြေကို အမွေဆက်ခံခွင့် | ၆၅ |
| ၅။ | ကွဲနွား သယ်ယူခြင်း | ၈၅ |
| ၆။ | 'ခရိုင်' ပျောက်နေသည် | ၁၀၉ |
| ၇။ | စုပေါင်းပိုင် အဆောက်အအုံဆိုင်ရာ ဥပဒေကို လေ့လာခြင်း | ၁၃၇ |
| ၈။ | ထန်းရည် သုံးပုလင်းတဲ့လား | ၁၅၇ |
| ၉။ | ထန်းပင်များ ခုတ်လှဲခြင်း | ၁၆၉ |
| ၁၀။ | ကျေးရွာလက်စွဲဥပဒေပါ သစ်တောကျေးရွာ | ၁၈၉ |
| ၁၁။ | မြေခွန်မပေြ | ၁၉၉ |
| ၁၂။ | အမြန်လမ်းမကြီး | ၂၃၃ |
| ၁၃။ | ငြိမ်းစုစီ ဥပဒေ လိုသလား | ၂၅၃ |


mgyoe.com

mgyoe.com SAMPLE BOOK

# အမှာစာ

မိမိအနေဖြင့် မြေယာဥပဒေများကို လေ့လာကာ စာတမ်းငယ်များအဖြစ် ရေးသားခဲ့ချက်များကို အများအတွက် စာအုပ်များအဖြစ် မျှဝေမှုကို အဓိက အဖြစ် လုပ်ဆောင်ခဲ့ပါသည်။ ထိုသို့ ရေးသားနေစဉ်အတွင်း လူငယ်တချို့၏ မေးမြန်းချက်အရ မြေယာဥပဒေ မဟုတ်သော အထူးနှင့် အထွေထွေ ဥပဒေ တချို့ အပေါ် မိမိနားလည် သဘောပေါက်မိသမျှကို ပြန်လည် ဖြေကြားပေးသည်နှင့် အတူ အများသို့လည်း မျှဝေပေးခဲ့ပါသည်။ မိမိ၏ ရေးသားချက်များသည် ဥပဒေ ပညာရှင်တစ်ဦး၏ ရေးသားချက် မဟုတ်ဘဲ ဥပဒေကို လေ့လာ သုတေသနပြုသူအဆင့်မျှဖြင့် ရေးသားချက်များသာ ဖြစ်သည်ကို ရှေးဦးပဏာမ တင်ပြလိုပါသည်။

ယခု ဤစာအုပ်တွင်လည်း Facebook ကို အသုံးပြုကာ အနယ်နယ် အရပ်ရပ်မှ မိတ်ဆွေတို့၏ မေးမြန်းလာချက်များကို မိမိ လက်လှမ်းမီသမျှ လေ့လာ၍ မိမိ သိရသမျှနှင့် ပို့ (Post) အဖြစ် ရေးတင်ခဲ့သည့် စာစုကလေးများကို ပြန်လည် စုစည်း တင်ပြလိုက်ခြင်း ဖြစ်ပါသည်။ ရေးသားချက်များကို လုံးဝဥဿုံ မှန်ကန်ပါသည် ဟူ၍မူ မဆိုနိုင်ပါ။ မိမိလက်လှမ်းမီ ဖတ်ရှုရရှိသည့်အချက်များကို အခြေခံ၍ တွေးထင်သမျှကို စာအဖြစ် ရေးသားလိုက်ရခြင်း ဖြစ်ပါသည်။ တစ်နည်းဆိုရသော် အတိုင်းမသိ ကျယ်ဝန်းနက်နဲလှသော မဟာသမုဒ္ဒရာကို ယုန်သူငယ်က ခြေထောက်ကာ အတိမ်အနက် စမ်းရာမှ သိလာသမျှ တင်ပြချက်များသာ ဖြစ်ပါသည်။

မိမိ၏ ရေးသားချက်ကို ဖတ်ရှုမိသူတို့အနေဖြင့် ယင်းတို့၏ ဉာဏ်ပညာ၊ အတွေ့အကြုံ၊ ဗဟုသုတတို့ကို ပေါင်းစပ်ကာ လက်တွေ့ ပြန်လည် ကျင့်သုံး



mgyoe.com

mgyoe.com SAMPLE BOOK

ဆောင်ရွက်ပေးကြမည် ဆိုပါက ဥပဒေနှင့် အလှမ်းဝေးပြီး မိသားစု စားဝတ်နေရေးကို အဓိကထား လှုပ်ရှားနေရသည့် ပြည်သူတို့အတွက် အုတ်တစ်ချပ်၊ သဲတစ်ပွင့်အဖြစ် ဆောင်ရွက်ခွင့် ရလိုက်သည်ဟု မှတ်ယူရပါကြောင်း အဖွင့် မိတ်ဆက်စကားကို တင်ပြလိုက်ပါသည်။

လေးစားခြင်းများဖြင့်-

ဦးမောင်မောင်ညွန့်



mgyoe.com

mgyoe.com

mgyoe.com

mgyoe.com SAMPLE BOOK

# 'လက်နက်' ဟူသည်မှာ

မည်သည့်ကိရိယာတန်ဆာ ဖြစ်သည် ဆိုခြင်းထက် ထိုအရာကို ဘေးအန္တရာယ် ပြုလုပ်ရန် သို့မဟုတ် ဘေးအန္တရာယ်ကို ကာကွယ်ရန် လက်နက်အဖြစ် အသုံးပြုခြင်း ရည်ရွယ်ချက်ကို အဓိက အခြေခံ သတ်မှတ်ရမည် ထင်မြင်မိပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK

# 'လက်နက်' ဟူသည်မှာ

## နိဒါန်း

လက်နက် ဟူသည် အဘယ်နည်းဟု မေးသည် ရှိသော် မိတ်ဆွေအတော်များများက ၁၈၇၈ ခုနှစ် လက်နက်အက်ဥပဒေပါ အဓိပ္ပာယ် ဖွင့်ဆိုချက် စကားရပ်ကို ရည်ညွှန်း ပြောဆိုကြပါသည်။ သို့အတွက် ယင်းစကားရပ်၏ ဖွင့်ဆိုချက် ပြည့်စုံလုံလောက်မှုတို့ကို စူးစမ်းလေ့လာကြည့်မိရာမှ ဤစာတမ်းလေးကို မဝံ့မရဲ ရေးလိုက်ခြင်း ဖြစ်ပါသည်။

## လက်နက်ဟု ဆိုရာတွင်

မြန်မာနိုင်ငံ လက်နက်အက်ဥပဒေသည် ၁၈၇၈ ခုနှစ် အက်ဥပဒေအမှတ် (၁၁) အဖြစ် အိန္ဒိယအက်ဥပဒေအနေနှင့် ပြဋ္ဌာန်းခဲ့ရာ မြန်မာနိုင်ငံသို့လည်း သက်ရောက် သည့် အက်ဥပဒေ ဖြစ်လာခဲ့ပါသည်။ ယင်းဥပဒေကို စတင် ပြဋ္ဌာန်းစဉ်ကာလက ပုဒ်မဖြင့် စကားရပ်များ ဖွင့်ဆိုပြရာတွင် အောက်ပါအတိုင်း ဖော်ပြပါရှိခဲ့ပါသည်-

> *'arms includes fire-arms, bayonets, swords, daggers, spears, spear-heads and bows and arrows, also cannon and parts of arms, and machinery for manufacturing arms.'*
>
> *'လက်နက်ဟု ဆိုရာတွင် သေနတ်၊ လှံစွပ်၊ ဓားလွယ်၊ ဓားမြှောင်၊ လှံ၊ လှံသွား၊ လေးမြား စသည်တို့ အစပြု၍ အမြောက်၊ လက်နက် အစိတ်အပိုင်းများနှင့်တကွ လက်နက် လုပ်ဆောင်ရန် စက်ကိရိယာပစ္စည်းများ ပါဝင်သည်။'*



mgyoe.com

mgyoe.com
SAMPLE BOOK

ထိုမျှသာ ဖွင့်ဆို ပါရှိခဲ့ပါသည်။ ထိုနောက်တွင်မှ The Government of Burma Act, 1935, The Government of Burma (Adaptation of Laws) Order, 1937, The Burma Laws (Adaptation) Act, 1940 တို့အရ မြန်မာနိုင်ငံ အက်ဥပဒေများ ဖြစ်လာပြီး ၁၉၄၃ ခုနှစ် အစောပိုင်းကာလတွင် အဓိပ္ပာယ် ဖွင့်ဆိုချက်ကို အောက်ပါ အတိုင်း ပြန်လည် ပြင်ဆင်ခဲ့သည်ကို တွေ့ရပါသည်-

*'arms includes-*

*(i) clasp-knives, the blade of which are pointed and exceed three inches in length;*

*(ii) knives, with pointed blades rigidly affixed, or capable of being rigidly affixed, to the handle, and measuring in all over 5 inches in length which are not intended exclusively for domestic, agricultural or industrial purposes; provided that it shall be persumed until the contrary is proved that knives of this description are not intended exclusively for such purposes;*

*(iii) knives of such other kinds as the Governor may by notification prescribe; and*

*(iv) fire-arms, bayonets, swords, daggers, spears, spear-heads and bows and arrows, also cannon and parts of arms and machinery for manufacturing arms;*

လက်နက်ဟု ဆိုရာတွင်-

*(၁) ဓားဦးချွန်၍ ဓားသွား ၃ လက်မထက် ကျော်သော ခေါက်ဓား (မောင်းချဓား) များ၊*

*(၂) အိမ်တွင်း သုံးရန်၊ လယ်ယာလုပ်ငန်း သုံးရန် သို့မဟုတ် စက်မှုလက်မှု လုပ်ငန်းတွင် သုံးရန်ကိစ္စတွင် ရည်ရွယ်ခြင်း မဟုတ်သည့် လက်ကိုင်ရိုးတွင် ခိုင်မြဲစွာ တပ်ဆင်ထားပြီး အရိုးအသွား ၅ လက်မထက် ရှည်သော ဦးချွန်ဓားများ၊ သို့ရာတွင် ယင်းဓားများကို အဆိုပါကိစ္စအလို့ငှာ ခွင့်ပြုသည့် ရည်ရွယ်မှုအတိုင်း မဟုတ်ကြောင်း ဆန့်ကျင်ကွဲလွဲသည့် သက်သေ မပြမီအထိသာ မှတ်ယူခွင့် ရှိသည်၊*


mgyoe.com

mgyoe.com
SAMPLE BOOK

*(၃) နိုင်ငံတော် သမ္မတက အမိန့် ကြော်ငြာစာဖြင့် ထုတ်ပြန်၍ သတ်မှတ်သည့် အခြားသော ဓားအမျိုးအစားများ၊*

*(၄) သေနတ်၊ လှံစွပ်၊ ဓားလွယ်၊ ဓားမြောင်၊ လှံ၊ လှံသွား၊ လေးနှင့် မြားတို့ အပြင် အမြောက်၊ လက်နက်အစိတ်အပိုင်းများနှင့် လက်နက် ထုတ်လုပ်သည့် စက်ကိရိယာများ*

*ပါဝင်သည်။'*

ယင်းပြင်ဆင်ဖွင့်ဆိုချက်သည် ယနေ့တိုင် တည်ရှိခဲ့ပါသည်။ မိမိအနေဖြင့် ဘဝင်မကျသည့် အချက်ကို တွေ့လာမိပါသည်။ ထိုအချက်မှာ လက်နက်ဟု ဆိုပါက ဤအဓိပ္ပာယ် ဖွင့်ဆိုချက်တွင် ပါဝင်သည့်အရာတို့ကိုသာ သတ်မှတ်သည်လား ဟူသည့်အချက်ပင် ဖြစ်ပါသည်။ ပြဋ္ဌာန်းထားသော စာသားများအရပင် ထို့ထက် ကျယ်ဝန်းနေမည် အမှန်ပင် ဖြစ်ကြောင်း သုံးသပ်မိပါသည်။

**လက်နက်အက်ဥပဒေပါ ဖွင့်ဆိုချက်ကို စကားရပ်များ ခွဲခြမ်းစိတ်ဖြာ လေ့လာကြည့်ရာ**

'arms includes .....' 'လက်နက်ဟု ဆိုရာတွင် ..... ပါဝင်သည်။' ဟုသာ ပြဋ္ဌာန်းထားသည်ကို ရှင်းလင်းစွာ တွေ့ရပါသည်။ သို့ပါက လက်နက်ဟု ဆိုရာတွင် လက်နက်ဟူ၍ သာမန် သတ်မှတ်ထားသည့် အရာများသာမက ဤအက်ဥပဒေအရ အဆိုပါရည်ညွှန်းသော အရာများကိုလည်း လက်နက်ဟု သတ်မှတ်ကြောင်း ပြဋ္ဌာန်းချက်တစ်ရပ် ဖြစ်သည်ဟု သဘောပေါက် နားလည်မိပါသည်။

သို့ဖြစ်၍ 'လက်နက်' ဟူသည့် စကားရပ်၏ ဖွင့်ဆိုချက်ကို ဆက်လက် ရှာဖွေမိပါသည်။ လက်နက်နှင့် စပ်လျဉ်း၍ ပြဋ္ဌာန်းခဲ့သော အခြား ဥပဒေများတွင် မည်ကဲ့သို့ရှိသည်ကို စူးစမ်း ရှာဖွေမိပါသည်။

ရှေးဦးစွာ ၁၉၄၉ ခုနှစ် လက်နက် (အရေးပေါ် ပြစ်ဒဏ်စီရင်မှု) (ယာယီ) အက်ဥပဒေတွင် စူးစမ်းရှာဖွေရာ 'လက်နက်' ဟူသည့် စကားရပ် ဖွင့်ဆိုချက် မတွေ့ရဘဲ လက်နက်အမျိုးအစား တစ်မျိုးချင်းအလိုက် တားမြစ်ချက်နှင့် ပြစ်ဒဏ် ဖော်ပြချက်ကိုသာ တွေ့ရပါသည်။

သို့ဖြစ်သဖြင့် နောက်ဥပဒေတစ်ရပ် ဖြစ်သော The Arms (Temporary Amendment) Act, 1951 [လက်နက်များ (ယာယီ ပြင်ဆင်ချက်) အက်ဥပဒေ၊ ၁၉၅၁] ကို ဆက်လက် ရှာမိပါသည်။ ယင်း အက်ဥပဒေသည် မူလ ပြဋ္ဌာန်းခဲ့သည့် လက်နက်


mgyoe.com

mgyoe.com
SAMPLE BOOK

အက်ဥပဒေ ပုဒ်မ ၁၉ ၏ နောက်တွင် ၁၉-က အဖြစ် ဖြည့်စွက် ပြဋ္ဌာန်းချက်တစ်ရပ် အဖြစ်သာ တွေ့ရပြီး 'လက်နက်' ဟူသည်နှင့် စပ်လျဉ်း၍ မတွေ့ရပါ။

အထူး ဥပဒေများတွင် တိကျစွာ ဖွင့်ဆိုမှု မတွေ့ရသဖြင့် မူလ ရာဇသတ်ကြီး ဘက်သို့ လှည့်ရပြန်သည်။ ရာဇသတ်ကြီး၏ အခန်း (၂) 'အရပ်ရပ် ရှင်းလင်းချက်များ' တွင် 'လက်နက်' ဟူသည့် စကားရပ် အဓိပ္ပာယ် ဖွင့်ဆိုချက်ကို မတွေ့ရပါ။ သို့ရာတွင် အောက်ပါ အချို့သော ပြဋ္ဌာန်းချက်များ၌ 'လက်နက်' ဟူသော စကားရပ်ကို တွေ့ရပါသည်-

- ပုဒ်မ ၁၄၄၊ ဥပဒေနှင့် ဆန့်ကျင်သော အစုအဝေးတွင် သေစေလောက်သော လက်နက်ကို စွဲကိုင်ကာ ပါဝင်ခြင်း၊
- ပုဒ်မ ၁၄၈၊ သေစေလောက်သောလက်နက်ကို စွဲကိုင်လျက် ရုန်းရင်းဆန်ခတ်မှု ပြုခြင်း၊
- ပုဒ်မ ၁၅၈၊ ဥပဒေနှင့် ဆန့်ကျင်သော အစုအဝေး၌ သို့တည်းမဟုတ် ရုန်းရင်း ဆန်ခတ်ပြုမှု၌ ပါဝင်စေရန်သော်လည်းကောင်း၊ လက်နက် ဆောင်လျက် သွားရန်သော်လည်းကောင်း အငှားခံခြင်း၊
- ပုဒ်မ ၃၂၄၊ ဘေးဖြစ်စေတတ်သော လက်နက်ဖြင့် သို့တည်းမဟုတ် နည်းဖြင့် မိမိအလိုအလျောက် နာကျင်စေမှု၊
- ပုဒ်မ ၃၂၆၊ ဘေးဖြစ်စေတတ်သော လက်နက်ဖြင့် သို့တည်းမဟုတ် နည်းဖြင့် မိမိအလိုအလျောက် အပြင်းအထန် နာကျင်စေမှု။

ဤတွင် 'လက်နက်' ဟူသည့် စကားရပ်သည် ဥပဒေအတွက် အရေးပါသည့် စကားရပ်အဖြစ် တွေ့ရှိနေရပါသည်။

နောက်ဆုံးတွင် စကားရပ်များ အနက်အဓိပ္ပာယ် ဖွင့်ဆိုရေး ဥပဒေဘက်သို့သာ လှည့်ရပါတော့သည်။ ထိုဥပဒေတွင်လည်း စကားရပ် တစ်ခုချင်းအတွက် အဓိပ္ပာယ် ဖွင့်ဆိုပြချက်တွင် 'လက်နက်' ဟူသည်အတွက် ဖွင့်ဆိုပြမှု မတွေ့ရပါ။ သို့ရာတွင် အဆိုပါ ဥပဒေ၏ ပုဒ်မ ၃၊ ပုဒ်မခွဲ (က) က လမ်းစကို ပြန်လည် ဖော်ဆောင်ပေးပါသည်။ ထိုပြဋ္ဌာန်းချက်မှာ-

*'၃။ ဥပဒေ ပြဋ္ဌာန်းချက်များ၏ အနက်အဓိပ္ပာယ် ဖွင့်ဆိုရေး လမ်းညွှန်များသည် အောက်ပါအတိုင်း ဖြစ်စေရမည်-*


mgyoe.com

mgyoe.com
SAMPLE BOOK

(က) ဥပဒေ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်တွင် ပါဝင်သော စကားရပ်များသည် သာမန် နေ့စဉ်သုံး အနက်အဓိပ္ပာယ်ကို ဆောင်စေရမည်။ သို့ရာတွင် ရှေ့နောက်စကားလုံးတို့၏ အဓိပ္ပာယ်နှင့်အညီ သီးခြားအဓိပ္ပာယ် ဖွင့်ဆို ပေးရန် လိုအပ်သော စကားရပ်သည် ယင်းသီးခြား အနက်အဓိပ္ပာယ် ကို ဆောင်စေရမည်။'

ဤပြဋ္ဌာန်းချက်သည် အလင်း ရစေသော ပြဋ္ဌာန်းချက် ဖြစ်ပါသည်။ လက်နက် အက်ဥပဒေပါ 'လက်နက်ဟု ဆိုရာတွင် ..... လည်း ပါဝင်သည်။' ဟူသည့် ပြဋ္ဌာန်း ချက်မှာ 'လက်နက်'ဟု သာမန် နေ့စဉ်သုံး အနက်အဓိပ္ပာယ်အပြင် ယင်းသို့ ထပ်ဆင့် သတ်မှတ်သည့် အရာများကိုလည်း ယင်းအက်ဥပဒေအလို့ငှာ အကျုံးဝင်စေခြင်း ဖြစ်ကြောင်း သိမြင်သွားရပါသည်။

ယင်းသို့ ဆိုပါက 'လက်နက်' ဟူသည်ကို သာမန် နေ့စဉ်သုံး အနက်အဓိပ္ပာယ်အရ မည်သို့ ဆိုပါမည်နည်း ဆက်လက် လေ့လာရပါဦးမည်။ ယင်းကို အဘိဓာန် ဖွင့်ဆိုချက် လိုအပ်ပါမည်လား စဉ်းစားရပြန်သည်။ မလိုအပ်ပါဟု ဖြေရန်သာ ရှိပါသည်။ သို့သော် သာမန် နေ့စဉ်သုံး စကားအဖြစ် တရားရုံးတွင် အဓိပ္ပာယ် ဖွင့်ဆိုပါက လက်ခံကြပါမည် လား မေးရန် ပေါ်လာပါသည်။ နေ့စဉ်သုံး စကားလုံးအပေါ် အငြင်းပွားဖွယ် မရှိတော့ ပေဘူးလား၊ မည်သူတို့က လက်ခံသနည်း ဟူသော ဝိဝါဒကွဲစရာ အဆိုတစ်ရပ် ပေါ် လာပေတော့မည်။ သို့ဖြစ်၍ သက်သေအထောက်အထား ရှာရပါတော့သည်။

## အဘိဓာန် ဖွင့်ဆိုမှု

'လက်နက်' ဟူသည်ကို သာမန်နေ့စဉ်သုံးစကားအဖြစ် ဖွင့်ဆိုရပါမူ လက်ဖြင့် အသုံးပြု သည့် အသုံးအဆောင် ကိရိယာတစ်ခုသာ ဖြစ်ပါလိမ့်မည်။ သို့သော် ဤမျှနှင့် အများ သူငါ လက်ခံနိုင်ဖွယ် မရှိနိုင်ကြောင်း ဆင်ခြင်မိသည့်အလျောက် အဘိဓာန်များတွင် မည်သို့ ဖွင့်ဆိုကြောင်း ဆက်လက် ရှာမိပါသည်။

ရှေးဦးစွာ အင်္ဂလိပ်ဘာသာဖြင့် ပြဋ္ဌာန်းထားသည့် ဥပဒေ ဖြစ်သည့်အလျောက် တရားဝင် ဝေါဟာရ ဖြစ်သည့် 'Arm' ဆိုသည်ကို ရှာမိပါသည်။ လက်စွဲသုံးကြသော Oxford Learner's Dictionary တွင် ကြည့်ရာ 'Arm' ဟူသည်ကို Weapon ဟု ပြ ဆိုထားသည်ကို တွေ့ရပါသည်။ Weapon ကို ဆက်လက် ကြည့်ရှုရာ designed for, or used in , fighting or struggling. ဟု ဖွင့်ဆိုပေးထားသည်ကို တွေ့ရပါသည်။


mgyoe.com

mgyoe.com

SAMPLE BOOK

တိုက်ခိုက်ရာတွင် သို့မဟုတ် ယှဉ်ပြိုင်ရာတွင် အသုံးပြုရန် သို့မဟုတ် ကြံရွယ်ထားသည့် အရာအဖြစ် အဓိပ္ပာယ် ကောက်ယူရမည့် အနေအထား ဖြစ်ပါသည်။

ဆက်လက်၍ Black's Law Dictionary Free Online Legal Dictionary 2nd Ed. တွင် လေ့လာရာ အောက်ပါအတိုင်း တွေ့ရပါသည်-

*'Anything that a man wears for his defense, or takes in his hands, or uses in his anger, to cast at or strike at another. Co. Litt. 1616, 162a; State v. Buzzard, 4 Ark. 18. This term, as it is used in the constitution, relative to the right of citizens to bear arms, refers to the arms of a militiaman or soldier, and the word is used in its military sense. The arms of the infantry soldier are the musket and bayonet; of cavalry and dragoons, the sabre, holster pistols, and carbine; of the artillery, the field-piece, siegegun, and mortar, with side arms. The term, in this connection, cannot be made to cover such weapons as dirks, daggers, slung-shots, sword-canes, brass knuckles, and bowieknives. These are not military arms. English v. State, 35 Tex. 476, 14 Am. Rep. 374; Hill v. State, 53 Ga. 472; Fife v. State, 31 Ark. 455, 25 Am. Rep. 556; Andrews v. State, 3 Heisk. (Tenn.) 170, 8 Am. Rep. 8; Aymette v. State, 2 Humph. (Tenn.) 154. Arms, or coat of arms, signifies insignia, i. e., ensigns of honor, such as were formerly assumed by soldiers of fortune, and painted on their shields to distinguish them; or nearly the same as armorial bearings, (q. v.)'*

ဤဖွင့်ဆိုချက်အရ မိမိကိုယ်ကို ကာကွယ်ရန် လက်ဝယ် ဆောင်ယူသော သို့မဟုတ် အမျက်ဒေါသအလျောက် အသုံးပြုရန် ဖြစ်သော အခြားသူ တစ်ဦးတစ်ယောက်သို့ ပစ်ခတ်နိုင်သည့် သို့မဟုတ် ထိုးရိုက်နိုင်သည့် မည်သည့်အရာမဆို 'လက်နက်'ဟု ဆိုလိုကြောင်း တွေ့ရပါသည်။

ယင်းသို့ ဖွင့်ဆိုမှုတွင် အားရမှု မရှိသဖြင့် မြန်မာစာပေတွင် 'လက်နက်' ဆိုသည်နှင့် စပ်လျဉ်းသည်တို့ကို ရှာမိပြန်သည်။ မြန်မာစာပေများအတွင်း ရှာဖွေရာ ဦးဖိုးလတ်၏ 'မြန်မာစကားအဖွင့်ကျမ်း (မြန်မာအဘိဓာန်ငယ်)' တွင် 'လက်နက်' ဟူသည်နှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း ရေးသားခဲ့သည်ကို တွေ့ရပါသည်-


mgyoe.com

mgyoe.com SAMPLE BOOK

'လက်နက် အရေးနှင့် အသုံးကို အစောဆုံးလောက်ပင် တွေ့ရသော ၆၄၇ ခုစွဲ၊ ပုဂံမြို့ မင်္ဂလာစေတီ၊ ရှင်ဒိသာပါမောက္ခကျောက်စာ ၁၅၊ ၁၆ ၌ 'ထိုဝ်နိုက်တန်လင်သော သျှင်တို့သည် ငါကိုဝ် ခက်ဆောင်လက်နက် ဆက်ရယ် ဤသိုဝ်တိုဝ်လင်၏' ဆိုရာဝယ် လက်ဆောင်နှင့် ဖက်တွဲလျက်ရှိသော လက်နက်သည် ရှင်ရဟန်းအချင်းချင်း ပေးပို့သောပစ္စည်း ဖြစ်ခြင်းကြောင့် စစ်သုံးကရိယာ မဖြစ်နိုင်၊ လက်ဆောင်ကဲ့သို့ပင် ရဟန်းသုံးပစ္စည်းသာလျှင် ဖြစ်ရပေမည်။ ထိုနည်းတူစွာ ရာဇဝင်တို့တွင်လည်း ယိုးဒယား၊ လင်ဇင်း၊ ရခိုင်၊ အက္ကပါတ် စသော ကျည်းပြည်မင်းတို့ကလည်း ရှိသေ ကျိုးနွံစွာသော စကားဖြင့် ဆက်စာတမန် လက်ဆောင်လက်နက်မပြတ် ရွှေဖဝါးတော်အောက် ဆက်၍ သစ္စာတော်ခံကြသည် ဟူ၍လည်းကောင်း၊ အပြည်ပြည်ထောင်သို့ ချီတော်မူပြီးလျှင် အလွယ်တကူ အလိုတော်ပြည့်၍ ဆင်ကြီး၊ မြင်းကြီး၊ သားသမီး၊ လက်နက်လက်ဆောင် ဆက်၍ သစ္စာတော်ခံကြသည် ဟူ၍လည်းကောင်း ရေးဆိုသည်တို့၌ လက်နက်ကို စစ်သုံး ကိရိယာဟူ၍သာ မယူရာ၊ အခြားဆောင်ယူ ဆက်သသော ပစ္စည်းအသုံးအဆောင်များလည်း ပါဝင်သည် ယူရာသည်။ သို့ဖြင့် ယခုခေတ်တွင် ပန်းပဲ၊ ပန်းရန်၊ ပန်းထိမ်၊ လက်သမား စသည်တို့၏ ကရိယာများကိုလည်း လက်နက်ဟုပင် ပြောဆို သုံးစွဲလျက် ရှိကြသည်မှာ သင့်သည်သာ ဖြစ်၏။ လက်နက်ကို အချို့စာမူတို့၌ လက်နက်ဟု ပါလျက် ရှိရာ လက်ဖြင့် ရိုက်နှက်ရန် ကိရိယာဟု အနက် ပေါ်ထွက်နေသဖြင့် မသင့်ဟု ဆိုရာ၏။'

ယင်းဖွင့်ဆိုချက်သည် မိမိ ရှာဖွေနေသော ဥပဒေစာသား အနက်ကို အထောက်အကူ မပြုသဖြင့် ဆက်လက်၍ ရှာဖွေရာ အရှင်ဩဘာသာဘိဝံသမထေရ် စီရင်အပ်သော 'သုတေသန သရုပ်ပြ အဘိဓာန်' (၂၀၀၉ ခုနှစ်) ၏ စာမျက်နှာ (၅၂၁) တွင် 'လက်နက်'ဟု ဖွင့်ဆိုရာတွင် အောက်ပါအတိုင်း ဖွင့်ဆိုပြထားသည်ကို တွေ့ရပါသည်-

'လက်နက်ကြီး ၄-ပါး။ အဘိဓာန်ကျမ်းမှ ယူပြသည်။ (၁) မုတ္တာမုတ္တ လက်နက်' လက်မှလွှတ်၍လည်းကောင်း၊ မလွှတ်ဘဲလည်းကောင်း သုံးနိုင်သော တုတ်၊ တောင်ဝှေး စသော လက်နက်မျိုး၊ (၂) အမုတ္တ လက်နက် - မလွှတ်ရသော သန်လျက် စသည်၊ (၃) မုတ္တ လက်နက် - လွှတ်၍ ရသော လှံ၊ စက် စသည်၊ (၄) ယန္တ မုတ္တ လက်နက် - ပစ်လွှတ်ရသော လေး၊ သေနတ် စသည်။'


mgyoe.com

mgyoe.com
SAMPLE BOOK

ယင်းပြဆိုချက်နှင့် စပ်လျဉ်း၍ ဆရာကြီး ဦးသုခ၏ 'သုခမှတ်စု' စာမျက်နှာ (၅၅) တွင်လည်း အလားတူ ပြဆိုထားသည်ကို တွေ့ရပါသည်။

သို့ဖြစ်ပါက မိမိ၏ အထက်ပါ ရှာဖွေ တွေ့ရှိချက်အရ 'မည်သူ သို့မဟုတ် မည်သည့်အရာကိုမဆို ဥပဒေကို ဆန့်ကျင်၍ ထိခိုက် ဖျက်စီးရန် လက်ဝယ် ကိုင်ဆောင် အသုံးပြုနိုင်သည့် အရာမှန်သမျှ လက်နက် ဖြစ်သည်'ဟု သာမန် နေ့စဉ်သုံး စကား အဖြစ် ဖွင့်ဆိုလိုပါသည်။ ယင်းအရာဝတ္ထုသည် အပြုသဘော ဆောင်ရွက်သည့်အခါ ဥပဒေက တားမြစ်သည့် လက်နက်ဟု မသတ်မှတ်နိုင်သော်လည်း ယင်းကိုပင် အဖျက်သဘော အသုံးပြုသည့်အခါ ဥပဒေက သတ်မှတ် တားမြစ်သည့် လက်နက်အဖြစ်သို့ ရောက်ရှိသွားမည် ဖြစ်ပါသည်။ ဥပမာအားဖြင့် ငါးခုတ်ဓားသည် မီးဖိုချောင်တွင် ထားရှိ၍ ချက်ပြုတ်ရာတွင် ခုတ်ဖြတ်ရန် အသုံးပြုသည့်အခါ ဥပဒေက တားမြစ်သည့် လက်နက် မဟုတ်သော်လည်း ယင်းကို ခိုက်ရန် ဖြစ်ပွားရာသို့ ယူဆောင်လာခြင်း၊ အသုံးပြုခြင်း ဖြစ်ပါက ဥပဒေက တားမြစ်သည့် လက်နက်ဟု သတ်မှတ်ရပါမည်။ တစ်နည်းဆိုရသော် လက်နက်အက်ဥပဒေပါ လက်နက် ဟူသည်ကို ပြစ်မှု ကျူးလွန်ရာတွင် အသုံးပြုသည့် လူတို့၏ အသုံးအဆောင်ပစ္စည်းဟု နေ့စဉ်သုံးစကားများအရ အဓိပ္ပာယ် ကောက်ယူရန် ဖြစ်သည့်အပြင် ထပ်မံ ဖွင့်ဆိုဖော်ပြသည့် အရာများလည်း အကျုံးဝင်သည်ဟု ကောက်ယူမည် ဆိုပါက မှားအံ့ မထင်မိပါ။

## လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့်

လက်နက် အက်ဥပဒေတွင် လက်နက် ကိုင်ဆောင်မှုကို တားမြစ်ခြင်း မဟုတ်ဘဲ စည်းကမ်း သတ်မှတ်ချက်များဖြင့် ကိုင်ဆောင် သွားလာရန် ဖြစ်ကြောင်း အရိပ် အယောင်များကို တွေ့ရပါသည်။ ဆိုလိုသည်မှာ အက်ဥပဒေက သတ်မှတ်ထားသည့် လက်နက် အမျိုးအစားများကို လိုင်စင်ဖြင့် ကိုင်ဆောင်ရန် ဖြစ်ကြောင်းပင် ဖြစ်ပါသည်။ လိုင်စင် ဟူသည်မှာ Licence ဟူသည့် အင်္ဂလိပ် စကားလုံးကို မွေးစားယူ၍ သုံးစွဲထားခြင်း ဖြစ်ပြီး ထိုစကားလုံးကို မြန်မာဘာသာဖြင့် 'ခွင့်ပြုချက်၊ ခွင့်ပြုမိန့်' ဟူ၍ သုံးစွဲနိုင်မည် ဖြစ်ပါသည်။

လက်နက်ကိုင်ဆောင်ခွင့် လိုင်စင်နှင့် စပ်လျဉ်း၍ ခွင့်ပြုနိုင်ခွင့် ရှိသူ မည်သူ ဖြစ်သည်ကို လေ့လာရန် လိုအပ်ပါသည်။ ယင်းနှင့် စပ်လျဉ်း၍ လက်နက် အက်ဥပဒေ ပုဒ်မ ၁၇ ပါ ပြဋ္ဌာန်းချက်အရ မည်သည့်လိုင်စင်ကို မည်သည့်အရာရှိက ထုတ်ပေး


mgyoe.com

mgyoe.com
SAMPLE BOOK

ရမည် ဖြစ်ကြောင်းနှင့် မည်သည့်စည်းကမ်းချက်များဖြင့် ထုတ်ပေးရန် ဖြစ်ကြောင်း နိုင်ငံတော်သမ္မတသည် နည်းဥပဒေတွင် ပြဋ္ဌာန်း၍ မြန်မာနိုင်ငံပြန်တမ်းတွင် အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်ပြဋ္ဌာန်းခွင့် ရှိပါသည်။ သို့ရာတွင် သေနတ် စသည့် လက်နက်ခဲယမ်းများနှင့် စပ်လျဉ်း၍ ပြည်သူ့ရဲတပ်ဖွဲ့၏ ၁၂-၁၀-၁၉၈၈ ရက်စွဲပါ စာအမှတ် ၁၈၆-ပရခ (၁)/၂/ဦး ၅ ဖြင့် ရဲတပ်ဖွဲ့ဌာနချုပ်၏ ၈၈ အောက် ၁၂၁၁၃၀ ရက်စွဲ/အချိန်ပါ ကြေးနန်းစာအမှတ် ၁ ဦး ၅ ပါ ကြိုးမဲ့ကြေးနန်းဖြင့် လိုင်စင်ဖြင့် ကိုင်ဆောင်နေသော လက်နက်ခဲယမ်းများကို (၂၁-၁၀-၈၈) ၈၈ အောက် ၂၁ မတိုင်မီ အပြီး အမြန် သိမ်းဆည်းရန် ဟူသော ညွှန်ကြားချက်အရ သေနတ် လက်နက်များနှင့် စပ်လျဉ်း၍ လိုင်စင်ကိစ္စ တင်ပြရန် မရှိတော့ပါ။ သို့ရာတွင် သေနတ်မှအပ အခြား လက်နက်များနှင့် စပ်လျဉ်း၍မူ ဆက်လက် တင်ပြပါမည်။ ၁၈၉၈ ခုနှစ် နိုဝင်ဘာလ ၁၄ ရက်စွဲပါ တရားရေးဌာန ဆာကြူလာအမှတ် (၇၅) ဖြင့် သေနတ်လက်နက်မှအပ အခြား မည်သည့် လက်နက်မျိုးကိုမဆို စွဲကိုင်သွားလာခွင့် လိုင်စင်ကို ဝန်ရှင်တော်မင်းကြီး (တိုင်းမင်းကြီး) တို့က သက်ဆိုင်ရာခရိုင်အတွင်း ခရိုင်ရာဇဝတ် တရားသူကြီးသို့ ခွင့်ပြုနိုင်ပြီး ကြီးကြပ်ရန် ညွှန်ကြားခဲ့သည်ကို ဖတ်ရှုရပါသည်။

လိုင်စင် မရှိဘဲ လက်နက်စွဲကိုင် သွားလာခြင်းနှင့်စပ်လျဉ်း၍ အက်ဥပဒေ ပုဒ်မ ၁၃ တွင် အောက်ပါအတိုင်း ပြဋ္ဌာန်း တားမြစ်ထားသည်ကို တွေ့ရပါသည်-

*'13. No person shall go armed with any arms except under a licence and to the extent and in the manner permitted thereby.*

၁၃။ မည်သူမဆို လိုင်စင် ရရှိပြီး အဆိုပါ လိုင်စင်တွင် သတ်မှတ်ထားသည့်နည်းလမ်းဖြင့်မှအပ လက်နက် တစ်စုံတစ်ရာကို ကိုင်စွဲ သွားလာခြင်း မပြုရ။

*Any person so going armed without a licence or in contravention of its provisions may be disarmed by any Magistrate, police-officer or other person empowered by the President of the Union in this behalf by name or by virtue of his office.*

*လိုင်စင် မရှိဘဲဖြစ်စေ၊ လိုင်စင်ပါ စည်းကမ်းချက်များနှင့် ဆန့်ကျင်၍ဖြစ်စေ လက်နက်စွဲကိုင်သူ မည်သူကိုမဆို ရာဇဝတ် တရားသူကြီး တစ်ဦးဦးကသော်လည်းကောင်း၊ ရဲအရာရှိတစ်ဦးဦးက သော်လည်းကောင်း ဤကိစ္စရပ်အလို့ငှာ နိုင်ငံတော်သမ္မတက အမည်အားဖြင့်ဖြစ်စေ၊ ရာထူးအားဖြင့်ဖြစ်စေ လုပ်ပိုင်ခွင့် အပ်နှင်းခြင်းခံရသော အခြားသူကဖြစ်စေ အဆိုပါ လက်နက်ကို သိမ်းဆည်းပိုင်ခွင့်ရှိသည်။*


mgyoe.com

mgyoe.com
SAMPLE BOOK

*For the purposes of this section, arms includes also knives with pointed blades rigidly affixed, or capable of being rigidly affixed, to the handle, and measuring in all over five inches in length, which are intended exclusively for domestic, agricultural or industrial purposes.*

*ဤပုဒ်မအလို့ငှာ လက်နက်ဟုဆိုရာတွင် အိမ်တွင်းသုံးရန်၊ လယ်ယာလုပ်ငန်းသုံးရန် သို့မဟုတ် စက်မှုလက်မှုလုပ်ငန်းတွင် သုံးရန် ရည်ရွယ်သည့် လက်ကိုင်ရိုးတွင် ခိုင်မြဲစွာ တပ်ဆင်ထားပြီး အရိုးအသွား ၅ လက်မထက် ရှည်သော ဦးချွန်ဓားများလည်း အကျုံးဝင်သည်။'*

လက်နက် ဟူသည့် အဓိပ္ပာယ် ဖွင့်ဆိုချက်တွင် "knives, with pointed blades rigidly affixed, or capable of being rigidly affixed, to the handle, and measuring in all over 5 inches in length which are not intended exclusively for domestic, agricultural or industrial purposes; အိမ်တွင်း သုံးရန်၊ လယ်ယာလုပ်ငန်းသုံးရန် သို့မဟုတ် စက်မှုလက်မှု လုပ်ငန်းတွင် သုံးရန် ကိစ္စတွင် ရည်ရွယ်ခြင်း မဟုတ်သည့် လက်ကိုင်ရိုးတွင် ခိုင်မြဲစွာ တပ်ဆင်ထားပြီး အရိုးအသွား ၅ လက်မထက် ရှည်သော ဦးချွန်ဓားများ' ဟူသည့် စကားရပ်နှင့် စပ်လျဉ်း၍ 'ရည်ရွယ်ခြင်း မဟုတ်သည့်' ဟူသည့် စကားရပ်ကို ဖော်ဆောင်ခဲ့သော်လည်း ဤပုဒ်မအလို့ငှာ ရည်ရွယ်သည်ဖြစ်စေ၊ မရည်ရွယ်သည်ဖြစ်စေ ပါဝင်စေသည်ကို သတိပြုရန်လည်း လိုအပ်ပါသည်။

ယင်းသို့သော တားမြစ်ချက်ကို ဖောက်ဖျက် ကျူးလွန်သူများအား လက်နက်အက်ဥပဒေ ပုဒ်မ ၁၉ (c) ဖြင့် တရားစွဲဆို အရေးယူကြပါသည်။

သို့ရာတွင် ယင်းအက်ဥပဒေပါ လိုင်စင်ကိစ္စရပ်များ၊ ယင်းအက်ဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များ၊ အမိန့်ကြော်ငြာစာနှင့် အမိန့် ဆင့်ဆိုချက်များတွင် ယင်းအက်ဥပဒေ ပုဒ်မ ၂၇ နှင့်အညီ ကင်းလွတ်ခွင့် ပြုထားသည်များကို သိရှိသူ နည်းပါးလှပါသည်။

လက်နက်အက်ဥပဒေ၏ ပုဒ်မ ၂၇ တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်ကို တွေ့ရပါသည်-

*'27. The President of the Union may, from time to time, by notification published in the Gazette,*

*(a) exempt any person by name or in virtue of his office, or any class of persons, or exclude any description of arms*


mgyoe.com

mgyoe.com
SAMPLE BOOK

*or ammunition, or withdraw any part of the Union of Burma, from the operation of any prohition or direction contained in this Act; and*

*(b) cancel any such notification, and again subject the persons or things or the part of the Union of Burma comprised therein to the operation of such probition or direction.*

၂၇။ နိုင်ငံတော်သမ္မတသည် မြန်မာနိုင်ငံပြန်တမ်းတွင် အခါအားလျော်စွာ အမိန့်ကြော်ငြာစာ ထုတ်ပြန်၍-

(က) ဤအက်ဥပဒေတွင် ဖော်ပြပါရှိသည့် ပြဋ္ဌာန်းချက်များနှင့် ညွှန်ကြားချက်များကို လိုက်နာကျင့်သုံး ဆောင်ရွက်ရခြင်းအတွက် အမည်အားဖြင့်ဖြစ်စေ၊ ရာထူးအားဖြင့်ဖြစ်စေ မည်သူတစ်ဦးတစ်ယောက်သို့မဆို သို့မဟုတ် မည်သည့်အဆင့်အတန်း တစ်ရပ်ရပ်ကိုမဆို ကင်းလွတ်ခွင့်ပြုနိုင်သည် သို့မဟုတ် လက်နက် အမျိုးအစား တစ်ရပ်အပေါ် ကင်းလွတ်ခွင့်ပြုနိုင်သည် သို့မဟုတ် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း ရှိဒေသ တစ်ရပ်ရပ်ကို ထုတ်ပယ် ကင်းလွတ်စေနိုင်သည်။

(ခ) အဆိုပါ မည်သည့်အမိန့်ကြော်ငြာစာကိုမဆို ရုပ်သိမ်း၍ ထိုအမိန့်ကြော်ငြာစာပါ လူများ သို့မဟုတ် အရာများ သို့မဟုတ် ပြည်ထောင်စုမြန်မာနိုင်ငံ၏ အစိတ်အပိုင်းအား အဆိုပါ ပြဋ္ဌာန်းချက်နှင့် ညွှန်ကြားချက်များကို သက်ဆိုင်စေနိုင်သည်။'

လက်နက်အက်ဥပဒေ ပုဒ်မ ၂၇ ပါ လက်နက်အက်ဥပဒေ ပြဋ္ဌာန်းချက်များအရ ကင်းလွတ်ခွင့်ပြုနိုင်သည်ကို ဆက်စပ်ကြည့်ရန် လိုပါသည်။ ယင်းနှင့် စပ်လျဉ်း၍ လက်နက်နည်းဥပဒေ ပုဒ်မ ၃၊ ပုဒ်မခွဲ (၁) ပါ ပထမဇယားမှ စတုတ္ထဇယားအထိတွင် သတ်မှတ်ဖော်ပြ ပါရှိသည့် လူများနှင့် အဆင့်အတန်းများ၊ လက်နက်များနှင့် ခဲယမ်းများ၊ နယ်မြေဒေသ သတ်မှတ်ချက်ကို ဇယားတွင် ဖော်ပြပါရှိသည့်အတိုင်း လက်နက်အက်ဥပဒေပါ တားမြစ်ချက်များမှ ကင်းလွတ်ခွင့်ပြုသည် ဟူသည့် အချက်ကိုလည်း သတိမူရမည် ဖြစ်ပါသည်။ ယင်းအနက်မှ နမူနာအဖြစ် အမှတ်စဉ် (၇) တွင် နယ်စွန်နယ်ဖျား သို့မဟုတ် တောတောင် ထူထပ်သည့် ခရိုင်များတွင် တာဝန်ထမ်းဆောင်နေရသူ အခွန်တော်အရာရှိ (revenue officer) များသည် အလုပ်ဝတ္တရားများ


mgyoe.com

mgyoe.com
SAMPLE BOOK

ထမ်းဆောင်ရာတွင် ကိုင်ဆောင်ရန်အတွက် သက်ဆိုင်ရာ အထက် အရာရှိကြီးများက သတ်မှတ် ညွှန်ကြားသည့် လက်နက်တို့ ကိုင်ဆောင်မှုကို ကင်းလွတ်ခွင့် ပြုထားပါသည်။

နည်းဥပဒေပါ ဇယားများအနက် ဒုတိယဇယား ကင်းလွတ်ခွင့်ပြုသည့် လက်နက်ခဲယမ်းမီးကျောက်များ သတ်မှတ်ချက်တွင် 'မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် အိမ်တွင်းသုံးရန်၊ လယ်ယာလုပ်ငန်း သုံးရန် သို့မဟုတ် စက်မှုလက်မှုလုပ်ငန်းတွင်သုံးရန်ကိစ္စတွင် ရည်ရွယ်သည့် ဓားများအား လက်နက် အက်ဥပဒေ ပြဋ္ဌာန်းချက်များ အားလုံးကို ကင်းလွတ်ခွင့်ပြုကြောင်း' ဖော်ပြ ပါရှိနေပါသည်။ သို့ရာတွင် 'ရည်ရွယ်သည့် ဓား' ဟူသည့် စကားရပ်ကို အထူး အလေးထား ဂရုပြုကြရန် လိုအပ်မည် ဖြစ်ပါသည်။ ရည်ရွယ်ပါက ရည်ရွယ်ချက်နှင့် သက်ဆိုင်သည့် အရပ်များတွင်သာ ကိုင်စွဲအသုံးပြုမှု ရှိရမည် ဖြစ်ပါသည်။ ထို့ပြင် ဓားများနှင့် စပ်လျဉ်း၍ ၁၈၉၇ ခုနှစ် ဩဂုတ်လ ၆ ရက်စွဲဖြင့် တရားရေးဌာနက ထုတ်ပြန်သည့် ဆာကြူလာအမှတ် (၆၀) တွင်လည်း အောက်ပါအတိုင်း ဖော်ပြညွှန်ကြားမှု ရှိခဲ့ပါသည်-

*'တရားစွဲဆို တင်ပြလာသည့် လူသတ်မှုနှင့် သက်ဆိုင်သည့် အမှုတွဲများကို ကြည့်ရှုရာတွင် ဓား၊ ဓားမြှောင်များဖြင့် သေစေရန် ထိုးခုတ်မှုများ မကြာခဏ ပေါ်ပေါက်သည်ကို အစိုးရအနေဖြင့် တွေ့ရှိရသည်။ မကြာမီက ပွဲလမ်းသဘင်တွင် ဓားထိုးမှုဖြင့် လူ သေဆုံးသည့် အမှုကို ဖတ်ရှုရာတွင် သာမန်ကိစ္စရပ်မျှဖြင့် မကြာခဏ ခိုက်ရန်ဖြစ်ပွားလေ့ရှိသည့် လူသူစုဝေးမှုများတွင် အဆိုပါ ဓားလက်နက်များ မကိုင်ဆောင်စေရန် တားမြစ် ကန့်သတ်ခြင်းများ ပြုလုပ်ရန် လိုအပ်သည်ဟု အစိုးရအနေဖြင့် သုံးသပ်မိသည်။*

*မြန်မာနိုင်ငံအတွင်းတွင် ဓားကို လက်နက်အက်ဥပဒေပါ ပြဋ္ဌာန်းချက်များမှ ကင်းလွတ်ခွင့်ပြုသည့် အချက်မှာ အိမ်တွင်း သုံးရန်၊ လယ်ယာလုပ်ငန်း သုံးရန် သို့မဟုတ် စက်မှုလက်မှုလုပ်ငန်းတွင် သုံးရန်ကိစ္စတွင် ရည်ရွယ်သည့် ဓားများနှင့် သက်ဆိုင်ခြင်း မရှိသည့်အပြင် ယင်းခွင့်ပြုချက်ကို စည်းမျဉ်း ကန့်သတ်ရန် ရည်ရွယ်လိုခြင်း မရှိသော်လည်း အဆိုပါ ကင်းလွတ်ခွင့်ပြုသည့်အပေါ် ကန့်သတ်ပြဋ္ဌာန်းချက်များကို တိကျစွာ လိုက်နာရမည့်အပြင် အဆိုပါ အဓိပ္ပာယ် ဖော်ပြချက်တွင် မပါဝင်သည့် ဓားလက်နက်များ ကိုင်ဆောင်ခြင်းကို တားမြစ်ရန်အလို့ငှာ လက်နက် အက်ဥပဒေ ပုဒ်မ ၁၉ (င) ပြစ်ဒဏ် ချမှတ်ရန် လိုအပ်ပေသည်။*


mgyoe.com

mgyoe.com SAMPLE BOOK

*အိမ်တွင်းသုံးဓား အများစုသည် ဦးချွန်လည်း မဟုတ်သည့်အပြင် ကြီးမားသော အရွယ်ကြောင့်လည်းကောင်း၊ ပုံစံကျနမှု မရှိသဖြင့်လည်းကောင်း ထိုးခုတ်ရန် ကိုင်ဆောင်လေ့ မရှိကြပေ။*

*ကင်းလွတ်ခွင့်ပြုသော ဓားနှင့် ကင်းလွတ်ခွင့် မရသော ဓားတို့ကို ခွဲခြားသိရှိရန် အခက်အခဲ မရှိနိုင်ပါ။ ပွဲလမ်းသဘင်များနှင့် လူစုလူဝေးများတွင် ရပ်ရွာသူကြီးနှင့် ရဲတပ်ဖွဲ့ဝင်တို့က မိမိတို့၏လက်နက် သိမ်းယူခွင့် ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် လုပ်ပိုင်ခွင့်များကို ကျင့်သုံး ဆောင်ရွက်ရပေမည်။'*

သို့ဖြစ်သဖြင့် အရိုးအသွား ၅ လက်မထက် ရှည်သော ဓားဟု ဆိုတိုင်း လက်နက်အက်ဥပဒေနှင့် ငြိစွန်းသည်ဟု တရားသေ စွဲမှတ်နေမိကြခြင်းကို သတိပြု ရှောင်ရှားကြရန် လိုပေသည်။

ဓားလက်နက်စွဲကိုင် သွားလာခြင်းနှင့် စပ်လျဉ်း၍ အောက်မြန်မာပြည် တရားရုံးချုပ်တွင် ၁၉၀၃ ခုနှစ် ရာဇဝတ်ပြင်ဆင်မှု အမှတ် (၅၅၆) ဖြင့် အချို့သော လက်နက်မျိုးများသည် လက်နက် ဟူသည့် အဓိပ္ပာယ် ဖော်ပြချက်၌ အကျုံးဝင်ခြင်း ရှိ မရှိ ဆုံးဖြတ်မှုကို လေ့လာနိုင်စေရန် ၁၀-၈-၁၉၀၃ ရက်စွဲပါ တရားရေးဌာန၏ ဆာကျူလာ အမှတ် (၄၀) ဖြင့် ဖြန့်ဝေညွှန်ကြားရာတွင် အောက်ပါ စီရင်ချက်အမိန့်ကို ပူးတွဲ ပေးပို့ခဲ့ပါသည်-

'အမိန့်

ရန်ကုန်မြို့၊ ၁၉၀၃ ခုနှစ်၊ မေလ ၁၃ ရက်။

*တရားခံအပေါ် လက်နက်စွဲကိုင် သွားလာမှုနှင့် ပတ်သက်၍ ပြစ်မှုထင်ရှားစီရင်ခဲ့သည်မှာ ယင်းတရားခံသည် စားပွဲသုံး ဓားကို ခါးတွင် ထိုး၍ ပွဲသို့သွားရောက်သည့် လက္ခဏာ ရှိပေသည်။ ယခုအမှုမှာ ၁၈၉၇ ခုနှစ် အစိုးရဌာန ဆာကျူလာ အမှတ် (၇၅) ပါ စာပိုဒ် (၄) တွင် ဖော်ပြသော အမှုမျိုးနှင့် တူညီခြင်းကြောင့် စီရင်သည့် ရာဇဝတ် တရားသူကြီးသည် ယင်း ဆာကျူလာကို နှလုံးသွင်းသည့် လက္ခဏာ ရှိပေသည်။*

*သို့သော်လည်း ယင်းအကြောင်းမျိုးနှင့် စပ်လျဉ်း၍ နောက်ဆုံး ဖြစ်ပွားခဲ့သည့် တရားလို ဘုရင်မင်းမြတ်၊ တရားခံ မှတ်ကျန် (အောက်မြန်မာပြည် စီရင်ထုံး ၂၇၁) တို့ အမှုတွင် ဖော်ပြ ပါရှိသည့်အတိုင်း လက်နက် အက်ဥပဒေကို တရား*


mgyoe.com

mgyoe.com
SAMPLE BOOK

*ဥပဒေကြောင်းအရ သက်ရောက်မည့် သဘောအဓိပ္ပာယ်ကို ကောက်ယူရမည်။ ထိုအမှုတွင် ဖော်ပြ ပါရှိသည်မှာ ကိရိယာ တစ်စုံတစ်ရာ အသုံးပြုရန် မူရင်း ရည်ရွယ်ချက်ကို ထောက်ထား၍ ထို ကိရိယာတန်ဆာကို ခေါ်ဝေါ် ပြောဆိုမြဲ အတိုင်း လက်နက်ဟု ခေါ်ဝေါ် ပြောဆိုရန် သင့် မသင့် အချက်ကို စည်းမျဉ်း ကန့်သတ်သည်နှင့်အညီ ဘေးအန္တရာယ်ပြုလုပ်ရန် သို့မဟုတ် ဘေးအန္တရာယ်ကို ကာကွယ်ရန် လက်နက်အဖြစ် အသုံးပြုနိုင်သော်လည်း ထိုကဲ့သို့ အသုံးပြုရန် ရည်ရွယ်ချက် မရှိလျှင် ထိုကိရိယာတန်ဆာမှာ လက်နက် မဟုတ်ပေ။ ထိုနည်းတူ စွာပင် ကိရိယာတန်ဆာ တစ်စုံတစ်ရာကိုပင် ဓားလွယ်၊ ဓားမြှောင်များကဲ့သို့ လက်နက် ဖြစ်ခဲ့လျှင် ထင်းခွဲခြင်း၊ သားငါး လှီးခြင်းကဲ့သို့ အန္တရာယ်မရှိသောကိစ္စ၊ အိမ်မှုကိစ္စအတွက် တစ်ရံတစ်ခါ အသုံးပြုခြင်းကြောင့် ထို ကိရိယာတန်ဆာမှာ လက်နက်အဖြစ်မှ ရပ်စဲသည် မဟုတ်။*

*အထက်က ဖော်ပြပါရှိသည့် စီရင်ထုံးနှင့် ထိုစီရင်ထုံးပါ အမှုများတွင် ဖော်ပြ ပါရှိသည့် နည်းလမ်း ဥပဒေအတိုင်း စားပွဲတင်ဓား တစ်စုံတစ်ရာကို မည်သို့ပင် ကိုင်ဆောင်၍ မည်သို့ပင် အသုံးပြုရန် ရည်ရွယ်သော်လည်း လက်နက် မဟုတ် ဟု ဆုံးဖြတ်ရမည် ထင်မြင်သည့်အတွက် ယခုအမှုတွင် ပြစ်မှုထင်ရှား စီရင်ချက် ကို အတည်မပြုနိုင်ပေ။*

*ပြစ်မှုထင်ရှားစီရင်ချက်နှင့် ပြစ်ဒဏ်စီရင်ချက်မှာ ပျက်စေ၊ ဒဏ်ငွေကိုလည်း ကြာညိုသို့ ပြန်ပေးစေ။*

*၁၈၉၇ ခုနှစ် ဆာကြူလာ အမှတ် (၇၅) ကို ပြင်ဆင်ရန် သင့်လျော်သည် ထင်မြင်ပါက ပြင်ဆင်နိုင်ရန် ဤစီရင်ချက် မိတ္တူတစ်စောင်ကို အစိုးရထံ တင် ပို့စေ။*

*အိတ်ချ် သာကယ်လ် ဝှိုက်*
*တရားရေးဝန်ကြီးချုပ်'*

အင်္ဂလိပ်ဘာသာဖြင့် ချမှတ်ခဲ့သည့် စီရင်ချက်ကို သင့်လျော်သလို မြန်မာဘာသာ ဖြင့် ရေးသားဖော်ပြရခြင်း ဖြစ်သဖြင့် အမှုကို ဆုံးဖြတ်သူ တရားသူကြီး၏ အာဘော်ကို တိကျစွာ ဖော်ပြနိုင်စွမ်း မရှိသဖြင့် အားနာမိပါသည်။ တိကျစွာ သိလိုသူများ Lower Burma Rulings တွင် ပြန်လည် လေ့လာရန် ဖြစ်ပါသည်။ သို့ရာတွင် ယခု မြန်မာ ဘာသာဖြင့် ပြန်ဆိုမှုအရ လက်နက်ဟု ဆိုရာတွင် အမျိုးအမည်၊ အမျိုးအစားထက်


mgyoe.com

mgyoe.com
SAMPLE BOOK

ဘေးအန္တရာယ် ပြုလုပ်ရန် သို့မဟုတ် ဘေးအန္တရာယ်ကို ကာကွယ်ရန် အသုံးပြုမှုက ပိုမို အရေးကြီးသည်ကို လေ့လာသုံးသပ် ရရှိပါသည်။

လက်နက်ဥပဒေအရ ဓားကို ရေးသားသော်လည်း မီးအိမ်နှင့် မီးခြစ်တချို့ကို လက်နက်အဖြစ် သတ်မှတ်ကြောင်းကိုလည်း ဖော်ပြလိုပါသည်။ ၂၃-၁-၁၈၉၅ ရက်စွဲပါ တရားရေးဌာန၏ ဆာကြူလာအမှတ် (၁၅) ဖြင့် ဆေးလိပ်သောက်ရာတွင် မီးညှိရန် ထုတ်လုပ်ထားသည့် အလိုအလျောက် မီးတောက်နိုင်သော ခါးပိုက်ဆောင် မီးအိမ် (The Automatic Pocket Lamp) သည် လက်နက် အက်ဥပဒေတွင် အဓိပ္ပာယ် သတ်မှတ်ထားသည့် ခဲယမ်းကိရိယာသဘော ပါဝင်သည့်အတွက် ယင်းကို လက်ဝယ် ထားရှိပါက လက်နက် အက်ဥပဒေနှင့် ငြိစွန်းကြောင်း ဖော်ပြ ညွှန်ကြားခဲ့ပါသည်။ ထိုနည်းအတူ ၂၁-၁၀-၁၈၈၉ ရက်စွဲပါ တရားရေးဌာန၏ ဆာကြူလာအမှတ် (၂၇) တွင်လည်း ပေါက်ကွဲမှု ဖြစ်စေနိုင်သော မီးခြစ်များနှင့် စပ်လျဉ်း၍ လက်နက် အက်ဥပဒေအရ ခဲယမ်း ကိရိယာ ဟူသည့် အဓိပ္ပာယ်တွင် အကျုံးဝင်ကြောင်း သတ်မှတ် ညွှန်ကြားခဲ့ပါသည်။

## ပွဲလမ်းသဘင်နှင့် လက်နက်

ဤနေရာတွင် ရုပ်သိမ်းပြီး ဖြစ်သည့် ၁၉၀၇ ခုနှစ် ကျေးရွာ အက်ဥပဒေ၏ ပုဒ်မ ၂၁-က ပါ ဘေးအန္တရာယ်ပေးနိုင်သည့် လက်နက်များကို ရွာသူကြီးတို့က တောင်းဆိုသည့်အခါ ပေးအပ်ရခြင်းအကြောင်း အောက်ပါ ပြဋ္ဌာန်းချက်ကို အနည်းငယ် ထည့်သွင်း တင်ပြပါမည်-

*'၂၁-က။ (၁) ပွဲလမ်းသဘင် တစ်ရပ်ရပ်တွင် ရှိနေသူ မည်သူမဆို လက်နက် အက်ဥပဒေပါ ပြဋ္ဌာန်းချက်များမှ ကင်းလွတ်ခွင့် ပြုထားသည့် ဓားမျိုး၊ အခြားဓား၊ တင်းပုတ်၊ ခဲတုတ်၊ မြင်းရိုက်ကြိမ် သို့မဟုတ် ဤပုဒ်မအလို့ငှာ ဘေးအန္တရာယ်ပေး ထိုးခုတ်နိုင်သည့် လက်နက် ဖြစ်ကြောင်း အရေးပိုင်က သတ်မှတ်ကြေညာသည့် အခြားပစ္စည်း တစ်ရပ်ရပ်ကို လက်ဝယ် ထားရှိခြင်း မပြုရ။*

*(၂) မည်သူမဆို ပွဲလမ်းသဘင် သွားစဉ်အခါ၊ ထိုအရပ်မှ ပြန်လာသည့် အခါ သို့မဟုတ် ထိုအရပ်တွင် နေစဉ်အခါ အထက်ပါ လက်နက် တစ်ရပ်ရပ်ကို ယင်း၏လက်ဝယ် ထားရှိသဖြင့် ပေးအပ်ရန် ပြော*


mgyoe.com

mgyoe.com
SAMPLE BOOK

*ဆိုသည့်အခါ ထိုပွဲလမ်းသဘင် ကျင်းပရာ ကျေးရွာနယ်မြေဆိုင်ရာ ရွာသူကြီးထံဖြစ်စေ၊ ယင်းကျေးရွာနယ်မြေအတွင်းရှိ ကျေးရွာ လုံခြုံရေး တစ်ဦးဦးထံဖြစ်စေ၊ ပွဲငြိမ်ဝပ်ပိပြားရေးအတွက် ယင်းရွာသူကြီးကို ကူညီဆောင်ရွက်မည့်သူထံဖြစ်စေ၊ အဆိုပါ ကျေးရွာနယ်မြေရှိ ရဲတပ်ဖွဲ့ဝင်ထံဖြစ်စေ ပေးအပ်ရမည်။ ထို့ပြင် ဤပုဒ်မခွဲပါ ပြဋ္ဌာန်းချက်နှင့်အညီ အပ်နှံသည့် လက်နက်တို့ကို ရွာသူကြီးထံသို့ ဆောလျင်စွာ အပ်ထားရမည်။*

*သို့သော်လည်း ဤပုဒ်မခွဲပါ ပြဋ္ဌာန်းချက်များနှင့်အညီ အပ်နှံသည့် လက်နက်တစ်စုံတစ်ရာကို ယင်းရွာသူကြီးက အကြောင်းအရာအလိုက် ဆင်ခြင်သုံးသပ်ပြီး ပြန်လည် ပေးအပ်လိုလျှင် ပိုင်ရှင်သို့ မည်သည့်အချိန်မဆို ပြန်လည် ပေးအပ်နိုင်သည်။*

*(၃) မည်သူမဆို ဤပုဒ်မ ပြဋ္ဌာန်းချက်များကို ဆန့်ကျင် ကျူးလွန်ပါက ထိုသူသည် ရာဇဝတ် တရားသူကြီး တစ်ဦးဦး ရှေ့တွင် ပြစ်မှုထင်ရှားကြောင်း စီရင်ခြင်း ခံရပါက ကျပ် ၅၀ အထိ ငွေဒဏ်ကိုဖြစ်စေ၊ ၁၅ ရက်အထိ ထောင်ဒဏ်ကိုဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ စီရင်ခြင်း ခံရမည်။'*

ဤအက်ဥပဒေ ပုဒ်မ ပြဋ္ဌာန်းချက်ပါ 'လက်နက်အက်ဥပဒေပါ ပြဋ္ဌာန်းချက်များမှ ကင်းလွတ်ခွင့်ပြုထားသည့်ဓားမျိုး၊ အခြားဓား၊ တင်းပုတ်၊ ခဲတုတ်၊ မြင်းရိုက်ကြိမ်၊' ဟူသည်နှင့် 'ဘေးအန္တရာယ်ပေး ထိုးခုတ်နိုင်သည့်လက်နက် ဖြစ်ကြောင်း အရေးပိုင်က သတ်မှတ်ကြေညာသည့် အခြား ပစ္စည်း'တို့သည် အများပြည်သူ ဝင်ထွက်သွားလာသည့် ပွဲလမ်းသဘင်များတွင် လက်နက်အဖြစ် သတ်မှတ်သည်ကို နမူနာယူရမည်ဖြစ်ပါသည်။

## နိဂုံး

လက်နက် ဟူသည်နှင့် စပ်လျဉ်း၍ မည်သည်ကို ခေါ်ဆိုကြောင်း လက်နက်အက်ဥပဒေ အဓိပ္ပာယ် ဖွင့်ဆိုချက်အပေါ် အခြေပြု၍ မိမိ တတ်နိုင်သမျှ လေ့လာကြည့်ရာ အက်ဥပဒေ ပြဋ္ဌာန်းချက်တွင် 'Arms includes ..... လက်နက်ဟု ဆိုရာတွင် ..... တို့လည်း ပါဝင်သည်' ဟူ၍ ဖွင့်ဆိုချက်ကို အောက်ပါအတိုင်း သဘောပေါက်မိပါသည်-


mgyoe.com

mgyoe.com SAMPLE BOOK

(က) လက်နက်ဟု ဆိုရာတွင် အက်ဥပဒေတွင် ဖွင့်ဆိုပြထားသည့် အမျိုးအမည်တို့သာမက အခြား ကိရိယာတန်ဆာများလည်း အကျုံးဝင် သက်ဆိုင်နေပေမည်၊

(ခ) မည်သည့် ကိရိယာတန်ဆာ ဖြစ်သည် ဆိုခြင်းထက် ထိုအရာကို ဘေးအန္တရာယ် ပြုလုပ်ရန် သို့မဟုတ် ဘေးအန္တရာယ်ကို ကာကွယ်ရန် လက်နက်အဖြစ် အသုံးပြုခြင်း ရည်ရွယ်ချက်ကို အဓိက အခြေခံ သတ်မှတ်ရမည်ဟု ထင်မြင်မိပါသည်။


mgyoe.com

mgyoe.com SAMPLE BOOK

# ပွဲလမ်းသဘင် ကျင်းပရန် ခွင့်ပြုမိန့်

ပွဲဟု သတ်မှတ်ခေါ်ဝေါ်သည့် မည်သည့်ပွဲမျိုးမဆိုကို မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ပွဲမိန့်ခွင့်ပြုချက်ဖြင့်သာ ပြုလုပ်ရမည်။ ပွဲမိန့်ခွင့်ပြုချက်မရရှိဘဲ ကျင်းပပါက အရေးယူမည် ဟူသော ပြဋ္ဌာန်းချက်ကို မြန်မာနိုင်ငံကို ကျွန်ပြုအုပ်ချုပ်သွားသည့် ဗြိတိသျှအစိုးရသည် အာဏာဖြင့် ထုတ်ပြန်သွားခြင်း မရှိဟု သုံးသပ်ရပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK

# ပွဲလမ်းသဘင် ကျင်းပရန် ခွင့်ပြုမိန့်

## ပွဲ ဆိုသည့် သတ်မှတ်ချက်

The Village Act (ကျေးရွာအက်ဥပဒေ) ကို အခြေခံ၍ ပွဲ ဆိုသည်ကို ဆွေးနွေးပါမည်။ ထို ဥပဒေက အင်္ဂလိပ်ဘာသာဖြင့် ရေးသား ပြဋ္ဌာန်းခဲ့ခြင်း ဖြစ်သည်။ အဲသည်မှာ ပွဲ ဆိုသည်ကို Pwe ဟု ရေးခဲ့ပါသည်။ ကျေးရွာအက်ဥပဒေ၏ 'ပွဲ' ဆိုသော စကားရပ်ကို ပုဒ်မ ၂၁၊ ပုဒ်မခွဲ (၃) တွင် ဤသို့ ပြဋ္ဌာန်း ဖော်ပြခဲ့ပါသည်-

> *'၂၁။ (၃) ဤဥပဒေအလို့ငှာ ပွဲဆိုသည်တွင် အများပြည်သူနှင့် သက်ဆိုင်သည့် မြေ သို့မဟုတ် အဆောက်အအုံတွင်ဖြစ်စေ၊ အများပြည်သူနှင့် မသက်ဆိုင်သည့် မြေ သို့မဟုတ် အဆောက်အအုံတွင်ဖြစ်စေ အများပြည်သူတို့ သွားရောက်ကြည့်ရှုရန် ကျင်းပ ပြသသည့် ရုပ်သေးပွဲ၊ ဇာတ်ပွဲများအပါအဝင် မြန်မာနိုင်ငံ တိုင်းရင်းသားတို့ ကျင်းပ ပြုလုပ်သည့် ပွဲလမ်းသဘင် သို့မဟုတ် လူအများ သွားရောက် စုဝေးမည့် မည်သည့် လူစုလူဝေးမျိုးကိုမဆို ဆိုလိုသည်။*
>
> *ထို့ပြင် အရပ်ဒေသတစ်ခုတွင် ထိုအရပ်ဒေသအတွင်း ကျင်းပ၍ စုရုံးလျှင် ဤအက်ဥပဒေအလို့ငှာ ပွဲ ဖြစ်ကြောင်း နိုင်ငံတော်အစိုးရက အမိန့်ကြော်ငြာစာ ထုတ်ပြန် သတ်မှတ်ထားသည့် အများပြည်သူ သွားလာ ကြည့်ရှုရန် ပြုလုပ်သော မည်သည့် ပွဲလမ်းသဘင် သို့မဟုတ် လူအများ စုဝေးရာ အစုအဝေးမဆို ပါဝင်စေရမည်။'*

ဟူ၍ ပြဋ္ဌာန်း ဖော်ပြထားသည်ကိုလည်း သတိပြုရပါမည်။



mgyoe.com

mgyoe.com
SAMPLE BOOK

'ပွဲ' ဟူသည့် အဓိပ္ပာယ် သတ်မှတ်ချက်ကို ရှေးဦး တင်ပြပြီးနောက် အဆိုပါ ပုဒ်မ ၂၁ ၏ ပုဒ်မခွဲ (၁) နှင့် (၂) တွင် ပွဲမိန့် ခွင့်ပြုချက် မရရှိဘဲ ကျင်းပလျှင်ဖြစ်စေ၊ ထိုသို့ ကျင်းပရန် အားပေးကူညီလျှင်ဖြစ်စေ၊ ကျင်းပရာတွင် ပါဝင်လျှင်ဖြစ်စေ အရေးယူခြင်းနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း ပြဋ္ဌာန်းခဲ့သည်ကို တွေ့ရပါသည်-

*'၂၁။ (၁) မည်သူမဆို-*

*(က) ခရိုင်ဝန်ကသော်လည်းကောင်း၊ ဤကိစ္စအလို့ငှာ ခရိုင်ဝန်က လွှဲအပ်သည့် အရာရှိ သို့မဟုတ် အခြားသူ တစ်ဦးဦးကသော် လည်းကောင်း ထုတ်ပေးသည့် ပွဲမိန့် ခွင့်ပြုချက် မရရှိဘဲ ကျေးရွာ နယ်မြေ တစ်စုံတစ်ရာအတွင်း ပွဲ ကျင်းပလျှင်ဖြစ်စေ၊*

*(ခ) အဆိုပါ ပွဲမိန့် ခွင့်ပြုချက် မရရှိဘဲ ကျင်းပသည့် ပွဲ ဟူသော စကားရပ်တွင် အကျုံးဝင်သည့် မြင်းပြိုင်ပွဲ၊ လှေပြိုင်ပွဲ၊ လှည်းပြိုင် ပွဲ စသည့် ပြိုင်ပွဲ အပါအဝင် အခြားပွဲများ (ရှိပါက) ထိုပွဲမျိုး ကျင်းပ ပြုလုပ်ရာတွင် ပါဝင်ခြင်း သို့မဟုတ် အားပေးကူညီခြင်း ပြုလျှင်ဖြစ်စေ၊ အဆိုပါ ပွဲမိန့်ခွင့်ပြုချက် မရသည့်ပွဲကို စီမံကွပ်ကဲ ရာတွင် ပါဝင်ခြင်း သို့မဟုတ် အားပေးကူညီခြင်း ပြုလျှင်ဖြစ်စေ၊*

*(ဂ) မိမိ၏ကွပ်ကဲထိန်းသိမ်းမှုတွင် ရှိသော မြေတစ်ရပ်ရပ်တွင်ဖြစ်စေ၊ အဆောက်အအုံ တစ်ရပ်ရပ်တွင်ဖြစ်စေ၊ အဆိုပါ ပွဲမိန့် ခွင့်ပြု ချက် မရသည့်ပွဲသို့ ကိုယ်တိုင် ရောက်ရှိနေသကဲ့သို့ ကျင်းပသည် ကို ခွင့်ပြုလျှင်ဖြစ်စေ ထိုသူအား ရာဇဝတ် တရားသူကြီး တစ်ဦး ဦး၏ ရှေ့မှောက်တွင် ပြစ်မှုထင်ရှား စီရင်ခြင်း ခံရပါက သုံးလ အထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးရာအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ် နှစ်ရပ်လုံးဖြစ်စေ စီရင်ခြင်း ခံရမည်။*

*(၂) ပုဒ်မခွဲ (၁) အရ သတ်မှတ်သည့် ပွဲမိန့်ခွင့်ပြုချက် တင်ပြ တောင်းခံ သည့်အခါဖြစ်စေ၊ ထုတ်ပေးသည့်အခါဖြစ်စေ အခကြေးငွေ တစ်စုံ တစ်ရာ ပေးဆောင်ရခြင်း မရှိစေရ။'*

ဤပြဋ္ဌာန်းချက်အရ ဆိုပါက ထိုစဉ်က ပွဲမိန့်ခွင့်ပြုချက် တောင်းခံခြင်း မရှိသည့် ပွဲများအတွက် နေရာ ခွင့်ပြုသူ၊ ကျင်းပသူ၊ ပူးပေါင်း ပါဝင်သူနှင့် အားပေး ကူညီသူ မည်သူမဆို ပြဋ္ဌာန်းချက်တွင် အကျုံးဝင်မှု တွေ့ရပြီး ယင်းသို့ ပြဋ္ဌာန်းချက်မျိုးကို

mgyoe.com

mgyoe.com
SAMPLE BOOK

နှောင်းလူတို့ ဥပဒေအသစ်များ ပြဋ္ဌာန်းရာတွင် ဟာကွက် မရှိရေး နမူနာ ယူသင့်ပါသည်။

## မည်သည့်ပွဲများကို သတ်မှတ်ခြင်း

'ပွဲ' ဟူသည့် ဝေါဟာရနှင့် ပွဲမိန့်ခွင့်ပြုချက်အကြောင်း ကျေးရွာအက်ဥပဒေပါ ပြဋ္ဌာန်းချက်ကို တင်ပြပြီးနောက် ကျေးရွာလက်စွဲ (Village Manual) တွင် ပါရှိသည့် အမိန့်ကြော်ငြာစာများထဲမှ ၁၉၂၆ ခုနှစ် ဖေဖော်ဝါရီလ ၆ ရက်စွဲပါ အရပ်ရပ်ဌာန၏ အမိန့်ကြော်ငြာစာအမှတ် (၂၈) ကို ဆက်လက် တင်ပြပါမည်။ ယင်းအမိန့်ကြော်ငြာစာမှာ ပွဲနှင့် စပ်လျဉ်း၍ ကျေးရွာ အက်ဥပဒေ ပုဒ်မ ၂၁၊ ပုဒ်မခွဲ (၃) ပါ 'ဤအက်ဥပဒေအလို့ငှာ ပွဲ ဖြစ်ကြောင်း နိုင်ငံတော် အစိုးရက အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်ထားသည့် အများပြည်သူ သွားလာ ကြည့်ရှုရန် ပြုလုပ်သော မည်သည့် ပွဲလမ်းသဘင် သို့မဟုတ် လူအများ စုဝေးရာ အစုအဝေး' ဟူသည့် စကားရပ်အတွက် ထုတ်ပြန်သတ်မှတ်ခြင်း ဖြစ်ပါသည်။ အမိန့်ကြော်ငြာစာတွင် အောက်ပါအတိုင်း တွေ့ရပါသည်-

*'၁၉၀၇ ခုနှစ် ကျေးရွာအက်ဥပဒေ ပုဒ်မ ၂၁၊ ပုဒ်မခွဲ (၃) အရ အပ်နှင်းသည့် လုပ်ပိုင်ခွင့်အရ နိုင်ငံတော်အစိုးရသည် အောက်ဖော်ပြပါ ဇယားတွင် ပထမ စာတိုင်တွင် ဖော်ပြ သတ်မှတ်ထားသည့် ပွဲများ၊ ကျင်းပမှုများ သို့မဟုတ် လူစုဝေးမှုများသည် ဒုတိယ စာတိုင်တွင် ယှဉ်တွဲဖော်ပြထားသည့် အရပ်ဒေသများအတွက် ဤပုဒ်မအလို့ငှာ ပွဲဟုမှတ်ယူရမည်ဖြစ်ကြောင်း ပြဋ္ဌာန်းသတ်မှတ်လိုက်သည်။'*

| ပွဲ၊ ကျင်းပမှု သို့မဟုတ် လူစုဝေးမှု | သက်ဆိုင်သည့် အရပ်ဒေသများ |
|---|---|
| ဘုရားပွဲများ၊ ဘုန်းကြီးပျံပွဲနှင့် ဆပ်ကပ်ပွဲများ | ပဲခူးနှင့် ဧရာဝတီတိုင်းအတွင်း၊ ရခိုင်ပြည်နယ်တွင် ကျောက်ဖြူခရိုင်အတွင်း ကျောက်ဖြူ ရမ်းဗြဲ၊ မာန်အောင်၊ မြေပုံနှင့် မင်းပြားမြို့နယ်မှအပ၊ စစ်တွေခရိုင်၊ စစ်ကိုင်းတိုင်းအတွင်း စစ်ကိုင်း၊ ရွှေဘိုနှင့် အောက်ချင်းတွင်းခရိုင်၊ ကသာခရိုင်မှ မိုးကုတ်နှင့် သပိတ်ကျင်းကျေးရွာနယ်မြေ၊ အထက်ချင်းတွင်းခရိုင်မှ မင်းကင်း၊ ကလေးဝ၊ မစိန်နှင့် ကင်းတပ် |


mgyoe.com

mgyoe.com

SAMPLE BOOK

| ပွဲ၊ ကျင်းပမှု သို့မဟုတ် လှုစုဆေးမှု | သက်ဆိုင်သည့် အရပ်ဒေသများ |
|---|---|
| | ကျေးရွာနယ်မြေများ၊ မန္တလေးတိုင်းအတွင်းရှိ ကျောက်ဆည်၊ မိတ္ထီလာ၊ ရမည်းသင်း၊ မြင်းခြံခရိုင်၊ မန္တလေးခရိုင်အတွင်းရှိ အမရပူရ၊ ပုသိမ်ကြီး၊ ငစဉ့်ကူး၊ မတ္တရာမြို့နယ်များ၊ မကွေးတိုင်းအတွင်း မကွေး၊ ရေနံချောင်းနှင့် ဆပ်သွားမြို့နယ်များ၊ မင်းဘူးခရိုင်ရှိ စကု၊ ပွင့်ဖြူနှင့် စလင်းမြို့နယ်များ၊ ပခုက္ကူခရိုင်အတွင်း ပခုက္ကူ ရေစကြိုမြို့နယ်၊ တနင်္သာရီဒေသအတွင်း (၁) တောင်ငူခရိုင်မှ လိပ်သိုမြို့နယ်၊ ထန်းတပင်မြို့နယ်မှ မဲဘလန်နှင့် တပြေးတိုက်နယ်များ၊ (၂) ကျေးလက်ဒေသ ကိုယ်ပိုင်အုပ်ချုပ်ရေး အက်ဥပဒေ၏ ဇယား-၁ တွင် ချန်လှပ်ထားသည့် သထုံခရိုင်ရှိ ဘားအံနှင့် လှိုင်းဘွဲ့မြို့နယ်အတွင်းရှိ ကျေးရွာဒေသများ၊ (၃) ကျိုက္ကမိခရိုင်မှ ကော့ကရိတ်နှင့် ကြာအင်းမြို့နယ်များအတွင်းရှိ နောက်ဆက်တွဲ မြေတိုင်းဒေသ၏ အပတွင်ရှိသော ကျေးရွာနယ်မြေများမှအပဒေသများ၊ တောင်ငူ၊ သထုံ၊ ကျိုက္ကမိ၊ ထားဝယ်နှင့် မြိတ်ခရိုင်များ။ |
| ကျင်ကိုင်ပွဲများ | ရခိုင်ပြည်နယ်တစ်ခုလုံး |
| လူအပြေးပြိုင်ပွဲများ | ဧရာဝတီတိုင်း၊ ပဲခူးတိုင်းတို့အပြင် တနင်္သာရီဒေသရှိ သထုံခရိုင်။ |
| အခကြေးငွေအလို့ငှာဖြစ်စေ၊ ပွဲကျင်းပရန် လှည့်လည် သွားလာသူ သဘင်သည်တို့ကဖြစ်စေ အများပြည်သူ ကြည့်ရှုရန် ကျင်းပသည့် အငြိမ့်ပွဲများနှင့် မြင်းပြေးပြိုင်ပွဲများ | မြန်မာနိုင်ငံတစ်ဝန်းလုံး |


mgyoe.com

mgyoe.com
SAMPLE BOOK

| ပွဲ၊ ကျင်းပမှု သို့မဟုတ် လူစုဝေးမှု | သက်ဆိုင်သည့် အရပ်ဒေသများ |
|---|---|
| အများပြည်သူ ကြည့်ရှုရန် ကျင်းပသည့် ရုပ်ရှင်ပြပွဲများ၊ ကပြဖျော်ဖြေသည့် ကပွဲများနှင့် ပွဲဈေးတန်း | ပဲခူးတိုင်း၊ မန္တလေးတိုင်း အတွင်းရှိ မန္တလေး၊ ကျောက်ဆည်၊ မိတ္ထီလာ၊ ရမည်းသင်းနှင့် မြင်းခြံခရိုင်များ၊ စစ်ကိုင်းတိုင်း အတွင်း ရွှေဘို၊ ကသာ၊ ဗန်းမော်နှင့် မြစ်ကြီးနားခရိုင်၊ ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်း၊ တနင်္သာရီဒေသ၊ မကွေးတိုင်းအတွင်းရှိ မကွေးခရိုင်။ |
| နတ်ပွဲဟု ခေါ်သည့် လူစုဝေးမှု | တနင်္သာရီဒေသအတွင်း ထားဝယ်ခရိုင်၊ မကွေးတိုင်းအတွင်း မကွေးခရိုင်။ |

ဤသို့သော အမိန့်ကြော်ငြာစာကို ထောက်ရှုပါက ပွဲဟု သတ်မှတ် ခေါ်ဝေါ်သည့် မည်သည့်ပွဲမျိုးမဆိုကို မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ပွဲမိန့်ခွင့်ပြုချက်ဖြင့်သာ ပြုလုပ်ရမည်၊ ပွဲမိန့်ခွင့်ပြုချက် မရရှိဘဲ ကျင်းပပါက အရေးယူမည် ဟူသော ပြဋ္ဌာန်းချက်ကို မြန်မာနိုင်ငံကို ကျွန်ပြု အုပ်ချုပ်သွားသည့် ဗြိတိသျှအစိုးရသည် အာဏာဖြင့် ထုတ်ပြန်သွားခြင်း မရှိဟု သုံးသပ်ရပါသည်။ တရားဥပဒေ စိုးမိုးရေးနှင့် ငြိမ်ဝပ်ပိပြားရေးကို ထိခိုက်မှုမှ ကာကွယ်ရန် အရပ်ဒေသအလိုက် ပေါ်ပေါက်နိုင်သည့် ရာဇဝတ်မှုခင်း အခြေအနေ အကြောင်းခံများကို လေ့လာ စိစစ်ပြီးမှ ခွဲခြား ထုတ်ပြန် သတ်မှတ်ခဲ့ကြောင်း ထင်မြင်မိပါသည်။

ပွဲနှင့် စပ်လျဉ်း၍ ဥပဒေနှင့် အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်သည် ရှိသကဲ့သို့ The Village Headman Manual (ရွာသူကြီးလက်စွဲ) အပိုဒ် (၆၅) ၌ ပွဲမိန့်နှင့် စပ်လျဉ်း၍လည်း အောက်ပါအတိုင်း အသိပေး ဖော်ပြထားခဲ့ပါသည်-

*'ခရိုင်ဝန်၏ အခွင့်အမိန့် မရဘဲဖြစ်စေ၊ ဤကိစ္စရပ်အလို့ငှာ ခရိုင်ဝန်က လွှဲအပ်ထားသည့် အရာရှိ၏ အခွင့်အမိန့် မရဘဲဖြစ်စေ မည်သူမျှ ကျေးရွာနယ်မြေ တစ်စုံတစ်ရာအတွင်း ပွဲလမ်းသဘင် ကျင်းပ ပြသခွင့် မရှိ။*

*ပွဲလမ်းသဘင် ဆိုသည်မှာ လူအများတို့ ပျော်ရွှင်ဖွယ် သွားရောက် ကြည့်ရှုရန် အများပြည်သူနှင့် သက်ဆိုင်သည့် သို့မဟုတ် ပုဂ္ဂလိက တစ်ဦးတစ်ယောက် ပိုင်ဆိုင်သည့် မြေပေါ်တွင် ကျင်းပ ပြသသည့် ရုံပွဲ၊ ရုပ်သေးပွဲ၊ အငြိမ့်ပွဲ (အခကြေးငွေ ရယူ၍)၊ အရိပ်ပြပွဲ၊ ပဒေသာကပွဲနှင့် ဈေးရောင်းပွဲများ အပါအဝင်*

mgyoe.com

mgyoe.com
SAMPLE BOOK

*လှည်း၊ မြင်းကြီး၊ မြင်းပု၊ လှေနှင့် အလားတူ အခြားအရာတို့ ပြေးပွဲပြိုင်ပွဲများ ပါဝင်သည့်အပြင် ခရိုင်နယ်အများတွင် ဘုရားပွဲ၊ ဘုန်းကြီးပျံပွဲ၊ ဆပ်ကပ်ပွဲ၊ လူပြေးပွဲ၊ ရခိုင်နယ်များတွင် နပန်းလုံးပွဲများ၊ ထားဝယ်နှင့် မကွေးခရိုင်တွင် နတ်ပွဲများတို့အပြင် မကွေးခရိုင်အတွင်း မိကျောင်းရဲရွာနယ်မြေနှင့် ရေနံချောင်းနှင့် ချောက်ရှိ သတ်မှတ်ထားသည့် ရေနံမြေရပ်ကွက်များတွင် ပုဏ္ဏားပွဲများလည်း ပါဝင်သည်။'*

## ပွဲကျင်းပရန် ခွင့်ပြုမိန့် တောင်းခံစေရခြင်း

အထက်ပါကဲ့သို့ ပွဲကျင်းမှုနှင့် စပ်လျဉ်း၍ သတ်မှတ်ပြဋ္ဌာန်းချက်များကို တွေ့ရှိရသည့်အပြင် ကျေးရွာလက်စွဲ (Village Manual) ၏ တတိယပိုင်း ဖြစ်သော ကျေးရွာအက်ဥပဒေအရ လိုက်နာဆောင်ရွက်ရန် အုပ်ချုပ်မှုအမိန့်များ (Executive Orders) ၏ အပိုဒ် (၁၂၀) တွင် ဘုရားပွဲ၊ ဘုန်းကြီးပျံ၊ ဆပ်ကပ်ပွဲတို့ကို ပွဲအဖြစ် သတ်မှတ်ပြဋ္ဌာန်းခြင်းနှင့် စပ်လျဉ်း၍ ဆောင်ရွက်ရန် အချက်များကို အောက်ပါအတိုင်း သတ်မှတ်ထုတ်ပြန်ထားခဲ့သည်ကိုလည်း တွေ့ရပါသည်-

*'ဘုရားပွဲများ၊ ဘုန်းကြီးပျံများကို စည်းကမ်း သတ်မှတ်ခြင်းမှာ အဆိုပါ ပွဲလမ်းသဘင်မျိုးကို ခွင့်မပြုလိုသဖြင့် ငြင်းပယ်ရန် ရည်ရွယ်သည် မဟုတ်ဘဲ အဆိုပါ ပွဲလမ်းသဘင်များကို စောင့်ကြပ် ကြည့်ရှု ထိန်းသိမ်းနိုင်ရန်သာ ဖြစ်သည်။ ဘုရားပွဲများ၊ ဘုန်းကြီးပျံပွဲများ ကျင်းပလိုကြောင်း တင်ပြချက်များကို ငြင်းပယ်ခြင်း မပြုရ။ သက်ဆိုင်ရာခရိုင်၏ ခရိုင်ဝန်က အကြောင်းထူး တစ်စုံတစ်ရာ ရှိမှသာလျှင် ငြင်းပယ်ပိုင်ခွင့် ရှိမည်။ သာမန်အားဖြင့် ယင်းကဲ့သို့ ပွဲလမ်းသဘင်မျိုး ကျင်းပရန် တင်ပြချက်ကို ခွင့်ပြုရစမြဲ ဖြစ်စေရမည်။ အဆိုပါ ပွဲလမ်းသဘင်မျိုး ကျင်းပလိုကြောင်း တင်ပြခွင့်ပြုချက် ယူခြင်းအပေါ် မငြင်းပယ်ဘဲ အစဉ် ခွင့်ပြုမည် ဖြစ်ကြောင်းကို အများ သိရှိစေရန် တိုင်းမင်းကြီးတို့က ကြေညာရမည်။*

*ကျေးရွာ အက်ဥပဒေ ပုဒ်မ ၅ (၁) အရ ကျေးရွာနယ်မြေများ ဖြစ်ကြောင်း ပြဋ္ဌာန်း သတ်မှတ်ပြီး ဖြစ်သည့် သစ်တောကျေးရွာများတွင် ပွဲလမ်းသဘင် ကျင်းပရန်အတွက် ခွင့်ပြုချက် ထုတ်ပေးရန် ပုဒ်မ ၂၁ (၁) (က) အရ ခရိုင်သစ်တောအရာရှိများသို့ အခွင့်အာဏာ လွှဲအပ်ရမည်။'*

အထက်ပါ အမိန့်ကို လေ့လာရာတွင် ပွဲမိန့်များ တင်ပြခွင့်ပြုချက် တောင်းခံရန် ဥပဒေ ပြဋ္ဌာန်းချက်သည် ပွဲကျင်းပမှုကို တားမြစ်ရန် ရည်ရွယ်သည် မဟုတ်ဘဲ ဒေသ


mgyoe.com

mgyoe.com
SAMPLE BOOK

အုပ်ချုပ်ရေး အရာရှိများအနေဖြင့် ပွဲကျင်းပမည်ကို ကြိုတင် သိရှိပြီး မလိုလားအပ်သော ရာဇဝတ်မှုခင်းများ မပေါ်ပေါက်လာစေရေးအတွက် ကြိုတင် ကာကွယ် စီမံထိန်းသိမ်းနိုင်ရေးအတွက်သာ ဖြစ်ကြောင်း၊ ပွဲမိန့် တောင်းခံခြင်းကို အကြောင်းထူးမရှိပါက ခွင့်ပြုချက် ထုတ်ပေးရမည် ဖြစ်ကြောင်း တွေ့ရှိရပါသည်။

ယင်းကဲ့သို့ အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်ထားပြီး မြန်မာနိုင်ငံပြန်တမ်းတွင် ထိုအမိန့်ကြော်ငြာစာလည်း ဖော်ပြ ပါရှိသဖြင့် ယင်းသို့ ပွဲများကို ပွဲမိန့် တောင်းခံမှုကို မငြင်းပယ်ဘဲ ခွင့်ပြုရမည် ဖြစ်ကြောင်း ပြဋ္ဌာန်း သတ်မှတ်ချက်အရ အချို့ဒေသတွင် 'ဂေဇက်ဝင် ဘုရားပွဲ၊ ဂေဇက်ဝင် နတ်ပွဲ' ဟူ၍ ပြောဆို သုံးစွဲနေကြသည်ကို လေ့လာတွေ့ရှိမိပါသည်။

## ပွဲခင်းနှင့် လက်နက်

ပွဲကျင်းပရန် ခွင့်ပြုမိန့်တောင်းခံရေး ဥပဒေ ပြဋ္ဌာန်းချက်သည် ပွဲကို မလိုလားအပ်သည့် ရာဇဝတ်မှုများ မပေါ်ပေါက်ရေး အုပ်ချုပ်ရေး အရာရှိများအနေဖြင့် ကြိုတင်စီမံနိုင်ရန် ဖြစ်ကြောင်း တင်ပြခဲ့ပြီး ဖြစ်ပါသည်။ ယင်းအချက်ကို ပိုမို ထင်ရှားစေသည်မှာ ပွဲမိန့် တောင်းခံရန် ပြဋ္ဌာန်းသည့် ပုဒ်မ ၂၁ ၏ နောက်ဆက်တွဲအဖြစ် ပုဒ်မ ၂၁-က ဖြင့် ဘေးအန္တရာယ်ပြုလုပ် ထိုးခုတ်နိုင်သည့် လက်နက်များကို ရွာသူကြီးတို့က တောင်းဆိုသည့်အခါ ပေးအပ်ရခြင်းအတွက် ဖြည့်စွက် ပြဋ္ဌာန်းခဲ့ခြင်းပင် ဖြစ်ပါသည်။

ယင်းပြဋ္ဌာန်းချက်မှာ-

*'၂၁-က။ (၁) ပွဲလမ်းသဘင် တစ်စုံတစ်ရာတွင် ရှိနေသူ မည်သူမဆို လက်နက်အက်ဥပဒေပါ ပြဋ္ဌာန်းချက်မှ ကင်းလွတ် ခွင့်ပြုထားသည့် ဓားအပါအဝင်၊ အခြားဓား၊ တင်းပုတ်တုတ်၊ ဇာဝီတုတ်၊ အမဲလိုက်မြင်းစီးကြိမ် သို့မဟုတ် ဤပုဒ်မအလို့ငှာ ဘေးအန္တရာယ် ပြုလုပ်ထိုးခုတ်နိုင်သည့် လက်နက်အဖြစ် ခရိုင်ဝန်က ကြေညာထားသည့် အခြား ပစ္စည်းတစ်ခုခုကို လက်ဝယ်ထားရှိခြင်း မပြုရ။*

*(၂) မည်သူမဆို ပွဲလမ်းသဘင်သို့ သွားစဉ်၊ ပြန်လာစဉ် သို့မဟုတ် ထိုနေရာတွင် ရှိနေစဉ် အထက်ဖော်ပြပါ လက်နက်တစ်ခုခုကို ယင်း၏လက်ဝယ် ရှိနေသဖြင့် ပေးအပ်ရန် ပြောဆိုသည့်အခါ ထိုပွဲလမ်းသဘင် ကျင်းပရာ ကျေးရွာနယ်မြေ၏ သူကြီးထံဖြစ်စေ၊ ထိုကျေးရွာနယ်မြေရှိ ကျေးရွာပုလိပ်ထံသို့ဖြစ်စေ၊ ပွဲခင်းလုံခြုံရေး*


mgyoe.com

mgyoe.com
SAMPLE BOOK

အတွက် ရွာသူကြီးအား ကူညီဆောင်ရွက်သူ မည်သူသို့မဆို ဖြစ်စေ၊ အဆိုပါ ကျေးရွာနယ်မြေအတွင်းရှိ ရဲဝန်ထမ်းတစ်ဦးဦးသို့ ဖြစ်စေ ပေးအပ်ရမည်။ ထို့ပြင် ဤအပိုဒ်ပါ ပြဋ္ဌာန်းချက်အရ ပေးအပ်သည့် လက်နက်များကို ရွာသူကြီးလက်သို့ အလျင်အမြန် အပ်နှံရမည်။

သို့ရာတွင် ဤအပိုဒ်ပါ ပြဋ္ဌာန်းချက်များအရ ပေးအပ်သည့် လက်နက်တစ်စုံတစ်ရာကို ရွာသူကြီးက အကြောင်းအရာအလိုက် သုံးသပ်ပြီး ပြန်လည် ပေးအပ်လိုပါက မည်သည့်အခါမဆို ပိုင်ရှင်သို့ ပြန်လည် ပေးခွင့် ရှိသည်။

(၃) မည်သူမဆို ဤပုဒ်မ ပြဋ္ဌာန်းချက်များကို ဆန့်ကျင် ကျူးလွန်ပါက ထိုသူသည် ရာဇဝတ် တရားသူကြီးရှေ့မှောက်တွင် ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ကျပ် ၅၀ အထိ ငွေဒဏ်ဖြစ်စေ၊ ၁၅ ရက်အထိ ထောင်ဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံခြင်း ခံရမည်။'

အထက်ပါ ပုဒ်မ ပြဋ္ဌာန်းချက်နှင့် စပ်လျဉ်း၍ ရွာသူကြီးလက်စွဲတွင်လည်း မူလက ပွဲမိန့် တောင်းခံကျင်းပရန် ဖော်ပြခဲ့သည့် အပိုဒ် (၆၅) တွင် ပုဒ်မ စာသားမူရင်းအတိုင်း ဆက်လက် ဖော်ပြထားသည့်အပြင် ရွာသူကြီး၏ တာဝန်တစ်ရပ်အဖြစ် အပိုဒ် (၁၉) တွင် အောက်ပါအတိုင်း ထည့်သွင်း ဖော်ပြထားပါသည်-

'ကျေးရွာနယ်မြေအတွင်း ကျင်းပသောပွဲသို့ သွားရာဖြစ်စေ၊ ပြန်ရာဖြစ်စေ၊ ကြည့်ရှုနေသည့်အခါဖြစ်စေ အပိုဒ် (၆၅) တွင် ဖော်ပြထားသည့် လက်နက်တစ်စုံတစ်ရာ ကိုင်စွဲထားသူ တစ်ဦးတစ်ယောက်ထံမှ မည်သည့်လက်နက်များကိုမဆို သိမ်းယူရန်မှာ ရွာသူကြီးတို့၏ တာဝန် ဖြစ်စေရမည်။ အကယ်၍ အဆိုပါ လူတစ်ဦးတစ်ယောက်က လက်နက်ကို မပေးမအပ် ငြင်းဆန်ပါက ထိုသူကို ရွာသူကြီးက ဖြစ်စေ၊ ရာဇဝတ်တရားသူကြီးတစ်ဦးကဖြစ်စေ ပြစ်ဒဏ် ချမှတ်နိုင်သည်။ ယင်းကဲ့သို့ အကြောင်းအရာနှင့် ပတ်သက်၍ ဆင့်ဆိုသော ညွှန်ကြားမှုများကို ရွာသူရွာသားများ တိကျစွာ လိုက်နာကြရန် ဖြစ်ကြောင်း ရွာသူကြီးတို့က ရွာသူရွာသားတို့အား ရှင်းလင်းစွာ ကြိုတင် အသိပေးထားရမည်။'

ဤပြဋ္ဌာန်းချက်များသည် ပွဲကျင်းပမှုတွင် ရာဇဝတ်မှုခင်းများ မပေါ်ပေါက်စေရေး အဓိက ဖြစ်သည်ကို ထင်ရှားစေပါသည်။


mgyoe.com

mgyoe.com
SAMPLE BOOK

ပွဲလမ်းသဘင် ကျင်းပခြင်း၊ ပွဲမိန့်တောင်းခံခြင်း၊ ပွဲမိန့်ခွင့်ပြုချက် ထုတ်ပေးခြင်းတို့နှင့် စပ်လျဉ်း၍ ဗြိတိသျှအစိုးရခေတ်၊ လွတ်လပ်ရေး ရပြီး ဖဆပလခေတ်၊ တော်လှန်ရေးကောင်စီခေတ်၊ ပြည်သူ့ကောင်စီခေတ်တို့တွင် အထက်တွင် ဆွေးနွေး တင်ပြခဲ့သည့် ဥပဒေ ပြဋ္ဌာန်းချက်များအတိုင်း ဆောင်ရွက်ခဲ့ကြပါသည်။ တပ်မတော် အစိုးရလက်ထက် နဝတခေတ်၊ နယကခေတ်တို့တွင်မူ လုံခြုံရေး အကြောင်းပြချက်များဖြင့် ပွဲကျင်းပရန် စည်းကမ်းချက်များ တင်းကျပ်ခြင်း၊ ဥပဒေတွင် မပါရှိသည်များကို အမိန့်စာဖြင့် ထုတ်ပြန် သတ်မှတ်ခြင်းတို့ ပေါ်ပေါက်ခဲ့ပါသည်။

## ဥပဒေသစ် ပြဋ္ဌာန်းရာတွင် သတ်မှတ်ချက်

ထိုမှသည် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေး ဥပဒေကို ၂၀၁၂ ခုနှစ် ပြည်ထောင်စုလွှတ်တော် ဥပဒေ အမှတ် (၁) ဖြင့် ပြဋ္ဌာန်းရာတွင် ယခင် ကျင့်သုံးခဲ့သည့် မြို့များ အက်ဥပဒေ (The Towns Act) နှင့် ကျေးရွာအက်ဥပဒေ (The Village Act) တို့ကို ရုပ်သိမ်းခဲ့ပါသည်။ ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလ ၂၄ ရက်နေ့တွင် ဥပဒေ အသစ်ကို စတင် ပြဋ္ဌာန်းသည့်အခါ ပွဲလမ်းသဘင် ကျင်းပခြင်းနှင့်စပ်လျဉ်း၍ ပုဒ်မ ပြဋ္ဌာန်းချက်များ တစ်မျိုးတစ်ဖုံ ပါရှိလာသည်ကို တွေ့ရပါသည်။

အခန်း (၇)၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ လုပ်ငန်းတာဝန်များ အခန်းတွင် ပုဒ်မ ၁၃၊ ပုဒ်မခွဲ (စ) ၌ အောက်ပါအတိုင်း တွေ့ရှိရပါသည်-

*'၁၃။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးသည် အောက်ပါ လုပ်ငန်း တာဝန်များကို ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်-*

*(စ) ပြည်ထောင်စုအစိုးရ၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရ၊ နေပြည်တော်ကောင်စီနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့တို့ကဖြစ်စေ၊ ယင်းတို့၏ တာဝန်ပေးချက်အရ အစိုးရဌာန၊ အဖွဲ့အစည်းကဖြစ်စေ ဦးစီးကျင်းပသည့် အခမ်းအနားများနှင့် ပွဲများမှအပ အခမ်းအနားများ၊ အများပြည်သူသို့ ဖျော်ဖြေသည့်ပွဲများ၊ ပြပွဲများ၊ ပြိုင်ပွဲများ၊ ရိုးရာဓလေ့ပွဲများ ကျင်းပခွင့် အမိန့်တောင်းခံခြင်းနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ အုပ်ချုပ်ရေးမှူးထံ သဘောထားမှတ်ချက် တင်ပြခြင်း၊ ကျင်းပခွင့်*


mgyoe.com

mgyoe.com
SAMPLE BOOK

*မရှိဘဲဖြစ်စေ၊ သတ်မှတ်ထားသော စည်းကမ်းချက်များကို မလိုက်နာဘဲဖြစ်စေ အခမ်းအနားကိစ္စများ အပါအဝင် ပွဲ ကျင်းပပါက အရေးယူရန် တင်ပြခြင်း-*

ယင်းပြဋ္ဌာန်းချက်နှင့် ဆက်စပ်သည့် ပုဒ်မ ပြဋ္ဌာန်းချက်ကို ဥပဒေ၏ အခန်း (၉)၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း နေထိုင်သူတို့၏ တာဝန်ဝတ္တရားများ အခန်းမှ ပုဒ်မ ၂၁ တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်ကို တွေ့ရပါသည်-

*'၂၁။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း နေထိုင်သူသည် အခမ်းအနားများ၊ အများပြည်သူ ဖျော်ဖြေသည့်ပွဲများ၊ ပြပွဲများ၊ ပြိုင်ပွဲများ၊ ရိုးရာဓလေ့အရ ပြုလုပ်ရသည့် ပွဲများကို ကျင်းပလိုပါက သက်ဆိုင်ရာ တာဝန်ရှိသူထံမှ ခွင့်ပြုမိန့် ရယူရမည့်အပြင် သတ်မှတ်ပေးထားသည့် စည်းကမ်းချက်များကို လိုက်နာရမည်။'*

ယင်းပြဋ္ဌာန်း သတ်မှတ်ချက်များအတွက် ဥပဒေ၏ အခန်း (၁၁)၊ ပြစ်မှုနှင့် ပြစ်ဒဏ်များ အခန်းတွင် ပုဒ်မ ၂၆ ၌ အောက်ပါအတိုင်း ပြဋ္ဌာန်းလိုက်သည်ကို တွေ့ရပါသည်-

*'၂၆။ မည်သူမဆို ပုဒ်မ ၂၁ ပါ တာဝန်ကို ဆောင်ရွက်ရန် ပျက်ကွက်လျှင် ထိုသူကို ခြောက်လထက် မပိုသော ထောင်ဒဏ်ကိုဖြစ်စေ၊ ကျပ်ငါးသောင်းထက် မပိုသော ငွေဒဏ်ကိုဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးကိုဖြစ်စေ သက်ဆိုင်ရာ တရားရုံးက ချမှတ်ရမည်။'*

မည်သို့ပင်ဖြစ်စေ ယခင်ဥပဒေများ၏ ပွဲမိန့်ဆိုင်ရာ ရည်ရွယ်ချက် သဘောထားများနှင့် ကွဲပြားနေသည့် အနေအထားများ တွေ့ရပါသည်။ ယခင် ဗြိတိသျှ ဥပဒေတို့က ပွဲမိန့်တောင်းခံစေခြင်းသည် ခွင့်ပြုခြင်း မပြုခြင်း ဟူသည့်အချက်က အဓိက မဟုတ်၊ သာမန်အားဖြင့် ခွင့်ပြုစမြဲ ဖြစ်သည်။ အုပ်ချုပ်ရေး တာဝန်ရှိသူများအနေဖြင့် ပွဲလမ်းသဘင် ကျင်းပမည်ကို ကြိုတင် သိရှိပြီး အများပြည်သူအတွက် ဘေးအန္တရာယ်ကင်းစွာ ကျင်းပနိုင်ရေး ကြိုတင် စီမံရန်အတွက် ကြိုတင် ခွင့်တောင်းစေခြင်း ဖြစ်ပါသည်။ အုပ်ချုပ်သူများ၏ တာဝန်ပိုင်းကို ပိုမို အလေးအနက်ပြုပါသည်။ ယခုကဲ့သို့ အသစ် ပြဋ္ဌာန်းရာတွင် တာဝန်ယူမှုကို အုပ်ချုပ်သူတို့၏ ပခုံးထက်မှ ပြည်သူလူထု၏ ပခုံးထက်သို့ လွှဲပြောင်းပေးလိုက်ခြင်းသဘောများ ဖြစ်လာပါသည်။


mgyoe.com

mgyoe.com
SAMPLE BOOK

## နည်းဥပဒေ ပြဋ္ဌာန်းချက်များ

ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေး ဥပဒေကို အကောင်အထည်ဖော်ရန် ၂၀၁၂ ခုနှစ် ဇူလိုင်လ ၆ ရက်နေ့တွင် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဆိုင်ရာ နည်းဥပဒေကို ထုတ်ပြန်ခဲ့ပါသည်။ ယင်းနည်းဥပဒေတွင် ပွဲလမ်းသဘင်ကျင်းပရေးနှင့် စပ်လျဉ်း၍ နည်းဥပဒေ အခန်း (၄) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ လုပ်ငန်းတာဝန်များအခန်း၊ အပိုဒ် (၁၄) ၌ အောက်ပါအတိုင်း ပြဋ္ဌာန်း ထုတ်ပြန်ခဲ့ပါသည်-

*'၁၄။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးသည် အုပ်ချုပ်ရေးဆိုင်ရာ လုပ်ငန်းတာဝန်များကို အောက်ပါအတိုင်း ဆောင်ရွက်ရမည်-'*

ဟု အစပြု၍ အပိုဒ်ခွဲ (က) တွင် အချက်ပေါင်း ခုနစ်ချက်ကို ဖော်ပြခဲ့ပါသည်။ ယင်းတို့ကို ခွဲခြားလေ့လာ တင်ပြပါမည်။

ရှေးဦးစွာ အချက် (၁) ကို တင်ပြပါမည်။ ယင်းအချက်မှာ-

*'(က) ပွဲများ ကြီးကြပ်ခြင်းနှင့် ပတ်သက်၍-*

*(၁) ဥပဒေပုဒ်မ ၁၃၊ ပုဒ်မခွဲ (စ) အရ အခမ်းအနားများနှင့် အများပြည်သူကို ဖျော်ဖြေသည့်ပွဲများ၊ ပြပွဲများ၊ ပြိုင်ပွဲများ၊ ရိုးရာဓလေ့ပွဲများ ကျင်းပလိုသော သက်ဆိုင်ရာပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများက ကျင်းပခွင့်အမိန့် တောင်းခံသည့်အခါ မိမိ၏ သဘောထားမှတ်ချက်ဖြင့် မြို့နယ်အုပ်ချုပ်ရေးမှူးမှတစ်ဆင့် ခရိုင်အုပ်ချုပ်ရေးမှူးထံ တင်ပြခြင်း၊'*

ပွဲမိန့် သို့မဟုတ် ခွင့်ပြုချက်နှင့် စပ်လျဉ်း၍ ဥပဒေ ပြဋ္ဌာန်းစဉ်က သက်ဆိုင်ရာအုပ်ချုပ်ရေးမှူးထံသို့ သဘောထားမှတ်ချက်ဖြင့် တင်ပြခြင်းဟုသာ ပြဋ္ဌာန်းခဲ့ပြီး နည်းဥပဒေ ပြဋ္ဌာန်းသည့်အခါတွင်မှ မြို့နယ်အုပ်ချုပ်ရေးမှူးမှတစ်ဆင့် ခရိုင်အုပ်ချုပ်ရေးမှူးထံ တင်ပြခြင်းဟု ဖြည့်စွက် ဖော်ပြသော်လည်း ဥပဒေနှင့် နည်းဥပဒေ နှစ်ရပ်လုံးတွင် ပွဲကျင်းပရန် ခွင့်ပြုမိန့်ပေးခွင့် ရှိသူ မည်သူ ဖြစ်ကြောင်း တိကျစွာ ပြဋ္ဌာန်းထားခြင်း မတွေ့ရပါ။

ဆက်လက်၍ အချက် (၂) ကို တင်ပြပါမည်။ ယင်းအချက်တွင် အောက်ပါအတိုင်း တွေ့ရှိရပါသည်-

mgyoe.com

mgyoe.com
SAMPLE BOOK

*'(၂) ပြည်ထောင်စုအစိုးရ၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ၊ နေပြည်တော်ကောင်စီနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့တို့ကဖြစ်စေ၊ ယင်းတို့၏ တာဝန်ပေးချက်အရ အစိုးရ အဖွဲ့အစည်းများကဖြစ်စေ ကျင်းပသည့် အခမ်းအနားများ၊ ပွဲလမ်းသဘင်များ၊ သရုပ်ဖော် ပြပွဲများ၊ ပြိုင်ပွဲများနှင့် အခြားဖျော်ဖြေပွဲများကို ကျင်းပခြင်း ဖြစ်ပါက ပြည်ထောင်စုအစိုးရ၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ၊ နေပြည်တော်ကောင်စီနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့တို့က သတ်မှတ်သည့် စည်းကမ်းချက်များနှင့် ညီညွတ်စေရန် ကြီးကြပ်ခြင်း၊'*

၎င်းပြဋ္ဌာန်းချက်ကို လေ့လာရာတွင် ရေးသားထားသည့်စာသားအရ ပြည်ထောင်စုအစိုးရအဖွဲ့က ကျင်းသည့်ပွဲအထိပင် ပြည်ထောင်စု အစိုးရအဖွဲ့က သတ်မှတ်သည့် စည်းကမ်းနှင့် ညီညွတ်စေရန် ရပ်ကွက် သို့မဟုတ် ကျေးရွာ အုပ်ချုပ်ရေးမှူးအား ကြီးကြပ်ခြင်းအာဏာ အပ်နှင်းထားသည်ကို တွေ့ရပါသည်။ ယင်းလုပ်ပိုင်ခွင့် တာဝန်နှင့် စပ်လျဉ်း၍ မူရင်းအခြေခံ ဥပဒေတွင် ပြဋ္ဌာန်းချက် မတွေ့ရှိရပါ။ ဥပဒေတွင် မပါသည့် လုပ်ပိုင်ခွင့်ကို နည်းဥပဒေဖြင့် အပ်နှင်းခြင်းခြင်းသည် မမှန်ကန်သော ပြဋ္ဌာန်းချက်သာ ဖြစ်ပေလိမ့်မည်။

နည်းဥပဒေပါ အချက် (၃) ကို ဆက်လက် တင်ပြပါမည်။ ယင်းအချက်မှာ-

*'(၃) သက်ဆိုင်ရာက ထုတ်ပေးသည့် ပွဲမိန့် သို့မဟုတ် ခွင့်ပြုချက် မရှိဘဲ အခမ်းအနားနှင့် ပွဲလမ်းသဘင် ကျင်းပခြင်း၊ စင်တင်တေးဂီတဖြင့် ဖျော်ဖြေခြင်း၊ ပြိုင်ပွဲ၊ သရုပ်ဖော် ပြသပွဲနှင့် အခြားဖျော်ဖြေပွဲများ ကျင်းပခြင်း သို့မဟုတ် ယင်းပွဲများ ကျင်းပနိုင်ရန် အားပေး ကူညီခြင်းတို့ကို တွေ့ရှိပါက သက်ဆိုင်ရာသို့ တင်ပြခြင်း၊'*

ခွင့်ပြုချက် မရှိဘဲ ကျင်းပသူနှင့် အားပေး ကူညီသူများအတွက် သက်ဆိုင်ရာသို့ တင်ပြခြင်း ဆိုပါက ဥပဒေ ပြဋ္ဌာန်းချက်တွင် တင်ပြခြင်းဟု ပါရှိပြီး ဖြစ်ပါလျက် ယခု သက်ဆိုင်ရာသို့ တင်ပြခြင်းဟုသာ ဖော်ပြပြီး မည်သူသို့ ဟူသည်ကို အဘယ်ကြောင့် ချန်လှပ်ထားသည်ကို စဉ်းစားရပါမည်။ ပုဒ်မ ၂၆ ပါ ပြစ်ဒဏ်သတ်မှတ်ချက်ကို ရာဇဝတ်ကျင့်ထုံး ကိုဓဥပဒေ ဇယား (၂) နှင့် ယှဉ်တွဲကြည့်ပါက ရဲအရေးပိုင်သောအမှု ဖြစ်သဖြင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့စခန်းသို့ တင်ပြရန် ရည်ရွယ်သည်လားဟု တွေးတော


mgyoe.com

mgyoe.com
SAMPLE BOOK

ပါသည်။ တစ်ဖန် ကျင်းပသူကို အရေးယူခြင်းသည် ဥပဒေ ပြဋ္ဌာန်းချက်ပါ စာသားနှင့် ကိုက်ညီသော်လည်း အားပေးကူညီသူကို အရေးယူရန် မူရင်းဥပဒေ ပြဋ္ဌာန်းချက်တွင် ယခင် ကျေးရွာအက်ဥပဒေကဲ့သို့ မပါရှိသဖြင့် ဤအထူးဥပဒေကို ရာဇသတ်ကြီးပါ အားပေးကူညီမှု ပုဒ်မဖြင့် တွဲ၍ အရေးယူရန် ရည်ရွယ်ချက်အရ ထည့်သွင်းသည်လား ဟု ထင်မြင်ယူဆမိပါသည်။

နည်းဥပဒေပါ ပွဲမိန့်၏ အချက် (၄) ကို ဆက်လက်တင်ပြပါမည်။ ဤအချက်သည်လည်း သက်ဆိုင်ရာသို့ တင်ပြရန် ဖြစ်ကြောင်း အောက်ပါအတိုင်း တွေ့ရပါသည်-

*'(၄) သက်ဆိုင်ရာက ထုတ်ပေးသည့် ပွဲမိန့် သို့မဟုတ် ခွင့်ပြုချက်ဖြင့် ပွဲကျင်းပခြင်း ဖြစ်သော်လည်း သတ်မှတ်ထားသော စည်းကမ်းချက်ကို လိုက်နာခြင်း မရှိကြောင်း တွေ့ရှိလျှင် သက်ဆိုင်ရာသို့ တင်ပြခြင်း၊'*

ယခင် အက်ဥပဒေဟောင်းတွင် မပါဝင်ခဲ့သော ပြဋ္ဌာန်းချက်ကို ဥပဒေအသစ် ပြဋ္ဌာန်းရာတွင် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ တာဝန်အဖြစ် သတ်မှတ် ပြဋ္ဌာန်း၍ အထက်တာဝန်ရှိသူများက ယင်းတို့၏ တင်ပြ သတင်းပို့မှသာ အရေးယူ ဆောင်ရွက်မည့်သဘောများ တွေ့ရှိရပါသည်။ ထို့ပြင် ဥပဒေ ပြဋ္ဌာန်းချက်၌ သတ်မှတ်စည်းကမ်း မလိုက်နာပါက ပြစ်မှုအဖြစ် ပြစ်ဒဏ် သတ်မှတ်ထားပြီး ဖြစ်နေပါသည်။ ဤသည်ကို အရေးယူရေး ဆောင်ရွက်ရန်ဟု မဖော်ပြဘဲ သက်ဆိုင်ရာသို့ တင်ပြခြင်းဟုသာ တာဝန် သတ်မှတ်ထားသည်မှာ လက်တွေ့ အကောင်အထည်ဖော် ကြီးကြပ်သူများအတွက် နည်းဥပဒေ ပြဋ္ဌာန်းချက်သည် တာဝန်နှင့် လုပ်ပိုင်ခွင့် ဟန်ချက် မညီသည့်သဘောကို တွေ့ရပါသည်။

အချက် (၅) ကို အောက်ပါအတိုင်း နည်းဥပဒေတွင် တွေ့ရှိရသည်မှာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးတို့၏ တာဝန်ယူရမှုသဘောကို ဌာနဆိုင်ရာများ၏ ပံ့ပိုးမှု ရယူစေခြင်းမှာ ကောင်းမွန်သော နည်းဥပဒေ ပြဋ္ဌာန်းချက်ဟု မြင်မိပါသည်။

*'(၅) သက်ဆိုင်ရာ၏ ခွင့်ပြုချက်အရ ကျင်းပသော ပွဲများကို ကြပ်မတ် ထိန်းသိမ်းနိုင်ရေးအတွက် သက်ဆိုင်ရာ ဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်း ဆောင်ရွက်ခြင်း၊'*

ပွဲခင်းတွင် လက်နက်များ ကိုင်ဆောင်မှုအတွက် အချက် (၆) တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်ကို တွေ့ရပါသည်-

mgyoe.com

mgyoe.com SAMPLE BOOK

*'(၆) ပွဲခင်းနှင့် ပွဲသွားပွဲလာ နေရာများတွင် အများပြည်သူတို့ကို အန္တရာယ်ဖြစ်စေနိုင်သော လက်နက်ကိရိယာ တစ်စုံတစ်ရာကို ကိုင်ဆောင် သွားလာခြင်း မပြုရန် တားမြစ်ခွင့်နှင့် သိမ်းဆည်းခွင့် ရှိခြင်း၊'*

ဤနည်းဥပဒေ ပြဋ္ဌာန်းချက်သည် ဥပဒေတွင် မပါရှိသော လုပ်ပိုင်ခွင့်ကို နည်းဥပဒေတွင် ထည့်သွင်း အပ်နှင်းသည်လားဟု ယူဆဖွယ်ရာ ဖြစ်နေပါသည်။ ဤလုပ်ပိုင်ခွင့်နှင့် စပ်လျဉ်း၍ ဥပဒေ၏ ပုဒ်မ ၁၃ (ဏ) ပါ လုပ်ငန်းတာဝန်နှင့် ဆက်စပ်အပ်နှင်းသည်လားဟု လေ့လာကြည့်မိပါသည်။ လမ်းများ၊ အများပြည်သူဆိုင်ရာ နေရာများတွင် အများပြည်သူ အနှောင့်အယှက် ဖြစ်စေရန်၊ အန္တရာယ် ဖြစ်စေရန်၊ ထိခိုက်နစ်နာစေရန် ပြုလုပ်မှုအတွက်လည်းကောင်း၊ ခိုက်ရန် ဖြစ်ပွားမှုကိုလည်းကောင်း၊ ခွင့်ပြုချက်မရှိသော လက်နက်ခဲယမ်းများ ကိုင်ဆောင်မှုကိုလည်းကောင်း တားမြစ်ခြင်း၊ ယင်းသို့ တားမြစ်သည်ကို လိုက်နာခြင်း မရှိပါက ဖမ်းဆီးခြင်း၊ ဖမ်းဆီးရန် အကြောင်းကြားခြင်း ဟူသည် ထိုပုဒ်မခွဲ ပြဋ္ဌာန်းချက်ကို သရုပ်ခွဲကြည့်ရာတွင် လမ်းများနှင့် အများပြည်သူဆိုင်ရာ နေရာတွင်-

(၁) ပြည်သူလူထုကို အနှောင့်အယှက်ပြု အန္တရာယ်ပေးခြင်း၊

(၂) ခိုက်ရန် ဖြစ်ပွားခြင်း၊

(၃) ခွင့်ပြုချက် မရှိသော လက်နက်ခဲယမ်း ကိုင်တွယ်ခြင်း

တို့ကို တားမြစ်ခြင်းနှင့် ဖမ်းဆီး အရေးယူခြင်း လုပ်ပိုင်ခွင့် ဖြစ်ပါသည်။

ယင်းတွင် 'ခွင့်ပြုချက် မရှိသော လက်နက်ခဲယမ်း' ဟူသည့် စကားရပ်သည် လက်နက် အက်ဥပဒေပါ လက်နက် ဟူသည့် စကားရပ်၏ အစိတ်အပိုင်းသာ ဖြစ်ပြီး အင်္ဂလိပ်ဘာသာဖြင့် 'fire-arms' (ခဲယမ်းလက်နက်) ကိုသာ ရည်ညွှန်း ပြဆိုထားပါသည်။ တုတ်၊ ဓား စသည့်လက်နက်များကို မရည်ညွှန်းပါ။ သို့ဖြစ်၍ ယခင်အက်ဥပဒေဟောင်းပါ ပွဲခင်းအလာ အပြန်နှင့် ပွဲခင်းအတွင်း ရှိနေစဉ် လက်နက်အက်ဥပဒေအရ ပိတ်ပင်ထားခြင်း မရှိသော တုတ်၊ ဓား တစ်စုံတစ်ရာ လက်ဝယ်ထားမှုကို သိမ်းဆည်းခြင်း ဟူသည့် ပြဋ္ဌာန်းချက်ကဲ့သို့ မရှိဘဲ နည်းဥပဒေက ဖြည့်စွက် အပ်နှင်းခြင်းဟု ယူဆ သုံးသပ်မိပါသည်။

အထက်ပါအချက်၏ လိုအပ်ချက်ကို နောက်ဆုံးဖြစ်သည့် အချက် (၇) က ထပ်မံဖော်ပြလိုက်ပြန်သေးသည်ကို တွေ့ရပါသည်။ အချက် (၇) တွင် အောက်ပါအတိုင်း ဖော်ပြထားပါသည်-


mgyoe.com

mgyoe.com
SAMPLE BOOK

*'(ဂ) ပွဲခင်းလုံခြုံရေး တာဝန်ရှိသူနှင့် လက်နက် ကိုင်ဆောင်ခွင့်ပြုထားသူများမှ အပ မည်သူမျှ လက်နက် ကိုင်ဆောင်ခွင့် မပြုရန် တားမြစ်ခြင်း။'*

လက်နက် အက်ဥပဒေအရ ကိုင်ဆောင်ခွင့်ပြုမထားသည်များကို ကိုင်ဆောင်မှု တွေ့ရှိပါက မည်သည့်နေရာတွင်ဖြစ်စေ အရေးယူရန်သာ ဖြစ်ပါသည်။ တားမြစ်ခြင်း ဟူသည်မှာ ဥပဒေအရ တာဝန်ရှိသည့် ရပ်ရွာအုပ်ချုပ်ရေး တာဝန်ခံကို ဥပဒေကို မျက်ကွယ်ပြုစေသည့် သဘောများ ပါနေပါသည်။ ထို့ပြင် ပွဲခင်း လုံခြုံရေး တာဝန်ရှိသူ ဟု ဆိုထားသည့်အတွက် နည်းဥပဒေ ပြဋ္ဌာန်းချက်သည် လက်နက် အက်ဥပဒေ၏ တားမြစ်ချက်များကို ကျော်လွန် ခွင့်ပြုသည့်သဘော ဖြစ်နေပါသည်။ လက်နက် ဟူသည် လက်နက်ဥပဒေလက်စွဲအရ ကိုင်ဆောင်ခွင့် ရှိသူမှအပ မည်သည့်တာဝန်ရှိသူမျှ ကိုင်ဆောင်ခွင့် မရှိသည်ကို သတိပြုရန် လိုအပ်ပါသည်။

## ပြင်ဆင်သည့် ဥပဒေ

ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေး ဥပဒေကို အကြိမ်ကြိမ် ဆွေးနွေး၍ ပြင်ဆင်သည့် ဥပဒေများ ထုတ်ပြန်ခဲ့ရာ ယခုနောက်ဆုံး ရပ်ကွက် သို့မဟုတ် ကျေးရွာ အုပ်စု အုပ်ချုပ်ရေး ဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကို ၂၀၁၆ ခုနှစ် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် (၄၁) ဖြင့် ပြဋ္ဌာန်း ထုတ်ပြန်ခဲ့ပြီး ဖြစ်ပါသည်။

ယင်းသို့ ပြင်ဆင်ပြဋ္ဌာန်းရာတွင် ပွဲလမ်းသဘင်များအတွက် ပွဲမိန့်နှင့် စပ်လျဉ်း၍ ပုဒ်မ ၁၃ (စ) ကို အောက်ပါအတိုင်း ပြင်ဆင် ပြဋ္ဌာန်းခဲ့သည်ကို တွေ့ရပါသည်-

*'(စ) ပြည်ထောင်စုအစိုးရ၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရ၊ နေပြည်တော်ကောင်စီနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ ဦးစီးအဖွဲ့တို့ကဖြစ်စေ၊ ယင်းတို့၏ တာဝန် ပေးချက်အရ အစိုးရဌာန၊ အဖွဲ့အစည်းကဖြစ်စေ ဦးစီးကျင်းပသည့် အခမ်း အနားများနှင့် ပွဲများမှအပ အခြား အခမ်းအနားများ၊ အများပြည်သူသို့ ဖျော်ဖြေသည့်ပွဲများ၊ ပြပွဲများ၊ ပြိုင်ပွဲများ၊ ရိုးရာဓလေ့ပွဲများ ကျင်းပခြင်းနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ မြို့နယ်အုပ်ချုပ်ရေးမှူးထံ အသိပေး တင်ပြပြီး တာဝန်ယူ တာဝန်ခံ ကျင်းပစေခြင်း၊'*


mgyoe.com

mgyoe.com
SAMPLE BOOK

ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးတစ်ဦး၏ တာဝန် သတ်မှတ်သည့် ဤပြဋ္ဌာန်းချက်နှင့် စပ်လျဉ်း၍ 'ပြည်ထောင်စုအစိုးရ၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ၊ နေပြည်တော်ကောင်စီနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ ဦးစီးအဖွဲ့တို့ကဖြစ်စေ၊ ယင်းတို့၏ တာဝန်ပေးချက်အရ အစိုးရဌာန၊ အဖွဲ့အစည်းကဖြစ်စေ ဦးစီး ကျင်းပသည့် အခမ်းအနားများနှင့် ပွဲများမှအပ' ဟူသည့် စကားရပ်သည် ဤသို့ အထူး သီးခြား ဖော်ပြရန် လိုအပ်ပါမည်လား တွေးတောမိပါသည်။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးတစ်ဦးသည် မိမိတာဝန်ရှိသော ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုနေ ပြည်သူလူထု၏ ပြည်သူ့ရေးရာ စီမံခန့်ခွဲရေး တာဝန်ခံတစ်ဦး၊ အုပ်ချုပ်ရေး တာဝန်ခံတစ်ဦးသာ ဖြစ်ပြီး ယင်း၏တာဝန်တွင် ဤမျှ ကျယ်ပြန့်သော စကားရပ်ထည့်သွင်း ပြဋ္ဌာန်းထားသည်ကို ဥပဒေ ရေးသားသူတို့၏ အတွေးကို မိမိအနေဖြင့် ဉာဏ်မမီသည်ကတော့ အမှန်ပင် ဖြစ်ပါသည်။ ထို့ပြင် တည်ဆဲ နည်းဥပဒေပါ အဆိုပါ ပွဲများကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးက ကြီးကြပ်ရမည် ဟူသည့် ပြဋ္ဌာန်း သတ်မှတ်ချက်ကိုလည်း ပြန်လည် သုံးသပ် ပြင်ဆင်ရန် လိုအပ်လာမည်ဟု ယူဆပါသည်။

ဤပြင်ဆင်ချက်တွင် ထပ်ဆင့် တွေးတောမိသည်မှာ 'အခြား အခမ်းအနားများ၊ အများပြည်သူသို့ ဖျော်ဖြေသည့်ပွဲများ၊ ပြပွဲများ၊ ပြိုင်ပွဲများ၊ ရိုးရာဓလေ့ပွဲများ ကျင်းပခြင်းနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ မြို့နယ်အုပ်ချုပ်ရေးမှူးထံ အသိပေး တင်ပြပြီး တာဝန်ယူ တာဝန်ခံ ကျင်းပစေခြင်း' ဟူသည့် အချက်ပင် ဖြစ်ပါသည်။ ယင်းစာသားပါ ပွဲများအနက် 'အများပြည်သူသို့ ဖျော်ဖြေသည့်ပွဲများ၊ ပြပွဲများ၊ ပြိုင်ပွဲများ၊ ရိုးရာဓလေ့ပွဲများ' ဆိုသည့် စာသားအပေါ် အငြင်းပွားစရာတစ်ခုဟု မြင်မိပါသည်။ အများပြည်သူသို့ ဖျော်ဖြေသည့်ပွဲ ဆိုသည်က ရှင်းလင်းပါသည်။ သို့ရာတွင် ပြပွဲများ၊ ပြိုင်ပွဲများ၊ ရိုးရာ ဓလေ့ပွဲများဟု ဆိုရာတွင် အများပြည်သူသို့ ပြသသည့်ပွဲများ၊ အများပြည်သူ ပါဝင်သည့် ပြိုင်ပွဲများ၊ အများပြည်သူနှင့် သက်ဆိုင်သည့် ရိုးရာဓလေ့ပွဲများကို ဆိုလိုသည်လား၊ ပုဂ္ဂလိက တစ်ဦးချင်း ကိုယ်ပိုင်ဥပစာ၊ ခြံတွင် ပြုလုပ်သည့် ဆွေမျိုးမိသားစုပွဲများ၊ မိတ်ဆွေအပေါင်းအသင်းများနှင့် သီးသန့်ပွဲ ပါတီများ အကျုံးဝင်ပါဝင် သတ်မှတ်ပါသလား ဟူသော အမေး ပေါ်ပေါက်ပါသည်။

မည်သို့သောပွဲပင်ဖြစ်စေ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးက တာဝန်ယူ၍ မြို့နယ်အုပ်ချုပ်ရေးမှူးထံ အသိပေး တင်ပြပြီးနောက် ထိုပွဲကို ရပ်ကွက်


mgyoe.com

mgyoe.com SAMPLE BOOK

သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးကိုယ်တိုင် တာဝန်ခံ၍ ကျင်းပရမည်တော့ အမှန်ပင် ဖြစ်ပါသည်။ ဥပဒေတစ်ရပ်အနေဖြင့် တရားမျှတ မှန်ကန် သင့်လျော်ပါမည် လော။ ဤဖြစ်စဉ်အပေါ် ခရိုင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့က မည်သည့်အတိုင်း အတာ တာဝန်ယူမည်ကိုမူ ဥပဒေ ပြဋ္ဌာန်းချက်တွင် မတွေ့ရှိပါ။ ခရိုင်အုပ်ချုပ်ရေးနှင့် မြို့နယ်အုပ်ချုပ်ရေး ဥပဒေများ ပြဋ္ဌာန်းလာသည့်အခါ တွေ့ရှိရမည်ဟု မျှော်မှန်းနေ မိပါသည်။

ပွဲများ ကျင်းပမှုနှင့် စပ်လျဉ်း၍ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေး မှူး၏ တာဝန်နှင့် ဆက်စပ်ကာ ရပ်ရွာသားတို့၏ တာဝန်နှင့် စပ်လျဉ်း၍ ပုဒ်မ ၂၁ ကို အောက်ပါအတိုင်း ပြင်ဆင် ပြဋ္ဌာန်းထားပါသည်-

> *'၂၁။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း နေထိုင်သူသည် အခမ်းအနား များ၊ အများပြည်သူ ဖျော်ဖြေသည့်ပွဲများ၊ ပြပွဲများ၊ ပြိုင်ပွဲများ၊ ရိုးရာဓလေ့ အရ ပြုလုပ်သည့်ပွဲများကို ကျင်းပလိုပါက သက်ဆိုင်ရာ တာဝန်ရှိသူထံ အသိပေး တင်ပြရမည့်အပြင် သတ်မှတ်ပေးသော စည်းကမ်းချက်များကို လိုက်နာရမည်။'*

ဤပြဋ္ဌာန်းချက်ပါ စာသားနှင့် အထက်မှ ပုဒ်မ ၁၃ (စ) ပါ စာသား ယှဉ်တွဲကြည့် ရာတွင် ပုဒ်မ ၁၃ (စ) ၌ ရပ်ရွာအတွင်း ကျင်းပသည့် ပွဲများကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးက တာဝန်ယူ တာဝန်ခံ ကျင်းပရန် ပြဋ္ဌာန်း သတ်မှတ် ထားပြီး ဤပုဒ်မ ပြဋ္ဌာန်းချက်အရ ဆိုပါက ရပ်ရွာနေပြည်သူအနေဖြင့် ကျင်းပလိုပါက သက်ဆိုင်ရာ တာဝန်ရှိသူထံ တင်ပြရမည် ဆိုထားခြင်းသည် ဆက်နွှယ်မှု ရှိ မရှိ စဉ်းစားရန် လိုအပ်ပါသည်။ သက်ဆိုင်ရာ တာဝန်ရှိသူ ဟူသည့် စကားရပ်သည် ဆယ်အိမ်မှူး၊ ရာအိမ်မှူးတို့ကို ဆိုလိုပါသလား၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးကို ဆိုလိုပါသလား၊ ခရိုင် သို့မဟုတ် မြို့နယ်အုပ်ချုပ်ရေးမှူးတို့ကို ဆိုလိုပါသလား ဥပဒေ ပြဋ္ဌာန်းချက် ရှင်းလင်းရန် လိုအပ်နေပါသည်။ နောက်မှ ကြည့်လုပ်တာပေါ့ ဆိုသည့် အတွေးမျိုးကို ဥပဒေ ရေးသူ၊ ပြုသူတို့ မတွေးသင့်ပါ။

ထို့ပြင် 'အခမ်းအနားများ၊ အများပြည်သူ ဖျော်ဖြေသည့်ပွဲများ၊ ပြပွဲများ၊ ပြိုင်ပွဲ များ၊ ရိုးရာဓလေ့အရ ပြုလုပ်သည့်ပွဲများ' ဟူသည့် စကားရပ်အတွက် အထက်တွင် ရေးသားသကဲ့သို့ ရှင်းလင်းရန် လိုအပ်ပါသည်။ ဥပမာအားဖြင့် ရိုးရာဓလေ့ပွဲများ ဆိုရာတွင် ဗုဒ္ဓဘာသာဝင်တို့၏ ဘာသာရေး ဓလေ့ထုံးစံ ဖြစ်သည့် ဝါတွင်းကာလ


mgyoe.com

mgyoe.com
SAMPLE BOOK

မိမိနေအိမ်တွင် ရဟန်းသံဃာများ ပင့်ဖိတ်၍ ဝါဆိုသင်္ကန်း ဆက်ကပ်ပွဲအတွက် ပွဲကျင်းပခွင့် တောင်းခံရမည်လား၊ အာဝါဟဝိဝါဟ မင်္ဂလာပွဲများကို ကျင်းပခွင့် တင်ပြရမည်လား၊ တရုတ်လူမျိုးတို့ မိမိနေအိမ်တွင် ရိုးရာကန်တော့ပွဲ ကျင်းပခြင်း၊ မိတ်ဆွေများ ဖိတ်ကြားကျွေးမွေးခြင်းအတွက် ကျင်းပခွင့် တောင်းခံရမည်လား အမေးပေါင်းများစွာ ဦးနှောက်အတွင်း မြောက်မြားစွာ ပေါ်ပေါက်လာပါသည်။ ဤအတွက် အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်ပေးနိုင်ပါသည်ဟု ဖြေဖွယ်ရာ ရှိပါသည်။ ယင်းသို့ အမိန့်ကြော်ငြာစာ ထုတ်ပြန် သတ်မှတ်ပေးသည့်ပွဲများဟု ပြဋ္ဌာန်းစာသားတွင် ယခင် အက်ဥပဒေဟောင်းတွင်ကဲ့သို့ ဖော်ပြထားခြင်း မတွေ့မိသည်ကတော့ အမှန်။

ထို့ပြင် 'သတ်မှတ်ပေးသော စည်းကမ်းချက်များကို လိုက်နာရမည်' ဟူသော စာသားသည် မည်သူက သတ်မှတ်သည့် မည်သည့်စည်းကမ်းချက်များကို ရည်ညွှန်းပါသနည်း။ ဥပဒေတွင် ရပ်ရွာသားတို့ လိုက်နာရန် အချက်များကို ပြဋ္ဌာန်းထားပြီး ဖြစ်ပါသည်။ ယင်းသို့ ဥပဒေ ပြဋ္ဌာန်း သတ်မှတ်ထားချက်အပေါ် မည်သူက ထပ်မံဖြည့်စွက်မည်နည်း။

ကျင်းပသည့်နေရာကို ဆိုလိုပါသလား။ ယင်းအချက်နှင့် စပ်လျဉ်း၍ အများပြည်သူဆိုင်ရာ နေရာများ အသုံးပြုခြင်းအတွက် စည်ပင်သာယာရေးအဖွဲ့များ ဥပဒေတွင် ပါရှိပြီး ဖြစ်ပါသည်။

လူဦးရေ သတ်မှတ်ချက် ကန့်သတ်လိုသည်လား။ ဤဥပဒေက ယင်းသို့ ကန့်သတ်မိန့် ပေးထားပါသလား။ အခြေခံ ဥပဒေပါ နိုင်ငံသားတို့၏ အခွင့်အရေးက မည်သို့ သတ်မှတ်ထားပါသနည်း။ ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် စီတန်း လှည့်လည်ခြင်းဆိုင်ရာ ဥပဒေနှင့် အကျုံးမဝင်သည်ကတော့ အမှန်ပင်။

အသံချဲ့စက် ကန့်သတ်လိုပါသလား။ သီးခြား ပြဋ္ဌာန်းချက် ရှိပြီး ဖြစ်ပါသည်။ ကျင်းပချိန်ကို စည်းကမ်း သတ်မှတ်လိုပါသလား။ မည်သည့်ဥပဒေ ပြဋ္ဌာန်းချက်အရ ကန့်သတ်သည် ဆိုပါက မည်သို့ ဖြေဆိုမည်လဲ။ အမေး ပဟေဠိ များစွာ ပေါ်ပေါက်စေသည့် ပြဋ္ဌာန်းချက်တစ်ရပ်အဖြစ် မြင်မိပါသည်။

## ယူဆချက်

အသစ်ပြင်ဆင် ပြဋ္ဌာန်းလိုက်သည့် ဥပဒေတွင်လည်း ရှေးယခင်က ပြဋ္ဌာန်းကျင့်သုံးခဲ့သည့် မြို့များအက်ဥပဒေ၊ ကျေးရွာအက်ဥပဒေ၊ ကျေးရွာဥပဒေလက်စွဲ၊ ဒီမိုကရေစီ

mgyoe.com

mgyoe.com
SAMPLE BOOK

ဒေသန္တရ အုပ်ချုပ်ရေး အက်ဥပဒေ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စု လုံခြုံရေးနှင့် အုပ်ချုပ်မှု ကော်မတီ ဖွဲ့စည်းပုံနှင့် လုပ်ငန်းတာဝန်များ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့ လုပ်နည်းစနစ် စာစောင် စသည်တို့နှင့် ပြန်လည်ယှဉ်တွဲ သုံးသပ် ပြင်ဆင်ကာ ပွင့်လင်းရှင်းလင်းစွာ ရေးသား ပြဋ္ဌာန်းသည့် ဥပဒေတစ်ရပ်အဖြစ် ထပ်မံ ပြင်ဆင်ရန် လိုအပ်ဦးမည် ဖြစ်ကြောင်း သုံးသပ် တင်ပြအပ်ပါသည်။


mgyoe.com

mgyoe.com SAMPLE BOOK

# ယစ်မျိုးအက်ဉပဒေအရ အရေးယူခြင်း

တရားစွဲဆိုမှု မပြုပြီ ထိုယစ်မျိုးသက်ဝင်ပစ္စည်းသည် မည်သည့်အတွက် ဓိဓိလက်ဝယ်သို့ ရောက်ရှိနေခြင်း ဖြစ်ကြောင်း လက်ခံကျေနပ်ဖွယ်ရာ ဖြင်းဆိုခြင်း ပြုနိုင်ပါသည်။ ထိုသို့ သက်သေ မပြုနိုင်ပါက ပြစ်မှုကျူးလွန်သည်ဟု မှတ်ယူကာ တရားစွဲဆိုမည် ဖြစ်သည်။ တစ်နည်းဆိုရသော် လက်ဝယ်တွေ့ရှိသည် ဆိုတိုင်း လက်ဝယ် တွေ့ရှိသူကို အရေးယူရန် မဟုတ်ပေ။

mgyoe.com

mgyoe.com SAMPLE BOOK

အခန်း (၃)

# ယစ်မျိုးအက်ဥပဒေအရ အရေးယူခြင်း

**နိဒါန်း**

ယစ်မျိုးအက်ဥပဒေ ပုဒ်မ ၃၀ (က) ဖြင့် အရေးယူခြင်းနှင့် ပုဒ်မ ၃၇ အရ အရေးယူခြင်းတွင် 'ယစ်မျိုးသက်ဝင်ရာပစ္စည်းတစ်ရပ်ရပ်ကို နိုင်ငံခြားသို့ တင်ပို့ခြင်း၊ နိုင်ငံတွင်းသို့ တင်သွင်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ ထုတ်လုပ်ခြင်း၊ စုဆောင်းခြင်း၊ လက်ဝယ်ထားရှိခြင်း' ဟူသည့် ပြစ်မှု ကျူးလွန်မှု အခြေခံချင်း တူနေသည့်အပေါ် မေးမြန်းလာပါသဖြင့် မိမိ သင်ယူ လေ့လာခဲ့မိသမျှမှ ပြန်လည် ဖြေကြားရင်း မိတ်ဆွေအများသို့လည်း တစ်ပါတည်း မျှဝေလိုက်ခြင်း ဖြစ်ပါသည်။

**အက်ဥပဒေ ပုဒ်မ ၃၀ (က) နှင့် ၃၇ ပြဋ္ဌာန်းချက်**

ယစ်မျိုးအက်ဥပဒေ ပုဒ်မ ၃၀ (က) ပါ ပြဋ္ဌာန်းချက်ကို လေ့လာပါက ဤသို့ တွေ့ရပါမည်-

> *'၃၀။ မည်သူမဆို ဤအက်ဥပဒေကိုဖြစ်စေ၊ ဤအက်ဥပဒေအရ ပြဋ္ဌာန်းသည့် နည်းဥပဒေ၊ အမိန့်ကြော်ငြာစာ သို့မဟုတ် အမိန့်တစ်စုံတစ်ရာကိုဖြစ်စေ၊ ဤအက်ဥပဒေအရ ရရှိသည့် ခွင့်ပြုလိုင်စင် သို့မဟုတ် ခွင့်ပြုမိန့် တစ်စုံတစ်ရာကို ဖြစ်စေ ဆန့်ကျင်၍-*



mgyoe.com

mgyoe.com
SAMPLE BOOK

*(က) ယစ်မျိုးသက်ဝင်ရာ ပစ္စည်းတစ်ရပ်ရပ်ကို နိုင်ငံခြားသို့ တင်ပို့ခြင်း၊ နိုင်ငံတွင်းသို့ တင်သွင်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ ထုတ်လုပ်ခြင်း၊ စုဆောင်းခြင်း၊ လက်ဝယ်ထားရှိခြင်း၊*

*.....*

*ကို ကျူးလွန်ကြောင်း ထင်ရှားပါက ထိုသူကို ထောင်ဒဏ် အနည်းဆုံး ၆ လမှ အများဆုံး ၂ နှစ်အထိဖြစ်စေ၊ အနည်းဆုံး ကျပ် ၁၀ သိန်းမှ သိန်း ၂၀ အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ် ၂ ရပ်လုံးဖြစ်စေ စီရင်ခြင်း ခံရမည်။'*

ဤပြဋ္ဌာန်းချက်ကို လေ့လာပါက အက်ဥပဒေ၊ နည်းဥပဒေ၊ အမိန့်ကြော်ငြာစာ၊ လိုင်စင် စည်းကမ်းအတွက် ပြဋ္ဌာန်းသတ်မှတ်သည့် အချက်ကို ဆန့်ကျင်၍ ပြစ်မှုကို ကျူးလွန်သူ Whoever (မည်သူမဆို) ဟူသော စကားရပ်က အဓိက ဖြစ်ပါသည်။ မည်သည့်အကြောင်းကြောင့်ဖြစ်စေ အရေးယူခံရမည်သာ ဖြစ်ပါသည်။ (ပြင်ဆင်ချက် မပြဋ္ဌာန်းမီက ၆ လအထိ ထောင်ဒဏ် သို့မဟုတ် ကျပ်တစ်ထောင်အထိ ငွေဒဏ်၊ သို့မဟုတ် ၂ ရပ်စလုံးဟု သတ်မှတ်ခဲ့ပါသည်။)

ယစ်မျိုးအက်ဥပဒေ ပုဒ်မ ၃၇ ကို လေ့လာပါက-

*'၃၇။ ယစ်မျိုးသက်ဝင်ရာပစ္စည်း တစ်စုံတစ်ရာကို တရားဥပဒေကို ဆန့်ကျင်၍ ပြည်တွင်းသို့ တင်သွင်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ ချက်လုပ်ခြင်း၊ စိုက်ပျိုးခြင်း သို့မဟုတ် စုဆောင်းခြင်း တစ်ရပ်ရပ်ကို ပြုသူ မည်သူမဆို အဆိုပါ ယစ်မျိုးသက်ဝင်ပစ္စည်းအပေါ်တွင် သတ်မှတ်သည့် အခွန်အကောက် ပေးဆောင်မှု မပြုရသေးခြင်းကို သိလျက်နှင့်ဖြစ်စေ၊ ယုံကြည်ရန် အကြောင်း ရှိလျက်ဖြစ်စေ အရေအတွက် အခြင်အတွယ် မည်မျှမဆို လက်ဝယ်ထားရှိခြင်းကိုသော်လည်းကောင်း ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရပါက ထိုသူကို ထောင်ဒဏ် အနည်းဆုံး ၃ လမှ အများဆုံး ၆ လအထိ ဖြစ်စေ၊ ငွေဒဏ် အနည်းဆုံး ကျပ် ၁ သိန်းမှ အများဆုံး ကျပ် ၂ သိန်းအထိ ဖြစ်စေ၊ ဒဏ် ၂ ရပ်လုံးဖြစ်စေ စီရင်ခြင်း ခံရမည်။'*

ဤပြဋ္ဌာန်းချက်ကို လေ့လာပါက မည်သူမဆို ဟူသည့် စကားရပ်ထက် သတ်မှတ်သည့် အခွန်အကောက် ပေးဆောင်မှု မပြုရသေးခြင်းကို သိလျက်နှင့်ဖြစ်စေ၊ ယုံကြည်ရန် အကြောင်းရှိလျက်ဖြစ်စေ (knowing or having reason to believe that) ဟူသည့် စကားရပ်က ဝိသေသအဖြစ် ပြစ်မှုအတွက် ပိုမို အလေးထား ပြဆိုနေပါသည်။ အခြင်


mgyoe.com

mgyoe.com
SAMPLE BOOK

အတွယ် မည်မျှပင် ဖြစ်စေ အခွန်အကောက် ပေးဆောင်ခြင်း မပြုရသေးသည်ကို သိလျက် ကျူးလွန်သူကို အရေးယူရန် ပြဋ္ဌာန်းချက်အဖြစ် တွေ့ရှိပါသည်။ (ပြင်ဆင်ချက် မပြဋ္ဌာန်းမီက ၆ လအထိ ထောင်ဒဏ် သို့မဟုတ် ကျပ်တစ်ထောင်အထိ ငွေဒဏ် သို့မဟုတ် ၂ ရပ်လုံးဟု သတ်မှတ်ခဲ့ပါသည်။)

မူလပြဋ္ဌာန်းစဉ်က ပြစ်ဒဏ် သတ်မှတ်ချက် တူညီခဲ့သော်လည်း ၂၀၁၅ ခုနှစ် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် (၆၆) ဖြင့် ပြင်ဆင်ပြဋ္ဌာန်းသည့်အခါ ကွဲပြားသွားပါသည်။

## ယစ်မျိုးသက်ဝင်ပစ္စည်းနှင့် အရက်

ယစ်မျိုး အက်ဥပဒေ ပုဒ်မ ၃၀ (က) နှင့် ပုဒ်မ ၃၇ တို့၏ ယေဘုယျ ကွာခြားမှုကို တင်ပြပြီးနောက် လက်ဝယ် ထားရှိပုံချင်း ကွာခြားချက်ကို ဆက်လက် တင်ပြပါမည်။ ယင်းသို့ မတင်ပြမီ ရှေးဦးစွာ ယစ်မျိုးသက်ဝင်ပစ္စည်း ဟူသည်ကို စတင်ကာ ဖွင့်ဆို တင်ပြပါမည်။

ယစ်မျိုးသက်ဝင်ပစ္စည်း ဟူသည့် စကားရပ်အတွက် ယစ်မျိုး အက်ဥပဒေ ပုဒ်မ ၂ (စ) တွင် အောက်ပါအတိုင်း ဖွင့်ဆိုထားပါသည်-

*'ယစ်မျိုးသက်ဝင်ရာပစ္စည်း ဆိုသည်မှာ ဤအက်ဥပဒေတွင် သို့မဟုတ် ဤအက်ဥပဒေအရ သတ်မှတ် ဖော်ပြထားသည့် အရက် သို့မဟုတ် မူးယစ်စေတတ်သော ဆေးဝါးများကို ဆိုလိုသည်။'*

ယခု တင်ပြချက်တွင် အရက်ကို အဓိက တင်ပြမည် ဖြစ်ရာ ဤအက်ဥပဒေအရ သတ်မှတ် ဖော်ပြထားသည့် အရက် ဟူသည်ကို ထပ်မံ ကြည့်ရှုသော် ပုဒ်မ ၂ (က) တွင် အောက်ပါအတိုင်း ဖော်ပြထားကြောင်း တွေ့ရပါသည်-

*'အရက် ဆိုသည်မှာ ပမာဏအားဖြင့် အရက်ပြန် ၂ ရာခိုင်နှုန်း၏အထက် ပါဝင်သော အရည်များကို ဆိုလိုသည်။ အဆိုပါစကားရပ်တွင် ထန်း၊ အုန်း၊ ဓနိ၊ ပေ စသည့် အပင်များ၏ အပင်ရည် (ထန်းရည်) နှင့် ဤအက်ဥပဒေအလို့ငှာ အရက် ပြန် ပါသော အရက် ဖြစ်ကြောင်း နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာ ထုတ်ပြန် သတ်မှတ်သည့် အရာများလည်း ပါဝင်သည်။'*

သို့ဖြစ်၍ အရက်ဟု ဆိုပါက-


mgyoe.com

mgyoe.com
SAMPLE BOOK

(၁) အရက်ပြန် ၂ %၏ အထက်ပါသော အရည်များ၊

(၂) ကစော်ပေါက်သည်ဖြစ်စေ၊ ကစော် မပေါက်သည်ဖြစ်စေ ထန်း၊ အုန်း၊ ဓနိ၊ ပေ အစရှိသည့် အပင်မျိုးများမှ စိမ့်ထွက်သည့် အရည် သို့မဟုတ် အစေး (Tari)၊

(၃) ဘဏ္ဍာရေးဌာန၏ ၁၉၁၇ ခုနှစ် စက်တင်ဘာလ ၁၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၇၀) အရ ကစော်ဖောက်ထားသည့် ပအုံးရည် (ရှလကာအချဉ်ရည်) Vinegar၊ ၁၉၁၉ ခုနှစ် ဧပြီလ ၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၄၀) အရ လှော်စာ၊ ခေါင်၊ ကစော်ရည်၊ ဆေးရည်၊ စိမ်ရည်ဟုခေါ်သည့် အရက်များ အပါအဝင် ထန်းလျက်၊ တင်လဲ၊ သကြား၊ ဆန်၊ ကောက်နှံများနှင့် အခြား နှံစားပင်တို့၏ အဆန်များတို့မှ ချက်လုပ်သော ချက်အရက်များတို့ကို ဆိုလိုပါသည်။

ထိုမျှသာမက အရက်ဟု ဆိုရာတွင် ယစ်မျိုးအက်ဥပဒေအရ ပြည်တွင်းဖြစ်အရက် (country alcoholic liquor) နှင့် နိုင်ငံခြားအရက် (foreign alcoholic liquor) ဟူ၍လည်း ခွဲခြား သတ်မှတ်မှု ရှိပါသေးသည်။

ယင်းသို့ ခွဲခြားခြင်းနှင့် စပ်လျဉ်း၍ ဘဏ္ဍာရေးဌာန၏ ၁၉၁၇ ခုနှစ် စက်တင်ဘာလ ၁၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၇၁) ဖြင့် ပြည်တွင်းဖြစ် အရက်နှင့် နိုင်ငံခြားအရက် ဟူသည်တို့နှင့်အပေါ် အောက်ပါအတိုင်း ခွဲခြား ဖော်ပြ ပြဋ္ဌာန်းသတ်မှတ်ထားပါသည်-

*'(က) ပြည်တွင်းဖြစ်အရက်ဟု ဆိုရာတွင်-*

*(၁) တရုတ်နိုင်ငံမှ အထက်မြန်မာပြည်သို့ ကုန်းလမ်းမှ တင်သွင်း ယူလာသည့် အရက်၊*

*(၂) မြန်မာနိုင်ငံအတွင်း လိုင်စင်ရ ပေါင်းဖိုတွင် ချက်လုပ်သည့် ချက်အရက်၊*

*(၃) မြန်မာနိုင်ငံအတွင်း ချက်အရက် ထုတ်ပေးရန် အစိုးရက အထူး ခွင့်ပြုသည့် လိုင်စင်ရ အရက်ချက်စက်ရုံတွင် ချက်လုပ်၍ ချက်အရက်ကို လိုင်စင်ရ ရောင်းချသူတို့သို့ ထုတ်ပေးရန် ရည်ရွယ်သည့် အရက်ဖြူသက်သက် (plain spirit)၊*


mgyoe.com

mgyoe.com SAMPLE BOOK

*(၄) နိုင်ငံခြားအရက်အဖြစ် သတ်မှတ်ကြောင်း ကြေညာထားသည့် အရက်မှတစ်ပါး မြန်မာနိုင်ငံအတွင်း ထုတ်လုပ်သည့် အခြားအရက်အရပ်ရပ်တို့ကို ဆိုပါသည်။*

*(ခ) နိုင်ငံခြားအရက်ဟု ဆိုရာတွင်-*

*(၁) မြန်မာနိုင်ငံအတွင်း ထုတ်လုပ်သည့် ဘီယာ၊*

*(၂) ပြည်တွင်းဖြစ်အရက် ဖြစ်ကြောင်း အထက်တွင် ပြဋ္ဌာန်းသတ်မှတ်ထားသည်မှတစ်ပါး မြန်မာနိုင်ငံအတွင်း လိုင်စင်ရ အရက်ချက်စက်ရုံတွင် ထုတ်လုပ်သည့် အရက်များ၊*

*(၃) မြန်မာနိုင်ငံအတွင်း ထုတ်လုပ်သည့် ဝိုင်များ၊*

*(၄) ပြည်တွင်းဖြစ် အရက် ဖြစ်ကြောင်း သတ်မှတ်ထားသည့် အရက်များမှတစ်ပါး မြန်မာနိုင်ငံအတွင်းသို့ တင်သွင်းယူလာသည့် အရက်အမျိုးမျိုးတို့ကို ဆိုပါသည်။'*

အထက်ပါ ဖွင့်ဆိုချက်ပါ အရက်များ အားလုံးသည် ပုဒ်မ ၃၀ (က) နှင့် ပုဒ်မ ၃၇ နှစ်ရပ်လုံးနှင့် သက်ဆိုင်နေကြောင်း တွေ့ရပါသည်။ ပြစ်မှု ကျူးလွန်ကြောင်း ဖော်ပြရာတွင် သက်သေအဖြစ် ပေါ်ပေါက်လာမည့် အရာများပင် ဖြစ်နေပါသည်။ ယင်းတို့နှင့် စပ်လျဉ်း၍ ကျူးလွန်ပုံ ကျူးလွန်နည်းအပေါ် အခြေခံ၍ ပြစ်မှုပြစ်ဒဏ် သတ်မှတ်ချက် ကွာဟသွားရသည်ဟု သုံးသပ်မိပါသည်။

## ယစ်မျိုးအက်ဥပဒေ ပုဒ်မ ၃၀ (က) အရ လက်ဝယ်ထားရှိမှု

ယစ်မျိုးအက်ဥပဒေ ပုဒ်မ ၃၀ (က) ကို ရှေးဦးစွာ လေ့လာတင်ပြပါမည်။ ယင်းပုဒ်မအရ လက်ဝယ် ထားရှိခြင်းအပေါ် ပြစ်မှုမြောက်ရန် အင်္ဂါရပ်အဖြစ် 'ဤအက်ဥပဒေကိုဖြစ်စေ၊ ဤအက်ဥပဒေအရ ပြဋ္ဌာန်းသည့် နည်းဥပဒေ၊ အမိန့်ကြော်ငြာစာ သို့မဟုတ် အမိန့်တစ်စုံတစ်ရာကိုဖြစ်စေ၊ ဤအက်ဥပဒေအရ ရရှိသည့် ခွင့်ပြုလိုင်စင်၊ ခွင့်ပြုမိန့် သို့မဟုတ် ခွင့်ပြုလက်မှတ် တစ်စုံတစ်ရာကိုဖြစ်စေ ဆန့်ကျင်ခြင်း' ဟူသည့် အချက်ကို တွေ့ရပါသည်။

တစ်နည်း ဆိုရသော် ယစ်မျိုးသက်ဝင်ပစ္စည်း ဖြစ်သည့် အရက်ကို လက်ဝယ်ထားရှိရာတွင် အောက်ပါအချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်း ဖြစ်ရပါမည်-


mgyoe.com

mgyoe.com
SAMPLE BOOK

(၁) ယစ်မျိုးအက်ဥပဒေပါ ပြဋ္ဌာန်းချက်၊
(၂) ယစ်မျိုးအက်ဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေပါ ပြဋ္ဌာန်းချက်၊
(၃) ယစ်မျိုးအက်ဥပဒေအရ ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာပါ ပြဋ္ဌာန်းချက်၊
(၄) ယစ်မျိုးအက်ဥပဒေအရ ထုတ်ပြန်သည့် အမိန့်ပါ ပြဋ္ဌာန်းချက်၊
(၅) ယစ်မျိုးလိုင်စင် ရရှိထားသူ ဖြစ်သော်လည်း လိုင်စင် (licence) သို့မဟုတ် ခွင့်ပြုမိန့် (permit) သို့မဟုတ် ခွင့်ပြုလက်မှတ် (pass) ပါ စည်းကမ်းချက် အရပ်ရပ်။

ဤကန့်သတ်ချက်သည် လွန်စွာ ကျယ်ပြန့်လှပါသည်။ ရှေးဦးစွာ အက်ဥပဒေပါ ယစ်မျိုးသက်ဝင် ပစ္စည်းများကို လက်ဝယ် ထားရှိခြင်းဆိုင်ရာ ပြဋ္ဌာန်းချက် ဖြစ်သည့် ပုဒ်မ ၁၆ တွင် အောက်ပါအတိုင်း တွေ့ရှိရပါသည်-

*'၁၆။ (၁) နိုင်ငံတော် သမ္မတသည် အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ယစ်မျိုးသက်ဝင်ရာပစ္စည်း တစ်စုံတစ်ရာကို လက်ဝယ် ထားရှိနိုင်ခွင့် ရှိမည့် အခြင်အတွယ် အရေအတွက်ကို သတ်မှတ်ခွင့် ရှိသည်။*

*(၂) မည်သူမဆို အောက်ဖော်ပြပါ လိုင်စင်၊ ခွင့်ပြုလက်မှတ်အရမှတစ်ပါး၊ ထို့ပြင် အဆိုပါ လိုင်စင်၊ ခွင့်ပြုလက်မှတ်ပါ စည်းကမ်းချက်နှင့်အညီမှ တစ်ပါး ယစ်မျိုးသက်ဝင်ရာပစ္စည်း အခြင်အတွယ် အရေအတွက် မည်မျှမဆို ပုဒ်မခွဲ (၁) ပါ သတ်မှတ်သည့် ကန့်သတ်ချက်ထက် ပို၍ လက်ဝယ် ထားရှိခြင်း မပြုရ-*

*(က) အဆိုပါ ယစ်မျိုးသက်ဝင်ပစ္စည်းမျိုးကို ထုတ်လုပ်ခွင့်၊ စိုက်ပျိုးခွင့်၊ စုဆောင်းခွင့်၊ ရောင်းချခွင့် သို့မဟုတ် ပေးသွင်းခွင့် လိုင်စင် သို့မဟုတ်*

*(ခ) ဤကိစ္စအလို့ငှာ ကော်လိတ်တော် အရာရှိက ထုတ်ပေးသည့် ခွင့်ပြုလက်မှတ်။*

*(၃) ပုဒ်မခွဲ (၂) ပါ ပြဋ္ဌာန်းချက်သည် အောက်ပါ နိုင်ငံခြားအရက်များနှင့် သက်ဆိုင်မှု မရှိစေရ-*

*(က) အခကြေးငွေဖြင့် ပို့ဆောင်သူအဖြစ်သော်လည်းကောင်း၊ အခကြေးငွေဖြင့် ကုန်လှောင်ရုံပိုင်ရှင်အဖြစ်သော်လည်းကောင်း လက်ဝယ် ထားရှိသည့် နိုင်ငံခြားအရက် သို့မဟုတ်*


mgyoe.com

mgyoe.com
SAMPLE BOOK

(ခ) မည်သူမဆို တရားသဖြင့် ရရှိပြီး ရောင်းချရန် မဟုတ်ဘဲ ကိုယ်တိုင် အမှန် သုံးစွဲရန် လက်ဝယ် ထားရှိသည့် နိုင်ငံခြား အရက်။

(၄) အထက်ပါ ပြဋ္ဌာန်းချက်များတွင် မည်သို့ပင် ပါရှိစေကာမူ နိုင်ငံတော် သမ္မတက အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ယစ်မျိုးသက်ဝင်ရာပစ္စည်း တစ်စုံတစ်ရာအား လက်ဝယ် ထားရှိမှုကို တားမြစ်ခွင့် သို့မဟုတ် သတ်မှတ်သည့် စည်းကမ်းချက်များဖြင့် လက်ဝယ် ထားရှိခွင့် ကန့်သတ်မှုကို လုပ်ပိုင်ခွင့် ရှိသည်။'

## လက်ဝယ် ထားပိုင်ခွင့်

ဤတွင် ဘဏ္ဍာရေးဌာန၏ ၁၉၁၇ ခုနှစ် စက်တင်ဘာလ ၁၈ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် (၇၇) ဖြင့် ယစ်မျိုးသက်ဝင်ပစ္စည်းအသီးသီးတို့အပေါ် နယ်မြေဒေသ ခွဲခြား၍ လိုင်စင် မရှိဘဲ ပိုမို၍ လက်ဝယ် ထားခြင်း မပြုရန် အောက်ပါအတိုင်း သတ်မှတ်ချက်ကိုလည်း သိရှိရန် လိုအပ်ပါသည် (ကွတ်ပုလင်း ၁ ပုလင်း = လေးပိုင်း တစ်ပိုင်း ဂါလန် = ၁. ၁၃၇ လီတာ)-

'(က) မြန်မာတစ်နိုင်ငံလုံးတွင် ပြည်တွင်းဖြစ်အရက်အဖြစ် သတ်မှတ်ထားသည့် အရက်ဖြူအတွက် ကွတ်ပုလင်း ၁ ပုလင်း (လေးပိုင်းတစ်ပိုင်း ဂါလန်)

(ခ) ထန်း၊ အုန်း၊ ဓနိ၊ ပေ စသည့် အပင်ရည်များအတွက်-

(၁) သရက်၊ သံတွဲ၊ မြိတ်၊ သာယာဝတီ၊ ပြည်၊ ဟင်္သာတ၊ ပခုက္ကူ၊ မကွေး၊ မြင်းခြံ၊ ရမည်းသင်း၊ မိတ္ထီလာ၊ တောင်ငူနှင့် ရွှေဘို ခရိုင်များအတွင်း အချို့ဒေသမှအပ ယင်းဒေသအားလုံး ကွတ်ပုလင်း ၂ ပုလင်း (ဂါလန် တစ်ဝက်)၊

(၂) ကျန်ရှိသော မြန်မာနိုင်ငံဒေသ အားလုံးတွင် ကွတ်ပုလင်း ၄ ပုလင်း (တစ်ဂါလန်)၊

(ဂ) အရက်ဖြူနှင့် ထန်း၊ အုန်း၊ ဓနိ၊ ပေ စသည့် အပင်ရည်များမှအပ ကျန် ပြည်တွင်းဖြစ်အရက် အားလုံးအတွက် ပြည်နှင့် သာယာဝတီခရိုင်တွင် ကွတ်ပုလင်း ၁ ပုလင်း (လေးပိုင်းတစ်ပိုင်း ဂါလန်)၊ သရက်ခရိုင်တွင် ကွတ်ပုလင်း ၂ ပုလင်း (ဂါလန်တစ်ဝက်)၊


mgyoe.com

mgyoe.com
SAMPLE BOOK

*(ဃ) နိုင်ငံခြား အရက်များအတွက် မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ကွတ်ပုလင်း ၁၂ ပုလင်း (၃ ဂါလန်)။'*

ယင်းကဲ့သို့ ကန့်သတ် တားမြစ်ချက်များ ရှိသည် မှန်သော်လည်း ထပ်မံ၍ ကင်းလွတ်ခွင့် ပြုထားသည့် အချက်များက ရှိနေပါသေးသည်။

လက်ဝယ် ထားရှိခြင်းအတွက် အမိန့်ကြော်ငြာစာဖြင့် နိုင်ငံခြားအရက်များအတွက် မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ကွတ်ပုလင်း ၁၂ ပုလင်းဟု သတ်မှတ်ချက်ရှိသော်လည်း အက်ဥပဒေ ပုဒ်မ ၁၆၊ ပုဒ်မခွဲ (၃) တွင် အောက်ပါ နိုင်ငံခြား အရက်များနှင့် သက်ဆိုင်မှု မရှိစေရဟု ပြဋ္ဌာန်းထားချက်ကိုလည်း သတိပြုရပါမည်။

*'ပုဒ်မခွဲ (၂) ပါ ပြဋ္ဌာန်းချက်သည် အောက်ပါနိုင်ငံခြားအရက်များနှင့် သက်ဆိုင်မှု မရှိစေရ-*

*(က) အခကြေးငွေဖြင့် ပို့ဆောင်သူအဖြစ်သော်လည်းကောင်း၊ အခကြေးငွေဖြင့် ကုန်လှောင်ရုံပိုင်ရှင်အဖြစ်သော်လည်းကောင်း လက်ဝယ် ထားရှိသည့် နိုင်ငံခြားအရက်၊ သို့မဟုတ်*

*(ခ) တရားသဖြင့် ရရှိပြီး ရောင်းချရန် မဟုတ်ဘဲ ကိုယ်တိုင် အမှန် သုံးစွဲရန် လက်ဝယ် ထားရှိသည့် နိုင်ငံခြားအရက်။'*

အလားတူပင် ထန်း၊ အုန်း၊ ဓနိ၊ ပေ စသည့် အပင်ရည်များနှင့် စပ်လျဉ်း၍ တင်လဲ သို့မဟုတ် ထန်းလျက် သို့မဟုတ် သကာ သို့မဟုတ် သကြား ချက်လုပ်ရန် ရည်ရွယ်ချက်ဖြင့် ထန်း၊ အုန်း၊ ဓနိ၊ ပေ စသည့် အပင်မှ အရည်များကို မှိုင်းခံထားသော အိုးဖြင့်သော်လည်းကောင်း၊ အဖူး၊ အနို့ စသည်တို့တွင် ခံယူရန် မချိတ်မီ အတွင်းဘက်တွင် ထုံးဖြင့် အသစ် သုတ်လိမ်းပြီး ဖြစ်သော သို့မဟုတ် ကစော် မပေါက်စေရန် ထုံး အလုံအလောက်ထဲတွင် ထားရှိပြီး ဖြစ်သော အိုးဖြင့်သော်လည်းကောင်း ခံယူခြင်းဖြစ်ပါက ပုဒ်မ ၇ အရ သယ်ဆောင်ခြင်းကို တားမြစ်ချက်၊ ပုဒ်မ ၁၆ အရ လက်ဝယ်ထားရှိမှုကို တားမြစ်ချက်နှင့် မသက်ဆိုင်ကြောင်းနှင့် ပုဒ်မ ၁၈ အရ လိုင်စင် မရှိဘဲ ရောင်းချမှုကို တားမြစ်ချက်တို့မှ ကင်းလွတ်ခွင့် ရှိကြောင်း ဘဏ္ဍာရေးဌာန၏ ၁၉၁၇ ခုနှစ် စက်တင်ဘာလ ၁၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၇၂) ဖြင့် ထုတ်ပြန်ထားသည်ကိုလည်း သတိပြုရပါမည်။

ထိုသာမက ပုဒ်မ ၁၂ အရ လိုင်စင် မရှိဘဲ ထုတ်လုပ်မှု သို့မဟုတ် စုဆောင်းမှုကို တားမြစ်ချက်အား တစ်နိုင်ငံလုံးအတွက် အဆိုပါ အမိန့်ကြော်ငြာစာဖြင့် ကင်းလွတ်ခွင့်


mgyoe.com

mgyoe.com
SAMPLE BOOK

ပြုထားသည်ကိုလည်း သတိပြုရန် လိုအပ်ပါသည်။ ထို့ပြင် သယ်ဆောင်ရန် ခွင့်ပြုလက်မှတ် ရှိပါက အဆိုပါ ကန့်သတ်သည့် အရေအတွက်ထက် ကျော်လွန်၍ သယ်ဆောင်ခွင့် ရှိကြောင်း အဆိုပါ အမိန့်ကြော်ငြာစာဖြင့် ကင်းလွတ်ခွင့် ပြုထားသည်ကိုလည်း သတိပြုရန် လိုအပ်ပါသည်။

ထို့အတူ ယင်းအမိန့်ကြော်ငြာစာအရပင် ပြည်တွင်းဖြစ် အရက်နှင့် စပ်လျဉ်း၍ ကော်လိတ်တော် အရာရှိက ထုတ်ပေးသော သယ်ဆောင်ရန် ခွင့်ပြုလက်မှတ် (Pass) ရရှိထားသူ ဖြစ်ပါက ကန့်သတ်ထားသည့် အရေအတွက်ထက် ကျော်လွန်၍ လယ်ဝယ် သယ်ဆောင်ခြင်း ပြုနိုင်သည်ကိုလည်း ဂရုပြုရန် ဖြစ်ပါသည်။

တိုင်းရင်းဆေးဝါး ဖော်စပ်သူများအနေဖြင့် ဆေးဝါးဖော်စပ်ရန်အလို့ငှာ ထားရှိခြင်းကိုလည်း အဆိုပါ အမိန့်ကြော်ငြာစာအရ ကင်းလွတ်ခွင့် ရှိနေပါသည်။

သို့ဖြစ်၍ မည်သူမဆို (ယစ်မျိုးလိုင်စင် ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ) ယစ်မျိုးသက်ဝင်ပစ္စည်းကို အက်ဥပဒေ၊ အမိန့်ကြော်ငြာစာပါ ကန့်သတ်သည့် အရေအတွက်ထက် လက်ဝယ်ထားရှိမှုကို ကျူးလွန်သည် ဆိုရာတွင် ဘဏ္ဍာရေးဌာန၏ ၁၉၁၇ ခုနှစ် စက်တင်ဘာလ ၁၈ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် (၇၇) ဖြင့် အက်ဥပဒေ ပုဒ်မ ၁၆ တွင် အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်များအရ ကန့်သတ်ထားသည့် အရေအတွက်များကိုသက်သက် အခြေပြု၍ တရားစွဲဆိုခြင်း ပြုပါက မှားယွင်းမှု ပေါ်ပေါက်နိုင်ပါသည်။ ဘဏ္ဍာရေးဌာန၏ ၁၉၁၇ ခုနှစ် စက်တင်ဘာလ ၁၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၇၂) ဖြင့် အက်ဥပဒေ ပုဒ်မ ၅ (၁) တွင် အပ်နှင်းထားသည့် အခွင့်အာဏာအရ ကင်းလွတ်ခွင့်ပြုထားသည့် အချက်များကိုလည်း မျက်ကွယ်ပြု၍ မရနိုင်ကြောင်း တင်ပြလိုပါသည်။

ဆိုလိုသည်မှာ အက်ဥပဒေ ပြဋ္ဌာန်းချက်သက်သက်ကိုမျှသာ အခြေခံ၍ ဆုံးဖြတ်ပါက ထိုအက်ဥပဒေပါ ပြဋ္ဌာန်း ကန့်သတ်မှုများအတွက် နည်းဥပဒေတွင် မည်သို့ ဖြေလျှော့ထားသည်၊ ထိုအက်ဥပဒေအရ တားမြစ်ချက်များကို ထိုအက်ဥပဒေအရ ဖြေလျှော့ပေးနိုင်သည့်အာဏာ မည်သူ့သို့ အပ်နှံထားသည်၊ ထိုသူက မည်သို့ အမိန့်ကြော်ငြာစာများ ထုတ်ပြန်ထားသည်တို့ကို ချိတ်ဆက်မိမိ ဟန်ချက်ညီညီ စဉ်းစားသုံးသပ်ခြင်း မပြုဘဲ အက်ဥပဒေ ပြဋ္ဌာန်းချက် သက်သက်မျှကိုသာ အခြေခံပါက တရားခြင်း၊ မျှတခြင်း၊ လွတ်လပ်ခြင်းတည်းဟူသော လောကပါလတရားနှင့် ကင်းနေမည် အမှန် ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။


mgyoe.com

mgyoe.com
SAMPLE BOOK

## ခွင့်ပြုလိုင်စင်၊ ခွင့်ပြုလက်မှတ်နှင့် ခွင့်ပြုမိန့်

ယစ်မျိုးလိုင်စင် ရရှိထားသူများအတွက် လိုင်စင် (licence) သို့မဟုတ် ခွင့်ပြုမိန့် (permit) သို့မဟုတ် ခွင့်ပြုလက်မှတ် (pass) ပါ စည်းကမ်းချက်အရပ်ရပ်ကို ဆက်လက်တင်ပြပါမည်။ ဤကဏ္ဍနှင့် ဆက်စပ်ပါက ယစ်မျိုးနည်းဥပဒေ၏ အခန်း (၃) ခွင့်ပြုလိုင်စင်၊ ခွင့်ပြုလက်မှတ်နှင့် ခွင့်ပြုမိန့် (Licences, Passes and Permit) ဟူသည့် အခန်းကို အခြေခံ စတင်ရပါမည်။ နည်းဥပဒေ ၄၊ အပိုဒ် (၁) အရ ရည်ညွှန်းသော ဇယားတွင် ယစ်မျိုးလိုင်စင် (Licence) အမျိုးအမည်များကို ခွဲခြားဖော်ပြထားပါသည်။

အလားတူပင် တည်ဆဲ အခြေခံဥပဒေက အပ်နှင်းထားသည့် ဥပဒေပြုခွင့်အာဏာအရ တိုင်းဒေသကြီးနှင့် ပြည်နယ်များက သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးအလိုက် ယစ်မျိုးခွန် ကောက်ခံရေး ဥပဒေများ ပြဋ္ဌာန်းရာတွင်လည်း လိုင်စင်အမျိုးအစားများကို ဖော်ပြ၍ ပြဋ္ဌာန်းထားပါသည်။ ယင်းလိုင်စင်တို့၏ ပုံစံ သတ်မှတ်ချက်များကို ယစ်မျိုးဥပဒေလက်စွဲတွင် တွေ့ရှိနိုင်ပါသည်။ ယင်းလိုင်စင်တို့တွင် လိုင်စင် ရရှိသူတို့ လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များ ဖော်ပြပါရှိသည်ကို သတိပြုရန် လိုအပ်ပါသည်။

ထိုသို့ ထုတ်ပေးသည့် လိုင်စင်များအတွက် နည်းဥပဒေ ပြဋ္ဌာန်းချက်များကိုလည်း သတိမူရန် လိုအပ်ပါသည်။ နည်းဥပဒေ ၅ တွင် လိုင်စင်၏ သက်တမ်းကာလအတွက် ပြက္ခဒိန်နှစ်စမှ နှစ်ဆုံးအထိသာ ဖြစ်ကြောင်း အောက်ပါအတိုင်း ပြဋ္ဌာန်းထားပါသည်-

> *'၅။ ဤနည်းဥပဒေများတွင် အခြားနည်း ပြဋ္ဌာန်းထားခြင်းမှအပ လိုင်စင် အရပ်ရပ်ကို သာမန်အားဖြင့် တစ်နှစ်ကာလ အပိုင်းအခြားအတွက် ထုတ်ပေးရမည် ဖြစ်ပြီး လိုင်စင် ထုတ်ပေးရန် နှစ်မှာ ဇန်နဝါရီလ ၁ ရက်နေ့မှ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ ၁၂ လ ဖြစ်စေရမည်။ ကော်လိတ်တော်အရာရှိသည် မည်သည့်အခါမဆို လိုင်စင်နှစ် ဆုံးခန်းတိုင် မရောက်သေးသည့် ကာလ အပိုင်းအခြားအတွက် လိုင်စင်တစ်စုံတစ်ရာကို ထုတ်ပေးခွင့် ရှိသည်။ ၁၂ လထက် လျော့နည်းသည့် မည်သည့်ကာလ အပိုင်းအခြားအတွက်မဆို လိုင်စင် ထုတ်ပေးရန် ရည်ရွယ်သည့် အခြားအမှုများတွင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၏ ခွင့်ပြုမိန့်ကို တောင်းခံရမည်။'*

ထို့ပြင် နည်းဥပဒေ ၆ တွင် လိုင်စင်အရ ခွင့်ပြုသည့် ဥပစာကို တိကျစွာ ဖော်ပြထားမည် ဖြစ်ပြီး သတ်မှတ်သည့် ဥပစာ ပြင်ပ (ဥပမာ- လိုင်စင်ပါ အခန်းမှအပ


mgyoe.com

mgyoe.com
SAMPLE BOOK

ဆိုင်ရှေ့ လူသွားလမ်းတွင် တည်ခင်း ရောင်းချခြင်း) ကို ခွင့်မပြုကြောင်း အောက်ပါအတိုင်း ပြဋ္ဌာန်းထားပါသည်-

*'၆။ လိုင်စင်အရ ခွင့်ပြုထားသည့် ဆိုင်ပိုင်နက်နေရာကို လိုင်စင်တွင် တိကျရှင်းလင်းစွာ ဖော်ပြပါရှိစေရမည်။ လိုင်စင် ရသူကလည်း လိုင်စင်အရ ခွင့်ပြုထားသည့် အခွင့်အရေးများကို လိုင်စင်တွင် ဖော်ပြ ပါရှိသည့် ဆိုင်ပိုင်နက်တွင်မှအပ အခြားနေရာတွင် ပြုလုပ်ခွင့် မရှိ။ လိုင်စင် တစ်စုံတစ်ရာသည် ပွဲဈေးများတွင် ထန်း၊ ဓနိ အရည်များကို လက်လီ ရောင်းချမှုအတွက် သတ်မှတ်ထားချက်မှအပ ဖော်ပြ ပါရှိသည့် ဆိုင်ပိုင်နက်အတွင်း မဟုတ်ဘဲ အခြားမည်သည့်နေရာတွင်မဆို ချက်အရက်၊ တည်အရက်တို့အား လက်ဝယ်ထားရှိခွင့် သို့မဟုတ် ရောင်းချခွင့်ပြုသည်ဟု မှတ်ယူခြင်း မရှိစေရ။ မီးရထားစားသောက်တွဲ သို့မဟုတ် သင်္ဘောပေါ်တွင် လက်လီ ရောင်းချခွင့် လိုင်စင်သည် အဆိုပါ မီးရထားတွဲ သို့မဟုတ်' သင်္ဘောသွားရာ မည်သည့်ခရိုင်တွင်မဆို အတည်ဖြစ်စေရမည်။'*

ထို့ပြင် လိုင်စင်ပါ စည်းကမ်းချက်များနှင့်အညီသာလျှင် ရောင်းချရန် ဖြစ်ကြောင်းကိုလည်း နည်းဥပဒေ ၇ တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားပါသည်-

*'၇။ လိုင်စင်၊ ခွင့်ပြုမိန့် သို့မဟုတ် ခွင့်ပြုလက်မှတ်တို့ကို သတ်မှတ်ထားသည့်ပုံစံတွင် ဖော်ပြထားသည့် စည်းကမ်းချက်များအရသာ ဆောင်ရွက်ရန် ထုတ်ပေးခြင်း ပြုရမည်။'*

ထို့ပြင် နည်းဥပဒေ ၅၀-ဈ အရ ပြည်တွင်းဖြစ်အရက်ကို လက်ကား ရောင်းချခွင့်ရရှိသူတို့အား အထူးကိစ္စရပ်တွင် လက်လီ ရောင်းချခွင့်ပြုသည့် ခွင့်ပြုမိန့် **(permit)** နှင့် နည်းဥပဒေ ၄၃ နှင့် ၄၃-က အရ ပြည်တွင်းဖြစ်အရက်ကို လက်လီ ရောင်းချခွင့်ရရှိသူတို့အား အထူးကိစ္စရပ်တွင် လက်ကား ရောင်းချခွင့်ပြုသည့် ခွင့်ပြုမိန့် **(permit)** တို့ မရှိဘဲ လက်လီ၊ လက်ကား ပြောင်းလဲ ရောင်းချခွင့် မရှိသည်ကိုလည်း ဂရုပြုကြရပါမည်။

## ယစ်မျိုး နည်းဥပဒေများ

ယစ်မျိုး နည်းဥပဒေပါ ပြဋ္ဌာန်းချက်များကို ဖောက်ဖျက်ခြင်းကိစ္စများကို ဆက်လက်တင်ပြပါဦးမည်။ အရက် ရောင်းချရန် ရောင်းချခွင့် လိုင်စင်အတွက် သတ်မှတ်ထား


mgyoe.com

mgyoe.com
SAMPLE BOOK

သည့် နေရာတွင်သာ ရောင်းချရသည် ဖြစ်ပြီး ရောင်းချမည့် အရက်များကိုလည်း ထိုနေရာတွင်သာ သိုလှောင် ထားရှိရသည် ဖြစ်ပါသည်။

ယင်းနှင့် စပ်လျဉ်း၍ ယစ်မျိုးနည်းဥပဒေ ၂၁ (၁) ပါ အောက်ပါ ပြဋ္ဌာန်းချက်ကို သတိပြုရန် လိုအပ်ပါသည်-

*'၂၁။ ဆေးဝါးဆိုင်ရာ အရာဝတ္ထုများမှအပ သောက်သုံးနိုင်သည့် အရက်များ ရောင်းချခွင့် လိုင်စင်များနှင့် စပ်လျဉ်း၍ အောက်ပါ ယေဘုယျ စည်းကမ်း သတ်မှတ်ချက်များကို အခြေပြုရမည်-*

*(၁) လိုင်စင် ရရှိသူသည် အဆိုပါ လိုင်စင်အရ ရောင်းချရန် ရည်ရွယ်သည့် အရက်ကို ယင်းအတွက် လိုင်စင် ထုတ်ပေးသည့် ဆိုင်ဥပစာအတွင်းသာ ထားသို ရောင်းချရမည့်အပြင် သီးသန့် အမိန့်လိုင်စင်အရမှအပ အခြားနေရာ တစ်ရပ်ရပ်တွင် ထိုအရက်တို့ကို လက်ဝယ် မထားရ၊ သို့မဟုတ် ရောင်းချခြင်း မပြုရ။ သို့ရာတွင် နိုင်ငံခြားအရက် လက်ကား ရောင်းဝယ်ခွင့် လိုင်စင် ရရှိသူတို့သည် ယင်းတို့ အပိုဆောင်ထားသည့် အရက်များကို ရောင်းချခွင့် လိုင်စင်ရ ဆိုင်ပိုင်နက်အတွင်းမှတစ်ပါး အခြား ပိုင်နက်တွင် သိုလှောင်ထားခွင့် ရှိသည်။ ထိုသို့ ထားရှိသည့် အခါ ယင်းသို့ ထားသိုရန် အသုံးပြုသည့် ပိုင်နက် အသီးသီးအတွက် ရန်ကုန်မြို့အတွင်း၌ ကျပ်ငွေ ၁၀၀၊ အောက်မြန်မာပြည်၌ ၇၅ ကျပ်၊ အထက်မြန်မာပြည်၌ ၂၅ ကျပ် ထပ်ဆောင်း အခွန်တော်ငွေကို သတ်မှတ်ထားသည်နှင့်အညီ ပေးဆောင်ရမည်။'*

ယင်းနည်းဥပဒေ ပြဋ္ဌာန်းချက်အရ ရောင်းချမည့် အရက်များကို ရောင်းချရန် ဖြစ်သည် မှန်သော်လည်း လိုင်စင်ပါ သတ်မှတ်သည့်နေရာ မဟုတ်ဘဲ အခြားနေရာ တွင် သိုလှောင်ထားရှိပါက separate licence (သီးခြားလိုင်စင်) တစ်ခု မရရှိဘဲ ထားရှိခွင့် မရှိပါ။ ယင်းနေရာအတွက် လိုင်စင် ရှိရပါမည်။

ထို့ပြင်သာမက ယစ်မျိုးလိုင်စင် ရရှိသည် မှန်သော်လည်း ရောင်းချမည့် ဥပစာတွင် လိုင်စင်ပါ သတ်မှတ်ထားသည့်အရက်အမျိုးအစားများမှအပ အခြား အရက်ကို ထား ရှိခြင်း သို့မဟုတ် ရောင်းချခြင်း မပြုရန် ယင်းနည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ (၂) ၌ အောက်ပါ ပြဋ္ဌာန်းချက်ကိုလည်း ဂရုပြုရန် လိုအပ်ပါသည်-


mgyoe.com

mgyoe.com

SAMPLE BOOK

*'(၂) ခွင့်ပြုလိုင်စင် ရရှိသူသည် လိုင်စင်အရ ခွင့်ပြုသည့် အရက် အမျိုးအစားမှ အပ အခြားအရက် တစ်စုံတစ်ရာကို လိုင်စင်ရသည့်သည့် ဆိုင်ဥပစာအတွင်း ထားသိုခြင်း သို့မဟုတ် ရောင်းချခြင်း မပြုရ။'*

တစ်နည်းအားဖြင့် ဆိုရသော် နိုင်ငံခြားအရက် ရောင်းချရန် ခွင့်ပြုလိုင်စင် ရရှိထားသည် မှန်သော်လည်း ယင်းဆိုင်ဥပစာအတွင် ဘီယာကို ထားရှိခြင်း သို့မဟုတ် ရောင်းချခြင်း ဖြစ်ပါက နည်းဥပဒေ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ခြင်း မည်ပေသည်။

## သယ်ယူခွင့်လက်မှတ်

အရက်များ သယ်ဆောင်ခြင်းနှင့် စပ်လျဉ်းပြီး ခြုံငုံ၍ဆိုရသော် ယစ်မျိုးအက်ဥပဒေ၏ ပုဒ်မ ၉ နှင့် ၁၀ တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားပြီး ဖြစ်ပါသည်-

*'၉။ ပုဒ်မ ၁၀ ပါ ပြဋ္ဌာန်းချက်နှင့်အညီ ထုတ်ပေးသည့် ခွင့်ပြုလက်မှတ်အရမှ အပ မည်သည့်ယစ်မျိုးသက်ဝင်ရာ ပစ္စည်းကိုမဆို နိုင်ငံတော် သမ္မတက အမိန့်ကြော်ငြာစာ ထုတ်ပြန် သတ်မှတ်ထားသည့် အခြင်အတွယ်၊ အလေးချိန်ထက် ပို၍တင်သွင်းခြင်း၊ တင်ပို့ခြင်း သို့မဟုတ် သယ်ဆောင်ခြင်း မပြုရ။*

*သို့ရာတွင် ဤကဲ့သို့ တားမြစ်ရာတွင် နိုင်ငံတော် သမ္မတက အမိန့်ကြော်ငြာစာတစ်ရပ်ဖြင့် တိုက်ရိုက် ထုတ်ပြန် ဆင့်ဆိုခြင်း မရှိပါက အခြားနိုင်ငံတစ်ခုတွင် အခွန်ဆောင်ပြီးသော နိုင်ငံခြားအရက်များတွင် ဖော်ပြသည့် ခွင့်ပြုလက်မှတ်ကို ကင်းလွတ်ခွင့် ရှိသည်။*

*၁၀။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အမိန့်ကြော်ငြာစာ ထုတ်ပြန် သတ်မှတ်ထားသည့် ယစ်မျိုး သက်ဝင်ရာ ပစ္စည်းများနှင့် စပ်လျဉ်းသည့် အချက်မှအပ ယစ်မျိုးသက်ဝင်ရာ အခြားပစ္စည်းများ တင်ပို့ရန်၊ တင်သွင်းရန် သို့မဟုတ် သယ်ဆောင်ရန် ခွင့်ပြုမိန့်လက်မှတ်များကို ကော်လိတ်တော် အရာရှိက ထုတ်ပေးပိုင်ခွင့် ရှိသည်။'*

ဆက်လက်၍ ယစ်မျိုးသက်ဝင်ပစ္စည်း သယ်ယူမှုအသီးသီးတွင် သယ်ယူရန် ခွင့်ပြုလက်မှတ် ရှိရမည် ဖြစ်ကြောင်း နည်းဥပဒေများဖြင့် အောက်ပါအတိုင်း ပြဋ္ဌာန်းသတ်မှတ်ထားမှုကို ဂရုပြုရန်လည်း လိုအပ်ပါသည်-

*'၄၄။ ယစ်မျိုးဝန်ထောက်ကဖြစ်စေ၊ ခရိုင်အတွင်း လုပ်ပိုင်ခွင့် အပ်နှင်းထားသည့် လက်ထောက်ယစ်မျိုးဝန်ထောက်ကဖြစ်စေ၊ အထူးယစ်မျိုးအရာရှိကဖြစ်စေ*

mgyoe.com

mgyoe.com

SAMPLE BOOK

*လိုင်စင်ရရှိသည့် ဆိုင်များသို့ ထန်း၊ အုန်း၊ ဓနိ စသည့်အပင်များ၏ ပင်ကျရည်ကို သယ်ယူပို့ဆောင်ရန် သတ်မှတ်ပုံစံ ခွင့်ပြုစာကို လိုင်စင်ရ ရောင်းချသူများထံသို့ ပေးသွင်းသည့် အပင် ပိုင်ရှင်များအား အခွန်လွတ် ထုတ်ပေးမည် ဖြစ်သည်။ ထိုခွင့်ပြုစာများဖြင့်သာ ထန်း၊ အုန်း၊ ဓနိ စသည့်အပင်၏ ပင်ကျရည်များကို သယ်ယူပို့ဆောင်ခွင့် ရှိမည် ဖြစ်ပြီး ယင်းတို့သည် ချထားပေးသည့် လိုင်စင်သက်တမ်းနှင့်အညီ သက်တမ်း ကုန်ဆုံးစေရမည်။ လိုင်စင်ရ ရောင်းချသူက ထိုခွင့်ပြုစာ ရရှိသူထံမှ ဆက်လက် ဝယ်ယူခြင်း မရှိပါက ခွင့်ပြုစာကို ပယ်ဖျက်နိုင်သည်။*

*၅၅-ဃ။ ပြည်တွင်းဖြစ် အရက်များကို ထုတ်လုပ်သောနေရာမှ လက်အောက်ဆိုင်များသို့ သယ်ယူပို့ဆောင်ရန် ခွင့်ပြုလက်မှတ်များကို သတ်မှတ်ပြဋ္ဌာန်းထားသည့် ပုံစံဖြင့်သာ ထုတ်ပေးရမည် ဖြစ်ပြီး ယင်းကို ယစ်မျိုးကြီးကြပ်ရေးမှူးက ထုတ်ပေးရန် ဖြစ်သည်။'*

နိုင်ငံခြားအရက်များ သယ်ဆောင်ခွင့် လက်မှတ်နှင့် စပ်လျဉ်း၍ ယစ်မျိုး နည်းဥပဒေ ၁၂၄-က တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းချက်ကိုလည်း သတိပြုကြရမည် ဖြစ်ပါသည်-

*'၁၂၄-က။ (၁) လိုင်စင်အရ ဆောင်ရွက်ပိုင်ခွင့် ရှိသူက အရက်ကို လက်ဝယ်ထားရှိခြင်းနှင့် အဆိုပါအရာများကို ထုတ်လုပ်ရန်၊ စိုက်ပျိုးရန်၊ စုဆောင်းရန်၊ ရောင်းချရန် သို့မဟုတ် ဖြည့်ဆည်းပေးရန် စည်းကမ်းသတ် မှတ်ချက်များအရ ဆောင်ရွက်သူနှင့် အထွေထွေ သယ်ယူပို့ဆောင်သူများ မည်သူမဆို အက်ဥပဒေပုဒ်မ ၁၆ နှင့် အခွန်တော်ဌာန၏ ၁၉၁၇ ခုနှစ် စက်တင်ဘာလ ၁၇ ရက်နေ့က ထုတ်ပြန်ခဲ့သော အမိန့်ကြော်ငြာစာအရ ဖော်ပြထားသည့် ကန့်သတ်ချက်ကို ကင်းလွတ်ခွင့် ရှိသည်။ သို့ရာတွင် အကယ်၍ လိုင်စင်ရ ရောင်းချသူတစ်ဦးသည် အထွေထွေ သယ်ယူပို့ဆောင်သူကို အသုံးပြုခြင်း မပြုပါဘဲ ယင်းအတွက် အခွန် ပေးဆောင်ပြီးဖြစ်သည့် နိုင်ငံခြားအရက်ကို သတ်မှတ် ဖော်ပြထားသည့် အရေအတွက်ထက် ပို၍ အခြားသူတစ်ဦးဦးကို လွှဲအပ်ခြင်း ဖြစ်ပါက သယ်ယူပို့ဆောင်ခွင့်လက်မှတ် လိုအပ်ပါသည်။ ပုဂ္ဂလိက တစ်ဦး*

mgyoe.com

mgyoe.com
SAMPLE BOOK

ချင်းတို့နှင့် အသင်းအဖွဲ့များက ဥပဒေအရ ကန့်သတ်ထားသည့် အရေအတွက်ထက်ပို၍ နိုင်ငံခြားအရက်ကို သယ်ဆောင်လိုပါက လည်း ဤနည်းဥပဒေအရ သတ်မှတ်ထားသည့် သယ်ယူခွင့် လက်မှတ်အရသာ ဆောင်ရွက်ရမည် ဖြစ်သည်။'

ဆိုလိုသည်မှာ အက်ဥပဒေ ပုဒ်မ ၁၆ နှင့် အခွန်တော်ဌာန၏ ၁၉၁၇ ခုနှစ် စက်တင်ဘာလ ၁၇ ရက်နေ့က ထုတ်ပြန်ခဲ့သော အမိန့်ကြော်ငြာစာအရ ဖော်ပြထား သည့် ကန့်သတ်ချက် အရေအတွက်ထက် ပို၍ သယ်ယူပို့ဆောင်မှု ပြုလိုပါက အများ ပြည်သူသုံး သယ်ယူပို့ဆောင်ရေးမှအပ ကျန်သည်တို့နှင့် သယ်ယူမှု ရှိပါက ခွင့်ပြု လက်မှတ် (Pass) မရှိလျှင် သယ်ယူခွင့် မရှိခြင်းပင် ဖြစ်ပါသည်။ ယင်း၏ နည်းဥပဒေ ခွဲ (၂) နှင့် (၃) တွင် အောက်ပါအတိုင်း ဆက်လက် ပြဋ္ဌာန်းထားပါသည်-

'(၂) သာမန်အားဖြင့် ဝယ်ယူထားသည့် အရက်များအတွက် ခရိုင် ယစ်မျိုး ဝန်ထောက်က သယ်ယူခွင့်လက်မှတ်ကို ထုတ်ပေးမည် ဖြစ်သည်။ သယ်ယူ ခွင့်လက်မှတ်အတွက် လျှောက်ထားသူများသည် လျှောက်လွှာများကို ခရိုင်ရှိ ယစ်မျိုးအရာရှိ၏ သဘောထားမှတ်ချက်ဖြင့် ယင်းတို့ ဝယ်ယူရန် ရည်ရွယ် သည့် ခရိုင်၏ ခရိုင်ယစ်မျိုးဝန်ထောက်ထံ တင်ပြရမည် ဖြစ်သည်။ ယင်း ခရိုင်မှ ယစ်မျိုးဝန်ထောက်က လိုအပ်သည် ထင်မြင်သည်တို့ကို စိစစ်မေး မြန်းပြီး ခွင့်ပြုလက်မှတ်ကို ထုတ်ပေးမည် ဖြစ်သည်။ ယင်းအနေဖြင့် မိမိ ထုတ်ပေးသည့် ခွင့်ပြုလက်မှတ်၏ မိတ္တူကို သယ်ယူ ရောက်ရှိမည့် ခရိုင်၏ ယစ်မျိုးဝန်ထောက်ထံသို့ နှောင့်နှေးမှု မရှိ အမြန် ပေးပို့ရမည်။ ထုတ်ပေး သည့် သယ်ယူခွင့်လက်မှတ်သည် လတ်တလော ဝယ်ယူသည့် ကိစ္စအတွက် သာ ထုတ်ပေးခြင်း ဖြစ်သည်။ အဆိုပါ လက်မှတ်သည် ပေးပို့ရာ အရပ်မှ တာဝန်ရှိ ယစ်မျိုးအရာရှိက ပေးပို့ခြင်းအား ရောက်ရှိလာသည့်အခါ စစ် ဆေးပြီးသည့် အချိန်တွင် ရုပ်သိမ်းပြီး ဖြစ်စေရမည်။

(၃) သယ်ယူပို့ဆောင်ခွင့်လက်မှတ်ကို သတ်မှတ်ထားသောပုံစံဖြင့် ကော်လိတ် တော် အရာရှိ၊ ယစ်မျိုးဝန်ထောက်၊ နယ်ပိုင်ဝန်ထောက် သို့မဟုတ် မြို့ပိုင် တို့က အခကြေးငွေ မယူဘဲ ထုတ်ပေးမည် ဖြစ်သည်။ သို့ရာတွင် နယ်ပိုင် ဝန်ထောက် သို့မဟုတ် မြို့ပိုင်တစ်ဦးအနေဖြင့် ခရိုင်ခွဲ သို့မဟုတ် မြို့နယ်၏ ယစ်မျိုးအရာရှိ၏ ထောက်ခံချက် မပါဘဲ ထုတ်ပေးခြင်း မပြုရ။ ခရိုင်ရုံးစိုက်


mgyoe.com

mgyoe.com
SAMPLE BOOK

*ရာဒေသတွင် ကော်လိတ်တော် အရာရှိ သို့မဟုတ် ယစ်မျိုးဝန်ထောက်က လက်မှတ်ကို ထုတ်ပေးနိုင်သည်။'*

ကော်လိတ်တော်အရာရှိနှင့် ယစ်မျိုးဝန်ထောက်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်တို့ကို ယခုအခါ ခရိုင်အုပ်ချုပ်ရေးမှူးက လုပ်ပိုင်ခွင့် ရှိပါသည်။ ယင်းက ထုတ်ပေးသော လက်မှတ်ဖြင့်သာ ဥပဒေအရ ကန့်သတ်ထားသည့် အရေအတွက်ထက် ပိုမို သယ်ယူခွင့် ရှိပါသည်။

## ပုဒ်မ ၃၀ (က) ကို ခွဲခြမ်း စိတ်ဖြာကြည့်ခြင်း

ယစ်မျိုးအက်ဥပဒေ ပုဒ်မ ၃၀ နှင့် စပ်လျဉ်းသည့် ဥပဒေ၊ နည်းဥပဒေ၊ အမိန့်ကြော်ငြာစာ၊ လိုင်စင်စည်းကမ်းတို့ကို လိုရင်းအချက်များ အကျဉ်း ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။ ယင်းကို ပြန်လည် ဆက်စပ် တင်ပြရန်အချိန် ရောက်ရှိပြီ ဖြစ်ပါသည်။ ယစ်မျိုးအက်ဥပဒေ ပုဒ်မ ၃၀ ၏ ပြဋ္ဌာန်းချက်ကို ခွဲခြမ်း စိတ်ဖြာကြည့်ပါက အောက်ပါအတိုင်း အဓိက အင်္ဂါရပ် နှစ်ချက် တွေ့ရမည် ဖြစ်ပါသည်-

(က)ဆန့်ကျင်ခြင်း မပြုရမည့် အချက်များ-

(၁) အက်ဥပဒေ၊

(၂) နည်းဥပဒေ၊

(၃) အမိန့်ကြော်ငြာစာများ၊

(၄) လိုင်စင်နှင့် ခွင့်ပြုမိန့်ပါ စည်းကမ်းချက်များ၊

(ခ) အက်ဥပဒေ၊ နည်းဥပဒေ၊ အမိန့်ကြော်ငြာနှင့် စည်းကမ်းများကို ဆန့်ကျင်၍ မပြုလုပ်ရန် အချက်များ-

(၁) နိုင်ငံခြားသို့ တင်ပို့ခြင်း၊

(၂) နိုင်ငံတွင်းသို့ တင်သွင်းခြင်း၊

(၃) သယ်ယူ ပို့ဆောင်ခြင်း၊

(၄) ထုတ်လုပ်ခြင်း၊

(၅) စုဆောင်းထားခြင်း၊

(၆) လက်ဝယ်ထားခြင်း။

ယင်းအဓိကအချက် နှစ်ချက်အနက် အချက် (က) ပါ အချက်ခွဲ တစ်ရပ်ရပ်ကို ဆန့်ကျင်သွေဖည်၍ အချက် (ခ) ပါ ဆောင်ရွက်ချက် တစ်ရပ်ရပ်ကို ပြုသူ ဖြစ်ပါက


mgyoe.com

mgyoe.com
SAMPLE BOOK

မည်သူမဆိုဟု ဆိုသည်နှင့်အညီ လိုင်စင်ရသူဖြစ်စေ၊ လိုင်စင်မရှိသူဖြစ်စေ အရေးယူခံရမည်သာ ဖြစ်သည်။ လိုင်စင် ရသူပင် ဖြစ်သော်လည်း ဥပဒေ၊ နည်းဥပဒေများတွင် တားမြစ်ထားသည့်အချက်ကို ကျူးလွန်ခြင်း၊ အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်ထားသည့် ကန့်သတ်ချက်များကို ဖောက်ဖျက်ခြင်း၊ လိုင်စင်တွင် ခွင့်ပြုချက် ပေးမထားသည့် ကိစ္စရပ်များကို ဆောင်ရွက်ခြင်းတို့ ပြုလုပ်ပါက ဤပုဒ်မအရ အရေးယူရမည် အမှန်ပင် ဖြစ်ပါသည်။

ဤပုဒ်မ ပြဋ္ဌာန်းချက်အရ အရေးယူရန်မှာ ယစ်မျိုးဥပဒေလက်စွဲကို ကျေညက်ရန် လိုအပ်ပါသည်။ သာမန် ထန်းရည်၊ အရက်ပုန်း စသည့် ကိစ္စမျှအတွက် ပြဋ္ဌာန်းထားသည့် ပုဒ်မ မဟုတ်ဘဲ အက်ဥပဒေ တစ်ရပ်လုံးအတွက် ထိန်းသိမ်းပေးသည့် ပုဒ်မ တစ်ခု ဖြစ်ပါသည်။ တစ်နည်းဆိုရသော် ယစ်မျိုး အက်ဥပဒေ ပြဋ္ဌာန်းရေးအတွက် အခြေခံခဲ့သည့် ယစ်မျိုးမူဝါဒ အောင်မြင်ရေးကို ဦးတည်ထားသည်ကို သတိပြုကြစေလိုပါသည်။

## ပုဒ်မ ၃၇ ၏ အဓိကအချက်

ယစ်မျိုးအက်ဥပဒေ ပုဒ်မ ၃၀ (က) အရ အရေးယူ ဆောင်ရွက်ခြင်းအကြောင်းကို လိုရင်းအချက်များအား တင်ပြပြီးနောက် ပုဒ်မ ၃၇ နှင့် စပ်လျဉ်း၍ ဆက်လက်တင်ပြမည် ဖြစ်ပါသည်။ ယင်းပုဒ်မအတွက် အဓိကကျသည့် အချက်မှာ အခွန်အကောက်ပင် ဖြစ်ပါသည်။ ပုဒ်မ ၃၀ (က) ပါ ဥပဒေ ပြဋ္ဌာန်းချက်၊ နည်းဥပဒေ ပြဋ္ဌာန်းချက်၊ အမိန့်ကြော်ငြာစာဖြင့် ကန့်သတ်ခြင်း ပြုထားသည့် အရေးအတွက်၊ လိုင်စင်စည်းကမ်းဖြင့် သတ်မှတ်ထားချက်တို့နှင့် အကျုံးဝင်စေကာမူ သတ်မှတ်သည့် အခွန်အကောက် ပေးဆောင်ထားခြင်း မရှိပါက ယင်းအက်ဥပဒေ ပုဒ်မနှင့် သက်ဆိုင်သွားမည် ဖြစ်ပါသည်။

ယစ်မျိုးအက်ဥပဒေ၏ ပုဒ်မ ၅ ပါ အောက်ပါ ပြဋ္ဌာန်းချက်ကို သတိပြုရန် လိုအပ်ပါသည်-

*'၅။ (၁) နိုင်ငံတော် သမ္မတသည် သတ်မှတ်ထားသည့် စည်းကမ်းချက်များကို အထောက်အထားပြု၍ အမိန့်ကြော်ငြာစာတစ်ရပ် ထုတ်ပြန်ပြီး မည်သူအားမဆို၊ မည်သည့်ယစ်မျိုးသက်ဝင်ရာပစ္စည်းကိုမဆို ဤအက်ဥပဒေ ပြဋ္ဌာန်းချက်များမှ ကင်းလွတ်ခွင့် ပေးပိုင်ခွင့် ရှိသည်။*


mgyoe.com

mgyoe.com

SAMPLE BOOK

*(၂) ဤအက်ဥပဒေပါ မည်သည့် ပြဋ္ဌာန်းချက်အတွက်မဆို ဇယားတွင် သတ်မှတ် ပြဋ္ဌာန်း ပါရှိသည့်အတိုင်းမှအပ ပင်လယ်ရေကြောင်း အကောက်ခွန် အက်ဥပဒေ၊ တပ်မြို့ အက်ဥပဒေ၊ အကောက်တော်နှုန်းများ အက်ဥပဒေပါ ပြဋ္ဌာန်းချက်များသို့ ဆန့်ကျင် သက်ရောက်စေခြင်း မရှိစေရ။'*

ဤပုဒ်မ ပြဋ္ဌာန်းချက်တွင် ပုဒ်မခွဲ (၂) ကို အလေးဂရုပြုရန် လိုအပ်ပါသည်။ ယစ်မျိုး အက်ဥပဒေအရ အခွန်၊ အခများ ပေးဆောင်သည် မှန်သော်လည်း ပင်လယ်ရေကြောင်း အကောက်ခွန် အက်ဥပဒေ၊ တပ်မြို့ အက်ဥပဒေ၊ အကောက်တော်နှုန်းများအက်ဥပဒေတို့နှင့် ကင်းလွတ်ခွင့် မရှိသည်ကို သတိပြုရန် လိုအပ်ပါသည်။ အထူးသဖြင့် The Sea Customs Act (ပင်လယ်ရေကြောင်း အကောက်ခွန် အက်ဥပဒေ)၊ The Land Customs Act (ကုန်းတွင်း အကောက်ခွန် အက်ဥပဒေ)၊ The Burma Tariff Act (အကောက်တော်နှုန်း ဥပဒေ) များအရ ပြည်တွင်းသို့ တင်သွင်းသည့် ယစ်မျိုးသက်ဝင်ပစ္စည်းကို လက်ဝယ် ရှိပါက ဥပဒေအရ ဖြေရှင်းရန် တာဝန် ကျရောက်လာမည် ဖြစ်ပါသည်။

ထိုနည်းတူစွာ ယင်းအချက်နှင့် စပ်လျဉ်း၍ ပြည်ပမှ တင်သွင်းခြင်း၊ ပြည်ပသို့ တင်ပို့ခြင်း၊ သယ်ဆောင်ခြင်းတို့နှင့် စပ်လျဉ်း၍ ပုဒ်မ ၇ ပါ အောက်ပါ ပြဋ္ဌာန်းချက်ကလည်း ထပ်ဆင့် အလေးပေးထားပါသည်-

*'၇။ မည်သည့်ယစ်မျိုးသက်ဝင်ရာပစ္စည်းကိုမဆို အောက်ပါ အကြောင်းအချက်များအရမှအပ တင်သွင်းခြင်း၊ တင်ပို့ခြင်း၊ သယ်ဆောင်ခြင်း ပြုပိုင်ခွင့်မရှိစေရ-*

*(က) သတ်မှတ်သည့် အကောက်ခွန် သို့မဟုတ် ယစ်မျိုးအကောက် အရပ်ရပ်ကို ပေးဆောင်ပြီးခြင်း သို့မဟုတ် ပေးဆောင်ရန်အလို့ငှာ ကတိခံဝန်ချုပ် ချုပ်ဆိုပြီးခြင်း၊ နှင့်*

*(ခ) နိုင်ငံတော်သမ္မတက ချမှတ်ထားရှိသည့် စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ပြီးခြင်း။'*

ယင်းပုဒ်မ ပြဋ္ဌာန်းချက်သည် အက်ဥပဒေပုဒ်မ ၃၇ အတွက် အဓိက ပြဋ္ဌာန်းချက်တစ်ခုအဖြစ် မှတ်ယူရမည် ဖြစ်ပါသည်။ ထိုနည်းအတူ လိုင်စင်ရ အရက်ချက်စက်ရုံမှ


mgyoe.com

mgyoe.com SAMPLE BOOK

လိုင်စင်ရ အရောင်းဆိုင်များသို့ ခွင့်ပြုလက်မှတ်ဖြင့် ပို့ဆောင်သည် ဖြစ်စေကာမူ အောက်ပါ ပုဒ်မ၏ ပြဋ္ဌာန်းချက်ကိုလည်း ဂရုပြုရမည် ဖြစ်ပါသည်-

> *'၁၅။ နိုင်ငံတော် သမ္မတ၏ ခွင့်ပြုမိန့် မရရှိဘဲ ပုဒ်မ ၂၄ အရ ထိုက်သင့်သည့် အခွန် (ရှိပါက) ထမ်းဆောင်ပြီးခြင်း မရှိပါက သို့မဟုတ် ထိုသို့ ပေးဆောင်ပါမည်ဟု ကတိဝန်ခံချက် ချုပ်ဆိုပြီး မဟုတ်ပါက ဤအက်ဥပဒေအရ တည်ထောင်ထားသည့် သို့မဟုတ် လိုင်စင် ထုတ်ပေးထားသည့် ဆိုင်၊ အရက်ချက် စက်ရုံ၊ ဘီယာချက်စက်ရုံ၊ ကုန်လှောင်ရုံ သို့မဟုတ် ထားသိုရာနေရာမှ မည်သည့်ယစ်မျိုးသက်ဝင်ရာပစ္စည်းကိုမဆို ရွှေ့ပြောင်း သယ်ယူခွင့် မရှိစေရ။'*

ယင်းသို့ အခွန် ပေးဆောင်ပြီးခြင်းအတွက် လေ့လာပါက ယစ်မျိုးအမိန့်ကြော်ငြာစာများတွင် လေ့လာရပါမည်။

ယစ်မျိုး အက်ဥပဒေအရ ထုတ်ပြန်ထားသည့် အမိန့်ကြော်ငြာစာများအနက် ၁၉၁၇ ခုနှစ် စက်တင်ဘာလ ၁၈ ရက်စွဲပါ ဘဏ္ဍာရေးဌာန၏ အမိန့်ကြော်ငြာစာ အမှတ် (၇၈) ဖြင့် ယစ်မျိုးသက်ဝင်ပစ္စည်းများအပေါ် အကောက် (Duty) ကောက်ခံရန် ပစ္စည်းအမျိုးအစားအလိုက် ခွဲခြား သတ်မှတ် ကြေညာခဲ့ပါသည်။ ထို့ပြင် ၁၉၃၄ ခုနှစ် မတ်လ ၁၀ ရက်စွဲပါ ယစ်မျိုးဌာန (သစ်တောဝန်ကြီးဌာန) ၏ အမိန့်ကြော်ငြာစာ အမှတ် (၁၂) ဖြင့် ဆိုင်များတွင် ရောင်းချရန် ဖြန့်ဖြူးသည့် ပြည်တွင်းဖြစ်အရက်အပေါ် စည်းကြပ်ရန် အကောက် (Duty) ကိုလည်း တိုင်းနှင့်ပြည်နယ်များရှိ မြို့နယ်ဒေသများအလိုက် သတ်မှတ် ကြေညာထားခဲ့ပါသည်။

သို့ရာတွင် ယခုအခါ ထိုသို့ ယစ်မျိုးသက်ဝင်ပစ္စည်းများ ထုတ်လုပ်ရောင်းချမှုအတွက် ကုန်သွယ်လုပ်ငန်းခွန် ဥပဒေနှင့် အရေးကြီးကုန်စည် ဥပဒေတို့အရသာ စည်းကြပ် ကောက်ခံလျက် ရှိပြီး အထက်ပါ အမိန့်ကြော်ငြာစာများအရ အကောက် (Duty) ကောက်ခံမှု မလုပ်တော့ပါ။ မည်သို့ပင်ဆိုစေ ယစ်မျိုးသက်ဝင်ပစ္စည်းများနှင့် ပတ်သက်ပါမူ ယစ်မျိုးအက်ဥပဒေအရသာမက အခြား တည်ဆဲဥပဒေများအရလည်း စည်းကြပ် ကောက်ခံမှုပြုသည်ကို သတိပြုရပါမည်။

## ပုဒ်မ ၃၇ ၏ အဓိကအချက်

ဤတွင် ယစ်မျိုးအက်ဥပဒေ ပုဒ်မ ၃၇ ပါ ပြဋ္ဌာန်း သတ်မှတ်ချက်ကို ပြန်လည်စိစစ်ရပါမည်။ ယင်းပြဋ္ဌာန်းချက်တွင် ယစ်မျိုးသက်ဝင်ပစ္စည်းတစ်ရပ်ရပ်ကို လက်ဝယ်ထား


mgyoe.com

mgyoe.com

ရှိခြင်းအတွက် ပြစ်မှုမြောက်ရန် အောက်ပါအဓိက အင်္ဂါရပ် ၃ ရပ်ကို ခွဲခြား တွေ့မြင်ရပါမည်-

(က) ပြုလုပ်သည့် ဆောင်ရွက်ချက်-
(၁) ပြည်တွင်းသို့ တင်သွင်းခြင်း၊
(၂) သယ်ယူပို့ဆောင်ခြင်း၊
(၃) ချက်လုပ်ခြင်း၊
(၄) စိုက်ပျိုးခြင်း၊
(၅) စုဆောင်းခြင်း၊
(ခ) သတ်မှတ်သည့် အခွန်အကောက် ပေးဆောင်ခြင်း မပြုရသေးခြင်း၊
(ဂ) ဖြစ်ပေါ်ရခြင်း-
(၁) သိလျက်နှင့်ဖြစ်စေ၊
(၂) ယုံကြည်ရန် အကြောင်းရှိလျက်ဖြစ်စေ။

ဤသို့ ခွဲခြမ်းစိတ်ဖြာ လေ့လာချက်အရ ယစ်မျိုးသက်ဝင်ပစ္စည်းတစ်ရပ်ရပ်ကို လက်ဝယ် တွေ့ရှိချိန်တွင် ပထမအင်္ဂါရပ်ပါ ပြုလုပ်မှု တစ်ရပ်ရပ်ကို ပြုလုပ်မှု ဖြစ်ခြင်း၊ အဆိုပါပစ္စည်းသည် အခွန်အကောက် ပေးဆောင်မှု မပြုရသေးခြင်း၊ ထိုသို့ မပေးဆောင်ရသေးခြင်းကို သိလျက်နှင့် လက်ဝယ်ထားခြင်း သို့မဟုတ် မပေးဆောင်ရသေးကြောင်း ယုံကြည်ရန် အကြောင်းရှိလျက် လက်ဝယ် ထားပါက အရေအတွက် အခြင်အတွယ် မည်မျှပင်ဖြစ်စေ ပြစ်မှု ကျူးလွန်ရာရောက်သည်ဟု သတ်မှတ်ရပါသည်။ ယစ်မျိုးသက်ဝင်ပစ္စည်း၏ အရေအတွက် ပမာဏ အခြင်အတွယ်က အဓိက အချက် မဟုတ်ဘဲ အခွန်အကောက် ပေးဆောင်မှု မပြုရသေးခြင်းက အဓိကအချက် ဖြစ်ပါသည်။ ပုဒ်မ ၃၀ (က) ကဲ့သို့ ယစ်မျိုးအက်ဥပဒေ၊ နည်းဥပဒေ၊ အမိန့်ကြော်ငြာစာ၊ လိုင်စင် စည်းကမ်း သတ်မှတ်ချက်များကို ဖောက်ဖျက်ခြင်းအတွက် ကျယ်ပြန့်စွာ ပြဋ္ဌာန်း သတ်မှတ်ထားသည်ကို ပုဒ်မ ၃၇ တွင် မတွေ့ရဘဲ အခွန်အခ ပေးဆောင်ခြင်း ကိစ္စရပ်အတွက် ပြဋ္ဌာန်းချက် သက်သက် ဖြစ်ပါသည်။

ယင်းပုဒ်မ ပြဋ္ဌာန်းချက်နှစ်ရပ် ကွာခြားချက်အတွက် 1940 Rangoon Law Reports ၏ စာမျက်နှာ (၂၁၉) ပါ The King v. Mi Nge So စီရင်ထုံးတွင်လည်း ဖွင့်ဆိုပြထားပါသည်။ ယင်းစီရင်ထုံးတွင် အဓိက ဖော်ပြချက်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

mgyoe.com

mgyoe.com


'Excisable article — Possession of larger quantity than allowed by law- Proof of possession required — No presumption against accused- Proof of knowledge or belief of accused- Summons case- Nature of complaint of summons- Conviction for any offence trial as summons offence- Evuidence Act, s. 114- Burma Excise Act, ss 30(a), 37, 44.'

ဤစီရင်ထုံးတွင် ပုဒ်မ နှစ်ခု၏ ကွဲပြားမှု သဘောကို ဖွင့်ဆိုချက်မှာ အသိပညာ အထူး တိုးပွားစေပါသည်။ ယင်းကို သီးခြား တင်ပြရန် စီစဉ်ထားပါသည်။

**အက်ဥပဒေ ပုဒ်မ ၄၄**

ယစ်မျိုးအက်ဥပဒေ ပုဒ်မများအရ အရေးယူခြင်းနှင့် ဆက်စပ်လေ့လာရမည့် အချက်မှာ ယင်းအက်ဥပဒေ ပုဒ်မ ၄၄ ပင် ဖြစ်ပါသည်။ ယစ်မျိုး အက်ဥပဒေ ပုဒ်မ ၄၄ တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားပါသည်-

*'၄၄။ ပုဒ်မ ၃၀၊ ပုဒ်မ ၃၁၊ ပုဒ်မ ၃၃၊ ပုဒ်မ ၃၇ သို့မဟုတ် ပုဒ်မ ၃၈ တစ်ရပ်ရပ် အရ စွဲဆိုသည့်အမှုများတွင် အခြားနည်း ထင်ရှား မဖြစ်မီအတွင်း စွပ်စွဲခံရသူသည် မည်သည့်အတွက် လက်ရှိ ဖြစ်သည်ကို လက်ခံ ကျေနပ်ဖွယ်ရာ သက်သေထင်ရှား မပြနိုင်ပါက-*

*(က) ယစ်မျိုး သက်ဝင်ရာ ပစ္စည်း တစ်စုံတစ်ရာနှင့်သော်လည်းကောင်း၊ မည်သည့်ယစ်မျိုးသက်ဝင်ရာပစ္စည်းကိုမဆို ချက်လုပ်ရန် ကိရိယာ ပစ္စည်း တစ်စုံတစ်ရာနှင့်သော်လည်းကောင်း၊ သို့မဟုတ်*

*(ခ) ယစ်မျိုးသက်ဝင်ပစ္စည်း ချက်လုပ်ရန် တစ်စုံတစ်ရာ ဆောင်ရွက် ပြုပြင်ပြီး ဖြစ်သည့် သို့မဟုတ် ယစ်မျိုးသက်ဝင်ပစ္စည်း ချက်လုပ်ရာ ဖြစ်သည့် ကိရိယာပစ္စည်း တစ်စုံတစ်ရာနှင့်သော်လည်းကောင်း*

*စပ်လျဉ်း၍ စွဲဆိုသည့် ပုဒ်မအရ ပြစ်မှု ကျူးလွန်ကြောင်း မှတ်ယူခွင့် ရသည်။'*

ယစ်မျိုးသက်ဝင်ပစ္စည်းတစ်ရပ်ကို လက်ဝယ်တွေ့ရှိရာမှ ယစ်မျိုးအက်ဥပဒေ ပုဒ်မ ၃၀ (က) အရဖြစ်စေ၊ ပုဒ်မ ၃၇ အရဖြစ်စေ သက်ဆိုင်လာသည့်အခါ တရားစွဲဆိုမှု မပြုမီ ထိုယစ်မျိုးသက်ဝင်ပစ္စည်းသည် မည်သည့်အတွက် မိမိလက်ဝယ်သို့ ရောက်ရှိနေခြင်း ဖြစ်ကြောင်း လက်ခံကျေနပ်ဖွယ်ရာ ငြင်းဆိုခြင်း ပြုနိုင်ပါသည်။ ထိုသို့ သက်သေ



mgyoe.com

mgyoe.com
SAMPLE BOOK

မပြနိုင်ပါက ပြစ်မှု ကျူးလွန်သည်ဟု မှတ်ယူကာ တရားစွဲဆိုမည် ဖြစ်သည်။ တစ်နည်းဆိုရသော် လက်ဝယ် တွေ့ရှိသည် ဆိုတိုင်း လက်ဝယ်တွေ့ရှိသူကို အရေးယူရန် မဟုတ်ပေ။ ပုဒ်မ ၄၄ အရ ဆန့်ကျင်ချေပခွင့် ပေးရမည် ဖြစ်ပါသည်။ လက်ခံကျေနပ်ဖွယ်ရာ သက်သေ မပြနိုင်မှသာ တရားစွဲဆိုခြင်း ပြုရမည် ဖြစ်ပါသည်။

## တရားရုံးများလက်စွဲ

ယစ်မျိုးအက်ဥပဒေအရ အရေးယူခြင်းနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံ တရားရုံးများ လက်စွဲတွင်လည်း အောက်ပါအတိုင်း ဖော်ပြထားသည်ကို တွေ့ရှိရမည် ဖြစ်ပါသည်-

*'ပုဒ်မ ၃၀ (က) နှင့် ၃၇ တို့ မည်သို့ ခြားနားခြင်း။*

*(၁) ယစ်မျိုးသက်ဝင်ရာဝတ္ထု အမျိုးမျိုးတို့ကို ၊ မည်ရွေ့မည်မျှ လူတစ်ဦးတစ်ယောက်က လက်ရှိ ထားနိုင်ခွင့် ရှိကြောင်းကို နောက်ထပ် ပြင်ဆင်ထားသည့် ၁၉၁၇ ခုနှစ် စက်တင်ဘာလ ၁၀ ရက် နေ့စွဲပါ ဘဏ္ဍာရေးဌာန အမိန့်ကြော်ငြာစာအမှတ် (၇၇) တွင် ပြဋ္ဌာန်း သတ်မှတ်ထားသည်။*

*(၂) တရားခံတစ်ဦးကို ထိုအမိန့်ကြော်ငြာစာတွင် ပြဋ္ဌာန်းသတ်မှတ်ထားသော အရေအတွက် အခြင်အတွယ်ထက် ပို၍ ယစ်မျိုးသက်ဝင်ရာဝတ္ထုတစ်ခုခု လက်ရှိထားကြောင်း စွပ်စွဲချက်ဖြင့် စစ်ဆေးစီရင်ရန် တင်ပို့လိုက်သော အခါ ယစ်မျိုး အက်ဥပဒေ ပုဒ်မ ၃၀ (က) နှင့် သက်ဆိုင်သည် ဖြစ်၍ ပြစ်မှု ကျူးလွန်ကြောင်း ထင်ရှားလျှင် ထိုပုဒ်မအရ ပြစ်မှုနှင့် တရားခံကို ပြစ်မှုထင်ရှား စီရင်ရမည်။*

*(၃) မြန်မာနိုင်ငံ ယစ်မျိုး အက်ဥပဒေ ပုဒ်မ ၃၇ သည် အထက် ဖော်ပြရာပါ အမိန့်ကြော်ငြာစာတွင် ပြဋ္ဌာန်း သတ်မှတ်ထားသည့် အကန့်အသတ်အတွင်း ယစ်မျိုးသက်ဝင်ရာဝတ္ထုကို လက်ရှိထားသည့် အမှုနှင့် သာ၍ သင့်လျော်စွာ သက်ဆိုင်သည်။ ထို့ပြင် ထိုပုဒ်မအရ ပြစ်မှုထင်ရှား စီရင်ခြင်း ပြုနိုင်ရန်အလို့ငှာ ထိုယစ်မျိုးသက်ဝင်ရာ ဝတ္ထုကို ဥပဒေနှင့် ဆန့်ကျင်လျက် သွင်းယူ၊ ဆောင်ယူ၊ ချက်လုပ်၊ စိုက်ပျိုး သို့တည်းမဟုတ် စုဆောင်းကြောင်းကိုသော်လည်းကောင်း၊ ထိုဝတ္ထုပေါ်တွင် သတ်မှတ်ထားသည့် အကောက်ခွန် မထမ်းဆောင်ရသေးကြောင်းကို သော်လည်းကောင်း တရားခံက သိရှိကြောင်း သို့တည်းမဟုတ် ယုံကြည်*


mgyoe.com

mgyoe.com
SAMPLE BOOK

*ရန် အကြောင်းရှိကြောင်းကို တရားလိုဘက်မှ သက်သေ ထင်ရှားပြရန် လိုသည်။ (ယစ်မျိုးအက်ဥပဒေ ပုဒ်မ ၄၄ ကို ကြည့်။) ရာဇဝတ်ကျင့်ထုံး ဥပဒေ ပုဒ်မ ၂၄၂ အရ ပြစ်မှုအကြောင်းအရာတို့ကို တရားခံသို့ ဖော်ပြရာ၌ ထိုပုဒ်မအရ လိုအပ်သည့်အတိုင်း ထိုသို့ သိရှိကြောင်း သို့တည်း မဟုတ် ယုံကြည်ကြောင်းကို အကြောင်းအရာ ဖော်ပြချက်တွင် ထည့်သွင်းဖော်ပြရမည်။ ထိုသို့ မပြုလုပ်လျှင် ဤပုဒ်မအရ ပြစ်မှုထင်ရှား စီရင်ခြင်းကို မပြုနိုင်ချေ။'*

အလွန် လိုက်နာသင့်သော ညွှန်ကြားချက်ပင် ဖြစ်ပါသည်။

## တရားစွဲဆိုခြင်း

ယစ်မျိုးအက်ဥပဒေ ပုဒ်မ ၃၀ (က) နှင့် ၃၇ တို့နှင့် စပ်လျဉ်း၍ မိမိ သင်ယူမှတ်သားခဲ့ရချက်များကို တင်ပြပြီးနောက် တရားစွဲတင်မှုအပိုင်းကို တင်ပြလိုပါသည်။ ယစ်မျိုးအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ မထွက်ပေါ်မီက ယင်းပြစ်မှု နှစ်ရပ်လုံးအတွက် ပြစ်ဒဏ် သတ်မှတ်ချက်မှာ ၆ လအထိ ထောင်ဒဏ် သို့မဟုတ် ကျပ်တစ်ထောင်အထိ ငွေဒဏ် သို့မဟုတ် နှစ်ရပ်လုံးဟု သတ်မှတ်ခဲ့သည့်အတွက် ရဲစခန်းများကလည်း ရာဇဝတ် အသေးအဖွဲ့အမှုဟု သတ်မှတ်ကာ နှစ်စကာလ ပထမ သတင်းပေးတိုင်ချက် (F.I.R) တွင် မြို့နယ်နှင့် စခန်းနယ်မြေတွင် အမှုကြီးများ မပေါ်ပေါက်ရေး ယူဆချက်ဖြင့် ယစ်မျိုးမှုကို အမှတ်စဉ် (၁) အဖြစ် တပ်ကာ ရေးဖွင့်ခဲ့ကြသည့် အစဉ်အလာ ရှိခဲ့ပါသည်။ တရားစွဲဆိုခံရသူများကလည်း ဒဏ်ငွေမျှဖြင့် ပြီးပြတ်၍ ကိစ္စကြီးငယ် မပေါ်ပေါက်ခဲ့ကြပါ။

သို့ရာတွင် အက်ဥပဒေ ပြင်ဆင်သည့်အခါ ပြစ်ဒဏ် သတ်မှတ်ချက်သည် အလွန်မြင့်မားသွားပါသည်။ ပုဒ်မ ၃၀ (က) အတွက် ထောင်ဒဏ် အနည်းဆုံး ၆ လမှ အများဆုံး ၂ နှစ်အထိဖြစ်စေ၊ အနည်းဆုံး ကျပ် ၁၀ သိန်းမှ သိန်း ၂၀ အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ စီရင်ခြင်း ခံရမည် ဖြစ်ပြီး ပုဒ်မ ၃၇ အတွက်မူ ထောင်ဒဏ် အနည်းဆုံး ၃ လမှ အများဆုံး ၆ လအထိဖြစ်စေ၊ ငွေဒဏ် အနည်းဆုံး ကျပ် ၁ သိန်းမှ အများဆုံး ကျပ် ၂ သိန်းအထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ စီရင်ခြင်း ခံရမည် ဖြစ်သွားပါသည်။ ဤတွင် စီရင်ခွင့်ရ တရားရုံးနှင့် ပုဒ်မ သတ်မှတ်ခြင်းတွင် အငြင်းပွားဖွယ်များ ပေါ်လာပါတော့သည်။


mgyoe.com

mgyoe.com
SAMPLE BOOK

လက်ရှိ မြို့နယ်တရားရုံးမှ တရားသူကြီးများအား ရာဇဝတ် စီရင်ခွင့်အာဏာ အပ်နှင်းထားမှုမှာ အောက်ပါအတိုင်း ဖြစ်ကြောင်း လေ့လာသိရှိရပါသည်-

'(၁) မြို့နယ်တရားသူကြီးနှင့် တွဲဖက်မြို့နယ်တရားသူကြီး- ထောင်ဒဏ် ၇ နှစ် နှင့် ငွေဒဏ် အကန့်အသတ် မရှိ၊

(၂) ပထမတန်း ရာဇဝတ် တရားသူကြီး - ထောင်ဒဏ် ၃ နှစ်နှင့် ငွေဒဏ် ၁ သိန်း၊

(၃) ဒုတိယတန်း ရာဇဝတ် တရားသူကြီး - ထောင်ဒဏ် ၁ နှစ်နှင့် ငွေဒဏ် ၅ သောင်း၊

(၄) တတိယတန်း ရာဇဝတ် တရားသူကြီး- ထောင်ဒဏ် ၃ လနှင့် ငွေဒဏ် ၃ သောင်း။'

ဤတွင် ယခုပြင်ဆင်ထားသည့် ပြစ်ဒဏ်သတ်မှတ်ချက်အရ မြို့နယ်တရားရုံးမှ တရားသူကြီးတို့၏ စီရင်ပိုင်ခွင့် ကန့်သတ်ချက်အရ ဒုတိယမြို့နယ်တရားသူကြီးများ၏ ရုံးတွင် စွဲတင်ရန် အခက်အခဲ တွေ့လာရပါသည်။ အထူးသဖြင့် ယင်းပုဒ်မ နှစ်ရပ်လုံး တွင် အနည်းဆုံး ငွေဒဏ် သတ်မှတ်ချက်မှာ ၁၀ သိန်းနှင့် ၁ သိန်း ဖြစ်နေသည်ကို သတိပြုမိကြပါမည်။

ယင်းသို့ ပြစ်ဒဏ် သတ်မှတ်ချက် ကွာခြားနေမှု၏ နောက်ဆက်တွဲ ပေါ်ပေါက်လာ ချက်သည်ကား ပုဒ်မ ၃၀ (က) အရ စွဲတင် အပြစ်ပေးရမည့် မှုခင်းများကို ပုဒ်မ ၃၇ ဖြင့် စွဲတင် အပြစ်ဒဏ် ချမှတ်လာကြခြင်းပင် ဖြစ်ပါသည်။ သာမန် အရပ်သား ဆင်းရဲသူ လက်လုပ်လက်စားတစ်ဦး စားဝတ်နေရေးအတွက် အရက်ပုန်း ရောင်းချ သည်ကို ယစ်မျိုးဥပဒေအရ ဖမ်းဆီး အရေးယူသည့်အခါ ပုဒ်မ ၃၀ (က) ဖြင့် စွဲ တင် အရေးယူလိုက်ပါက အနည်းဆုံး ချမှတ်ရမည့် ပြစ်ဒဏ်မှာ ထောင်ဒဏ် ၆ လ သို့မဟုတ် ငွေဒဏ် ၁၀ သိန်း ဖြစ်နေပါသည်။ ယင်းတွင် တရားစွဲဆို အရေးယူရာ၌ မရှိဆင်းရဲသားတစ်ဦးအတွက် အလွန် ကြီးမားသော ပြစ်ဒဏ် ဖြစ်နေရာ လူသားချင်း စာနာမှုဖြင့် ပုဒ်မ ၃၇ ဖြင့်သာ စွဲဆို အရေးယူကာ အနည်းဆုံး ပြစ်ဒဏ် ဖြစ်သည့် ထောင်ဒဏ် ၃ လ သို့မဟုတ် ငွေဒဏ် ၁ သိန်း ကျခံစေသည့် ပြစ်ဒဏ်အဖြစ်သာ ချမှတ်နေခြင်းပင် ဖြစ်ပါသည်။ မရှိဆင်းရဲသားတို့အပေါ် လူသားချင်းစာနာ ထောက် ထားမှုအရ ဆောင်ရွက်ချက် ဖြစ်သော်လည်း တည်ဆဲဥပဒေကို ယိမ်းယိုင်သွားစေ သည် ဖြစ်သဖြင့် သတိပြုရန် လိုအပ်ပါသည်။ တရားရုံးများလက်စွဲတွင်လည်း ရှင်း လင်းစွာ ဖော်ပြထားပြီး ဖြစ်ပါသည်။


mgyoe.com

mgyoe.com
SAMPLE BOOK

နိဂုံး

မည်သို့ပင်ဆိုစေ မူလက ပုဒ်မ နှစ်ရပ်လုံးအတွက် ၆ လအထိ ထောင်ဒဏ် သို့မဟုတ် ကျပ်တစ်ထောင်အထိ ငွေဒဏ်၊ သို့မဟုတ် နှစ်ရပ်လုံးဟု သတ်မှတ်ခဲ့စဉ်က ဤသို့ အငြင်းပွားဖွယ် မပေါ်ပေါက်ခဲ့သော်လည်း ယခု ဥပဒေ ပြင်ဆင်ချက် ထွက်လာသည့် နောက်ပိုင်း ပြစ်ဒဏ် သတ်မှတ်ချက် လွန်စွာ မြင့်သွားခြင်းနှင့် ပြစ်ဒဏ် များစွာ ကွာဟလွန်းခြင်းကြောင့် ဤသို့ ဖြစ်ပွားရသည်ဟု ရင်းမြစ်ကို သုံးသပ်မိပါသည်။ ထို့အတွက် ပြည်သူတို့အတွက် ဥပဒေများကို လေ့လာသုံးသပ်ကာ ပြင်ဆင် ပြဋ္ဌာန်းခြင်းများ ပြုလုပ်နေသည့် လွှတ်တော်ကိုယ်စားလှယ်ကြီးများက သုံးသပ် ပြင်ဆင်ပေးနိုင်မည် ဆိုပါက အတိုင်းထက်အလွန်ပင် ဖြစ်ပေလိမ့်မည်။


mgyoe.com

mgyoe.com SAMPLE BOOK

# နိုင်ငံခြားသား အမည်ပေါက်မြေကို အမွေဆက်ခံခွင့်

မြို့ သို့မဟုတ် ကျေးရွာ တစ်စုံတစ်ရာ၏ နယ်နိမိတ်ကို တိုးချဲ့ရာတွင် ယင်းကဲ့သို့ တိုးချဲ့မှု မပြုမီ တည်ဆဲဥပဒေ တစ်စုံတစ်ရာအရ ဤသို့ တိုးချဲ့သည့် နယ်နိမိတ်အတွင်း ပါဝင်သည့် မြေကို လက်ရှိဖြစ်သူ တစ်စုံတစ်ဦး ရရှိသည့် အခွင့်အရေးများအား ထိပါး သက်ရောက်ခြင်း မရှိစေရ။

mgyoe.com